www.burmeseclassic.com



www.burmeseclassic.com



# မယ်မင်းဘို

## နဖူးမှာရေးဖို့ မေ့တဲ့စာ

BURMESE CLASSIC .com

ဆယ်အုပ်မြောက်အမှတ်တရ

စီစဥ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကပေါ့ ...။

အဲဒီခေတ်ကာလမှာ ထူးဆန်းတဲ့ လူကြီးတစ်ယောက် ရှိခဲ့တယ်တဲ့။

အဲဒီလူကြီးက ထူးထူးခြားခြားတွေ ဖန်တီးနိုင်တဲ့ စွမ်းအားရှိတာကြောင့် အဲဒီမှာ နေထိုင်ကြတဲ့ လူတွေအားလုံးက သူ့ကို ယုံကြည်အားကိုးကြသတဲ့။

အဲဒီလိုနဲ့ ... တစ်နေ့။

အဲဒီခေတ်ကာလရဲ့ အရှင်းရခက်ဆုံး ပြဿနာတစ်ရပ် ပေါ်ပေါက်လာခဲ့ပါတယ်။

အဲဒီပြဿနာကတော့ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဖူးစာမပါတဲ့ ချစ်သူတွေ
တစ်သက်လုံး မခွဲမခွာပေါင်းဖက်နိုင်ဖို့
မဖြစ်ဖြစ်အောင် ဖန်တီးရမည်။

... ဆိုတာပဲ ဖြစ်သည်။

အဲဒီခေတ်ရဲ့ အာဏာအရှိဆုံးသော ခေါင်းဆောင်ရဲ့ အမိန့်ကြေညာစာကြောင့် အဲဒီတုန်းက လူတွေဟာ အရမ်းကို အံ့အားသင့်ကုန်ကြရဲ့။

အဲဒီခေတ်ကာလက အဲဒီလူတွေဟာ "ဖူးစာ"ဆိုတာကို အလွန်တရာမှ ယုံကြည်သူတွေလည်း ဖြစ်သတဲ့။ သူတို့တွေဟာ "ဖူးစာ"ပါမှ လက်ထပ်ပေါင်းသင်းတဲ့ အယူအဆကို အရိုးစွဲအောင် ကျင့်သုံးလိုက်နာကြတာမို့ ဒီကြေညာစာဟာ သူတို့အတွက် အရမ်းကို ခက်ခဲတဲ့ကိစ္စ ဖြစ်နေခဲ့ပါတယ်။

သူတို့ခေါင်းဆောင်ရဲ့အမိန့်ကိုလည်း မလွန်ဆန်ရဲတဲ့ သူတို့အတွက် အဲဒီအခြင်းအရာဟာ အရမ်းကို သောကဖြစ်စေခဲ့တာပေါ့။ သူတို့ခေါင်းဆောင်ကိုလည်း သူတို့ဟာ လိမ်လို့မရနိုင်။





ဘာလို့လဲဆိုတော့ ...

အဲဒီခေတ်ကာလရဲ့ ချစ်သူစုံတွဲတိုင်းဟာ လက်ထပ်တော့မည်ဆိုတာနှင့် သူတို့ယုံကြည်ကိုးစားတဲ့ လူကြီးဖန်တီးထားတဲ့ "ဖူးစာဆုံမှတ်"စက်မှာ ဖူးစာပါ,မပါ စစ်ဆေးပြီး ဖူးစာပါတယ်ဆိုတဲ့ အဖြေထွက်မှ လက်ထပ်ခွင့်ရှိတာဖြစ်သည်။ ဖူးစာမပါဘူးဆိုတဲ့ အဖြေထွက်လျှင်တော့ ဘယ်လောက်ပဲချစ်ချစ် လက်ထပ်ခွင့်မရှိပါ။

အဲဒီအယူအဆဟာ အရိုးစွဲနေတာမို့ အဲဒီတုန်းကလူတွေဟာ ဖူးစာမပါရင် လက်ထပ်ဖို့ ဝန်လေးကြသတဲ့။

သူတို့ခေါင်းဆောင်ရဲ့အမိန့်ကိုလည်း မပယ်ရှားရဲတာကြောင့် အဲဒီတုန်းကလူတွေဟာ အဲဒီပြဿနာကို ဖြေရှင်းဖို့အတွက် သူတို့ယုံကြည်အားကိုးရာ လူကြီးဆီကိုပဲ သွားပြီးအကူအညီတောင်းကြတယ်တဲ့။

"အသင်တို့ ဘာမှစိတ်မပူကြပါနဲ့။ ကျွန်ုပ်ဟာ အသင်တို့အခက်အခဲတွေကို ကူညီဖြေရှင်းပေးမယ့်သူပါ။ သို့ပေမဲ့ ကျွန်ုပ်ကို အချိန်အနည်းငယ်တော့ စောင့်ဆိုင်းပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အရှင်။ ကျွန်ုပ်တို့ အရှင့်ကို အားကိုးပါတယ်"

"အဲဒါဆိုရင် ကျွန်ုပ်ကို ဒီဒေသရဲ့အနီးတစ်ဝိုက်က ချစ်သူစုံတွဲတွေကို ခေါ်လာပြီး 'ဖူးစာဆုံမှတ်' စက်မှာ စစ်ဆေးပါစေ၊ သူတို့ထဲက ဖူးစာမပါတဲ့စုံတွဲတွေကို ကျွန်ုပ်ဟာခေါင်းဆောင်ရဲ့ဆန္ဒအတိုင်း ပေါင်းဖက်ရအောင် ဖန်တီးပေးပါ့မယ်"

အဲဒီလိုနဲ့ ...။

သုံးရက်တိတိကြာပြီးသည့်နောက်မှာ ထူးဆန်းတဲ့ လူကြီးဟာ ဖူးစာမပါတဲ့စုံတွဲတွေကို တစ်စုတစ်ဝေးတည်းခေါ်စေပြီး တွေ့ဆုံလိုက်သတဲ့။

"ကျွန်ုပ်ဟာ သင်တို့ကို ပေါင်းဖက်ရအောင် ကူညီပေးမှာဖြစ်တယ်။ ကျွန်ုပ်ဖန်တီးခဲ့သမျှ အရာတွေတိုင်းဟာ လူသားတွေကို ကောင်းကျိုးပြုစေချင်တဲ့ စေတနာတွေနဲ့ပဲဖြစ်တယ် ...

အခုတစ်ကြိမ်လည်း ကျွန်ုပ်ဟာ ခေါင်းဆောင်ရဲ့ဆန္ဒကို ပြည့်ဝစေချင်တာရယ်၊ ပြီးတော့ ကျွန်ုပ်ကိုယ်တိုင်ကိုက ဖူးစာမပါဘူးဆိုတဲ့ စုံတွဲတွေကို ပေါင်းဖက်စေချင်တဲ့ဆန္ဒရှိလို့ ကျွန်ုပ်ဒီကိစ္စကို ကူညီတာဖြစ်တယ် ...





ကျွန်ုပ်ရဲ့ကူညီမှုဟာ အကျိုးသက်ရောက်မှု ရှိခဲ့တယ်ဆိုရင် ကျွန်ုပ်ဟာ ဒီလမ်းစဉ်ကို လူသားမျိုးတွေအတွက် အကျိုးရှိအောင် ဖြန့်ဝေမှာပဲဖြစ်တယ် ...

ဖူးစာမပါတဲ့ချစ်သူတွေ တစ်သက်လုံး မခွဲမခွာပေါင်းဖက်နိုင်ဖို့ ကျွန်ုပ် ဉာဏ်စွမ်းကိုယ်စွမ်းရှိသလောက် ဖန်တီးကူညီပါမည်"

အဲဒီလို သစ္စာစကားနဲ့အတူ လူကြီးဟာ တစ်စုံတစ်ရာကို ခပ်တိုးတိုးရေရွတ်ကာ ဖူးစာမပါတဲ့ ပထမဆုံးချစ်သူစုံတွဲကို သူ့ရှေ့မှောက်ခေါ်လိုက်ပြီးနောက်မှာ လူကြီးသည် စားပွဲခုံပေါ်က လုံးလုံးရှည်ရှည်နှင့် အဖျားတွင်ချွန်မြမြရှိသော အချောင်းတစ်ချောင်းကို မ,ယူလိုက်ကာ ချစ်သူစုံတွဲထဲမှာ အမျိုးသား၏နဖူးကိုလက်ညှိုးဖြင့် ပွတ်သပ်ပြီးနောက် ခုနကအချောင်းဖြင့် အမျိုးသား၏နဖူး၌ စာတချို့ ရေးသားပေးလိုက်လေသည်။ ထို့အတူ အမျိုးသမီးကိုလည်း ၎င်းအတိုင်း လုပ်ကိုင်ပေးလိုက်သည်။

အဲဒီနောက်မှာတော့ လူကြီးသည် ချစ်သူစုံတွဲရဲ့နဖူးတွေကို သူ၏လက်မဖြင့် တစ်ချက်စီဖိကပ်ပြီးသည့် နောက်တွင်တော့ အဲဒီချစ်သူစုံတွဲအား ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်၏ဖန်တီးမှုကား ပြီးဆုံးသွားချေပြီ။ သင်တို့စုံတွဲ 'ဖူးစာဆုံမှတ်'စက်၌ သွား၍စစ်ဆေးပါလေ"

ချစ်သူစုံတွဲနှစ်ယောက်သည် လူကြီးပြောသည့်အတိုင်း "ဖူးစာဆုံမှတ်"စက်မှာ သွား၍စစ်ဆေးကြရာ ထူးဆန်းအံ့ဩစွာပင် သူတို့နှစ်ယောက်၌ ဖူးစာကံပါရှိသွားလေသည်။ အဲဒီအချိန်မှစ၍ ထူးဆန်းသောလူကြီးရဲ့ စွမ်းပကားဟာ ပိုးလေးတကြော်ကြော်ဖြစ်ကာ ဂုဏ်သတင်းကျော်စေလေသည်။ လူကြီး၏ဖန်တီးထားသောအချောင်းဖြင့် နဖူးပေါ်စာရေးလိုက်သော်လည်း ဘာမှမပေါ်ဘဲ နဂိုပုံအတိုင်းရှိနေခြင်းကို ထူးခြားချက်ဟု သတ်မှတ်ကြပြီး လူကြီးဆီသို့ ချစ်သူစုံတွဲတွေဟာ အားကိုးတကြီး လာကြသတဲ့။

တစ်နေ့မှာတော့ ...။

ချစ်သူစုံတွဲတစ်တွဲသည် လူကြီးထံသို့ ရောက်လာကြကာ သူတို့ရဲ့အခက်အခဲကို ပြောပြကြလေသည်။

"အရှင် ... ကျွန်ုပ်တို့ကို ကယ်ပါ။ ကျွန်ုပ်တို့ဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေပါ အရှင် ... သို့ပေမဲ့ ကျွန်ုပ်တို့ဟာ အရှင့်ရဲ့'ဖူးစာဆုံမှတ်'စက်မှာ စစ်ဆေးကြည့်တော့ ဖူးစာမပါဘူး ဖြစ်နေပါရဲ့အရှင် ...





ကျွန်ုပ်တို့ကို ကူညီပါအရှင် ...

ကျွန်ုပ်ဟာ ကျွန်ုပ်ရဲ့ကြင်ယာကို ကျွန်ုပ်ချစ်မြတ်နိုးစုံမက်တဲ့သူပဲ ဖြစ်ချင်ပါတယ် အရှင်။ ကျွန်ုပ်ချစ်မြတ်နိုးတဲ့ ကျွန်ုပ်ရဲ့ချစ်သူနဲ့ ကျွန်ုပ်မဝေးရအောင် အရှင်ကယ်တင်ပေးပါ အရှင်"

ထူးဆန်းသောလူကြီးသည် အဲဒီချစ်သူစုံတွဲရဲ့အကူအညီတောင်းမှုကို လက်ခံကာ ကူညီပေးလိုက်တော့သည်။ လူကြီးက ချစ်သူစုံတွဲထဲမှ အမျိုးသမီးရဲ့နဖူးကို ပွတ်သပ်ကာ သူ့ရဲ့ဖန်တီးထားသော အချောင်းဖြင့် စာရေးပေးဖို့အတွက် ချစ်သူစုံတွဲကို လှမ်းမေးလိုက်လေသည်။

"အသင့်နာမည်က"

"......... ပါ အရှင်"

"အသင့်ချစ်သူနာမည်ကကော"

"......... ပါ အရှင်"

လူကြီးသည် အမျိုးသမီးရဲ့နဖူးထက်၌ စာသားတချို့ရေးသားလိုက်ကာ နဖူးကို လက်မဖြင့်ဖိပေးလိုက်သည်။ ထို့နောက်တွင်မူ အမျိုးသားရဲ့နဖူးကို ရေးပေးမည်အပြုတွင်တော့ ...

"အရှင် ... အရှင် ကျွန်ုပ်တို့ကို ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအော်သံတွေကြောင့် လူကြီးသည် လှမ်းအကြည့်တွင် ပတ်ဝန်းကျင်တစ်ခွင်လုံးသည် ရုတ်ခြည်းမည်းမှောင်လို့သွားတော့သည်။

"အရှင် ... အရှင် ဘာမှမမြင်ရတော့ဘူး။ လုပ်ပါဦး ... ကယ်ပါဦး"

အဲဒီလူတွေက အော်ဟစ်အကူအညီတောင်းကာ အမှောင်ထုကို ကြောက်လန့်တကြား ဖြစ်နေစဉ်မှာ အမှောင်ထုထဲက အသံတစ်ခုက လွင့်လို့လာလေသည်။

"သင်သည် အချစ်ရိုးရာကို ဖောက်ဖျက်သူ ဖြစ်သည်။ ဒါကြောင့် သင်၏စွမ်းအားတွေကို ပြန်သိမ်းလိုက်ပြီဖြစ်သည်"

အဲဒီအသံနှင့်အတူ ထူးဆန်းသောလူကြီးဟာလည်း အဲဒီခေတ်ကာလမှာ ပျောက်ကွယ်သွားခဲ့ပါသည်။ အဲဒီခေတ်ကာလက အဲဒီလူတွေဟာလည်း ထူးဆန်းတဲ့လူကြီးကို အမြဲတမ်းတနေဆဲ ဖြစ်ပါသည်။

အထူးသဖြင့် ချစ်သူစုံတွဲတွေက ပို၍တမ်းတကြပါသည်။

♥ ◇ ♥





အဲဒီပုံပြင်ဟာ
တကယ်ရှိခဲ့တာလည်း ဖြစ်နိုင်တယ်
စိတ်ကူးယဉ်ဇာတ်လမ်းလည်း ဖြစ်နိုင်တယ်
လူတွေရဲ့ပါးစပ်ဖျားမှာ ပြောလို့ကောင်းအောင်
ဖန်တီးထားတဲ့ ဒဏ္ဍာရီလည်း ဖြစ်နိုင်တယ်။

ဒါပေမဲ့ ...
အဲဒီပုံပြင်ကို ဖန်တီးခဲ့တဲ့ သူ့ရဲ့လိုအပ်ချက်က
ထူးဆန်းတဲ့လူကြီး
နောက်ဆုံးကူညီပေးခဲ့တယ်
ဖူးစာမပါတဲ့ ချစ်သူစုံတွဲရဲ့ နောက်ဆက်တွဲကဏ္ဍကို
ထည့်သွင်းမပြောပြခဲ့တာပဲ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ...

အဲဒီပုံပြင်မှာ ချန်ရစ်ခဲ့ထားရတဲ့

ဇာတ်ကောင်အဖြစ် အဲဒီချစ်သူစုံတွဲဟာ

လူတွေရဲ့ပါးစပ်ဖျားမှာ

တသသ ပြောကျန်ရစ်နေခဲ့မှာပါ။

♥ ✧ ♥





# "အစ"

www.burmeseclassic.com

www.burmeseclassic.com









တိုယ်က ထောင်းကင်ကြီးပဲ ဆိုပါတော့
တိုယ့်အချစ်က
ထောင်းကင်ကြီးထဲမှာ လှပနေတဲ့
မှောလှင့်နေတဲ့ တိမ်ပါ
တိမ်ဖမ်းနိုင်မယ့် လေနိုင်တွေ မတွေ့သေးသရွေ့
တိုယ်ကတော့ ဆက်လွင့်နေဦးမှာပဲ။

(မိုးညတင်း)

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com







# ၁

"ဟယ်လို ... သဲ ဘယ်ရောက်နေတာလဲကွာ။ ကိုယ်စောင့်နေတာ ကြာလှပြီ"

မိုးညသည် စိတ်မရှည်တော့သော လေသံဖြင့်ဖုန်းပြောနေလျှင် တစ်ဖက်က ကောင်မလေးက ...

"ဘယ်လိုဖြစ်နေတာလဲ ကိုကလည်း လာမှာပေါ့။ ဒီမှာ သဲ ဘက်ကိုလည်း စဉ်းစားပေးဦး။ အပြင်ပေးထွက်အောင် အိမ်နဲ့ ဘယ်လိုအရှောင်အတိမ်း လုပ်ရသလဲဆိုတာကျတော့ မမေးဘူး။ နောက်ကျတာလေးကိုပဲ ပြောနေတယ်"

အဲဒီလိုဆိုတော့လည်း သူ့မှာ စိတ်တိုရအခက်ပဲဖြစ်သည်။ သူ့ကောင်မလေးက သူ့ကိုချစ်လွန်း၍ အိမ်ကိုမျိုးစုံလှည့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ပြောပြီး သူနှင့်လာတွေ့ရတာဖြစ်သည်။ အဲဒီအတွက် သဲရဲ့ အချစ်တွေကို သူ မှန်းကြည့်လို့ ရပါသည်။ ဒါပေမဲ့လည်း ချစ်တာကချစ်တာ စိတ်မရှည်တာက စိတ်မရှည်တာပဲဖြစ်သည်။ သူနှင့် သဲဟာ coffee circles မှာ ချိန်းထားတာဖြစ်၏။ အခုချိန်းထားချိန်ထက် တစ်နာရီကျော်တောင် နောက်ကျနေတာဖြစ်သည့်အတွက် သူဟာ ဘယ်လိုနည်းနဲ့မှ စိတ်ရှည်သည်းခံလမ်းကြောင်း မှန်လုပ်လို့မရတော့တာဖြစ်သည်။ သို့သော်လည်း ချစ်တာကိုအဓိကမှတ်ယူကာ သူ့မှာမရှည်တော့တဲ့စိတ်ကို အတင်းဆွဲဆန့်၍ခွင့်လွှတ်တယ် လုပ်ရတော့သည်။

"ဆောရီးပါ သဲရာ၊ ကိုယ်စိတ်လောသွားလို့။ စိတ်မဆိုးနဲ့နော် သဲ၊ ကိုယ် စောင့်နေမယ်"

"ဟွန့် ... ပြီးတာပဲ"

သူ့သဲက ဖုန်းချသွားလျှင် သူဟာ စိတ်မောသွားသည့်ဟန် ဟူးခနဲ လေပူမှုတ်ထုတ်ကာ ဆိုဖာပေါ်မှာ ခပ်လျော့လျော့ဆင်းထိုင်လိုက်သည်။ ဒီရည်းစားကတော့ သူနှင့်လက်ထပ်ဖို့သင့်တော်တယ်ဟု သတ်မှတ်ကာ စပါယ်ရှယ် စိစစ်ရွေးချယ်ထားတာဖြစ်သည်။ သူက "သဲ"လို့ ချစ်စနိုးခေါ်ရသော သူ့ချစ်သူ





ချစ်မြတ်နိုးဟာ တစ်ခါတစ်ခါ ကလေးဆန်တာလေးကလွဲပြီး အင်မတန်ချစ်ဖို့ကောင်းသော ကောင်မလေးဖြစ်သည်။ သူ့ထက် အသက်တော်တော်ငယ်တာကြောင့်မို့ သူကလည်း သည်းသည်းလှုပ် ချစ်ရတာမျိုးဖြစ်သည်။

"ဘေဘီ xxx ရင်းနှီးခွင့်တို့ ရတဲ့နေ့ကစတာ xxx ငါ့ရဲ့မသိစိတ်ထဲမှာ xxx နေရာယူလို့သွားတာ xxx အချိန်မှန် ဖုန်းပြောခဲ့တဲ့ xxx နေ့နဲ့ညများစွာ xxx ချည်နှောင်တစ်ယောက်နဲ့တစ်ယောက်တို့ xxx "

Bunny phyoe ရဲ့ "ချစ်တယ်ဟုတ်"သီချင်းကို ringtone လုပ်ထားဖြစ်တာကတော့ ကြွေရုပ်ဆီကဖုန်းကိုပဲဖြစ်သည်။ ဒါဆို ဒီဖုန်းက"ကြွေရုပ်"ဆီကပေါ့။ မိုးညသည် Display မှာပေါ်နေသော ကြွေရုပ်ရဲ့ ကြွေရုပ်လိုမျက်နှာလေးကို တစ်ချက်ငေးကြည့်ရင်း ပြီးမှဖုန်းကိုင်လိုက်သည်။

"Hey ... ဘေဘီ ဘာကိစ်"

"ကိုည အခု ဘယ်မှာလဲဟင်"

"ကိုယ်လား ... မာမီရဲ့အလုပ်ကိစ္စတစ်ခု လိုက်လုပ်ပေးရင်းနဲ့ မြို့ထဲရောက်နေတာ။ မာမီပါ,ပါတယ်၊ ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဘာမှမဟုတ်ဘူး၊ ပျင်းလို့ဆက်လိုက်တာ၊ အိုခေ ... ပြီးတာပဲ၊ နောက်မှ ဆက်လိုက်မယ်"

"အိုခေ ... c u ဘောဘိ"

မိုးညသည် ဖုန်းပြောပြီးနောက်မှာတော့ သူ့ကိုယ်သူ သိပ်ကျေနပ်လို့ နေပါသည်။ ဒီလို အအီဖယားလေးတွေဆို သူက ရော်ကွက်လေးလို သဘောထားပြီး လှည့်တယ် ပတ်တယ် လိမ်တယ် ခေါက်တယ် လုပ်နေကြဖြစ်သည်။ သူဟာ အတည်တကျအဖြစ် "သဲ"ကိုသာ ရွေးထားခဲ့ပြီး ကျန်တာလေးတွေကိုတော့ အစွယ်အပွားလေးလို သဘောထားတာမျိုးဖြစ်သည်။

အဲဒီလို တွေးရင်း ငေးရင်း ကော်ဖီသောက်ရင်းဖြင့်ပင် သူမျှော်နေသည့် သူမက ရောက်လို့လာခဲ့ချေပြီ။ အား ... မြင်လိုက်ရတာနဲ့တင် ရင်ထဲကို ရေခဲရေစီးဆင်းသွားတာပဲ။ ငယ်ရွယ်နုပျိုလတ်ဆတ်နေသော အလှတရားတို့ဟာ လင်းချင်းတောက်ပလျက် ထင်းခနဲရှိ၏။ မြတ်နိုးသည် သူ့ကိုနူးညံ့စွာ ပြုံးပြပြီး ...

"ဆောရီး ကို သဲ နည်းနည်းကျသွားတယ်။ အင်း ... ဒီနေ့တော့ ရုပ်ရှင်မသွားတော့ဘူးကွာ။ စကားလေး ဘာလေး ပြောပြီး ရှော့ပင်းပတ်တာပေါ့"





"ကောင်းပါပြီကွာ၊ သဲ သဘောနော်"

အဲဒီလိုနဲ့ပဲ သူဟာ သူ့ရဲ့အနာဂတ်လက်တွဲဖော်လေးရဲ့ သဘောတော်အတိုင်းပဲ ဖြစ်စေကာ သူနှင့်သဲ ရှော့ပင်ပတ်ဖြစ်ကြပါသည်။ သူ့ရဲ့ချစ်တတ်မှုသက်သေအဖြစ်နှင့် သူဟာ သဲဝယ်သမျှအားလုံးကို နောက်က လိုက်အမ်းခဲ့ပါသည်။ ရှော့ပင်ပတ်ရင်းက မောလာတာကြောင့် ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ကာ စားစရာမှာပြီးနောက် ချစ်သူချင်းထားရှိအပ်သည့် အထာလေးတွေဖြင့် ဒိုင်တွေ ခင်းနေတုန်းမှာ အနောင့်အယှက်က ဝင်လို့လာ၏။

"ဟယ်လို ... ဩော် ကျော်ထွဋ် ပြော"

"........"

"တကယ်လား။ အာ ... မလာလို့ ဘယ်ဖြစ်မှာတုံး။ လာခဲ့မယ်"

"........"

"အင်း ... ဘဲနဲ့ဒိတ်ထားလည်း ဘာဖြစ်လဲ။ ဘဲထက် ဘော်ဒါတွေက ပိုအရေးကြီးပါတယ်"

ဟား ... အဲဒါကြီးကတော့ ပလိန်းကြီး သူ့ကိုဖွဲ့တာဖြစ်သည်။ ဘဲကြီးငုတ်တုတ် ဘေးနားထားပြီး အခါးချည်းကျွေးနေတာကတော့ လွန်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ … လာမယ်၊ စောင့်နေမယ်နော်"

သူမက ဖုန်းပြောပြီးသွားနောက်မှာ သူ့လက်မောင်းကို ဖမ်းချိတ်ပြီး အချိုသပ်ပါတော့၏။

"ကိုရယ် … သဲလေ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး။ ဒီနေ့တော့ သဲကို နားလည်ပေးတော့နော်။ သဲရဲ့ သူငယ်ချင်းမွေးနေ့မလို့ ကျွေးချင်လို့တဲ့။ အဲဒါ သဲသွားမှဖြစ်မှာမလို့"

"သဲ … မင်း လွန်ပြီကွာ။ မင်းသူငယ်ချင်းမွေးနေ့က ခုချက်ချင်းကြီး ကောက်ကာငင်ကာ ထဖြစ်တယ် … ဟုတ်လား။ ဒီမှာ သဲ … တကယ်မွေးနေ့ဆိုလည်း လက်ဆောင်ပေးပြီး ဆောရီးလုပ်လိုက်ကွာ။ ဘာအရေးမှ မကြီးပါဘူး"

သူ့စကားက အပြတ်ဖြတ်တာကြောင့် သဲက မျက်နှာကွက်ခနဲဖြစ်သွားပြီး တဖြည်းဖြည်းချင်း စူတင်းလာကာ အခြေအနေက ကောက်ဇယား ပြင်ထားပါသည်။

"မရဘူး … ကို မလွှတ်လည်း သဲကတော့ သွားမှာပဲ"

"ဟား … သွားလေ။ သွားတာနဲ့ ကို တကယ်စိတ်ဆိုးပြီ"

သူကလည်း အပြတ်ချဲလျှင် မြတ်နိုးသည် နှုတ်ခမ်းကို တစ်ချက်တွန့်ကွေးလိုက်ကာ …





"ရတယ်လေ … ကြိုက်သလောက်စိတ်ဆိုး။ လုံးဝမချော့ဘူး၊ သဲကတော့ သွားမှာပဲ"

မြတ်နိုးက သူ့ကို စူပုပ်ပုပ်မျက်နှာထားဖြင့် ဘိုင့်ဘိုင်လုပ်ကာ ထထွက်သွားတော့သည်။ ဒီတစ်ခါတော့ သူ ရေလည်တင်းပါသည်။ မြတ်နိုးဟာ သူ့ကို ချစ်ကောချစ်ရဲ့လား။ အဲဒီစိတ်ကြောင့် သူဟာ ရင်တွေမောကာ စိတ်လည်းဆိုးပြီး မြတ်နိုးနှင့် ဘယ်တော့ အိတ်စပိုင်ရာ (Expire)ဖြစ်မလဲဆိုတာ မျှော်နေရတော့သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၂

"ဘယ်လိမ့်မလို့လဲ ကင်း"

အနမ်းသည် အပြင်သွားတော့မည့်ဟန်ဖြင့် လန့်ထွက်ကာ ပျံတက်နေသော သူ့ရဲ့အချစ်တုံးကြီးကင်းကို ဝရန်တာက နေ လှမ်းအော်မေးလျှင် ကင်းက သူ့ကိုတစ်ချက်မော့ကြည့်၍...

"ဟင် ... မင်း ကျောင်းက ပြန်တောင်ရောက်လာပြီလား။ အနမ်း ... အားတယ်မှလား"

အနမ်းက ခေါင်းတဆတ်ဆတ် ညိတ်ပြကာ ...

"အားပါတယ်၊ ဘာဖြစ်လို့လဲ"

"အိုခေ ... ဘာမှ ငါ့ကို question တွေ out မနေနဲ့။ အဝတ်အစားလဲပြီး အောက်ဆင်းလာခဲ့"





သူ့ကင်းဟာ သူ့နှင့်ဆို အမြဲတမ်း အဲလိုအလန်းဇယား ပဲဖြစ်လေသည်။ အနမ်းသည် အိမ်ထဲဝင်ကာ အဝတ်အစားလဲပြီး ဖုန်းကို ဘောင်းဘီအိတ်ကပ်ထဲထည့်ကာ ခပ်မြန်မြန်အောက် ထပ်သို့ ဆင်းလာခဲ့တော့သည်။ ပိုက်ဆံကတော့ တစ်ပြားမှမလို ပါ။ သူ့အတွက်တော့ ကင်းရှိရင် ပိုက်ဆံရှိတာပဲဖြစ်သည်။

"ကဲ ... လာဟေ့၊ လိမ့်ကြစို့"

"ဘယ်တုံး ကင်းရ"

"လိုက်ခဲ့တော့ သိမှာပေါ့ကွ၊ လာ ... တက်၊ ကားပေါ်"

အနမ်းသည် ကားပေါ်တက်ကာ ကင်းခေါ်ဆောင်ရာ သို့ လိုက်သွားတော့သည်။ ခဏနေလို့ ကြည့်လိုက်တော့ ကင်းဟာ ဘယ်သွားနေတယ်ဆိုတာ သဘောပေါက်သွားပါသည်။

"ကင်း ... ဘယ်သွားနေတာလဲ"

"မင်းတို့ dancing class ကိုပေါ့ကွ"

"ဗျာ ... ဘာလုပ်မလို့လဲ။ ကျွန်တော် ဒီနေ့အချိန်မရှိဘူး"

ကင်းက ကားမောင်းနေရင်းကမှ သူ့ကို ပေါ်မိန်းလေး ဆိုသည့်သဘော သက်ရောက်သည့်အကြည့်ဖြင့် ရှိုးလိုက်ရင်းက လှမ်းပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါက သင်တန်းလိုက်ပို့ပေးနေတယ်များ ထင်နေသလား အနမ်း၊ ပိန်းတယ်ကွာ။ ငါ အခု အဲဒီကိုသွားတယ်ဆိုတာက အဲဒီမှာကနေတဲ့ ကောင်မလေးနဲ့ ငါနဲ့ အီစီကလီလုပ်မလို့။ အဲဒါ သူ့ကို ပိုးပန်းရေးသွားလုပ်မလို့"

"ဟာဗျာ ... ကင်းကလည်း။ ဆော်လိုက်မယ့်ကိစ္စကို ကျွန်တော့်ကို အဖော်လာခေါ်နေတယ်။ ကိုယ့်ဘာသာရှင်းတာမဟုတ်ဘူး"

"ငတုံး ... မင်းကို ခေါ်လာတယ်ဆိုတာ ငါ့ကောင်မလေး section က နည်းပြက မင်းသူငယ်ချင်း ကျော်ကျော်။ သူကတစ်ဆင့် ကောင်မလေးကို join မလို့"

ဟား ... သူကတော့ ဖျားချင်သွားပါသည်။ သူနှင့်ဆယ်နှစ်ကျော် အသက်ကွာလေသော ကင်းဟာ သူ့ထက်တောင်လန်ထွက်ပြီး ပိုမိုက်နေပါသေးသည်။ ကင်းဟာ သူ့ရဲ့တစ်ဦးတည်းသော ဦးလေးဖြစ်၏။ မာမီ့ရဲ့မောင်ဖြစ်သော ကင်းကို သူက ကလေးဘဝကတည်းက ကင်းဟုခေါ်ခဲ့တာ နှုတ်ကျိုးနေတာကြောင့် သူက သူ့ဦးလေးကို ကင်းလို့ပဲ ခေါ်နေတာဖြစ်သည်။





တချို့မသိတဲ့သူတွေကဆို သူတို့ကို ဘော်ဒါလိုပေါင်းတဲ့ ညီအစ်ကိုတွေလို့တောင် ထင်ကြပါသည်။ ရိုးရိုးသူငယ်ချင်းလို့တော့ ဘယ်သူကမှ မထင်ကြ။ ဘာလို့လဲဆိုတော့ သူ့ရဲ့ရုပ်ဆင်းအင်္ဂါဟာ ကင်းနှင့်တော်တော်ကို ဆင်လို့ဖြစ်သည်။ နီးစပ်သူတွေကဆို သူ့ကို မိုးညကင်းပေါက်စလေးလို့တောင် ခေါ်ကြတာဖြစ်သည်။ အဲလို အခေါ်ခံရတိုင်း သူက အရမ်းဂုဏ်ယူရပါသည်။

သူ့ဦးလေးကင်းဟာ မိုးညကင်းဆိုသော နာမည်နှင့်လိုက်အောင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ကင်းအဖြစ် သတင်းကြီးသူဖြစ်သည်။ သုံးဆယ့်သုံးနှစ်ရှိပြီဖြစ်သော ကင်းဟာ အရွယ်နှင့်မလိုက်အောင် နပျိုလတ်ဆတ်လျက် သူတို့လို ချာတိတ်တွေနှင့်အပြိုင်ကြဲနိုင်သော အလန်းစားဘဲကြီး ဖြစ်ပါသည်။

အခုလည်း ကြည့်ဦးလေ။ သူတို့သူငယ်ချင်းငါးယောက်စုပြီးဖွင့်ထားသည့် အကသင်တန်းကျောင်းမှာ တက်နေတဲ့ ကောင်မလေးကို လိုက်မလို့တဲ့။ ကင်းကိုတော့ တကယ်ပဲထိန်းမနိုင်တော့ချေ။ အဲဒါနှင့်ပဲ သူဟာ ယက်ကန် ယက်ကန်ဖြင့် သူတို့သင်တန်းထဲကို ကင်းနှင့်အတူ ရောက်လာခဲ့ပြန်သည်။ ဒီနေ့က ကျော်ကျော့် section ပဲ ရှိတာကြောင့် သူက dancing floor မှာ



www.burmeseclassic.com

www.burmeseclassic.com



guide လုပ်နေတဲ့ ကျော်ကျော့်ကို သူတို့အထာဖြင့် လှမ်းခေါ်လိုက်လျှင် ကျော်ကျော်က ခဏလေးဆိုပြီး လက်လှမ်းပြလေသည်။

အနမ်းသည် နံရံပတ်ပတ်လည်မှာ ကပ်ထားသော ကိုယ်လုံးပေါ်မှန်ချပ်ကြီးတွေထဲကနေ တီးလုံးသံတွေနှင့်အညီ နံပါတ်ရေ၍ ကကွက်ကျင့်နေသော ခပ်လန်းလန်း ကောင်မလေးကို ငေးကြည့်နေသော ကင်းကို တစ်ချက်တွန်းတိုက်လိုက်ပြီး ...

"ကဲ ... ပြော၊ ကင်း ကျွန်တော် ဘယ်သူ့ကိုမိတ်ဆက်ခိုင်းရမှာလဲ၊ ကင်း ... ကျွန်တော် မျက်နှာပျက်အောင်တော့ မလုပ်နဲ့နော်"

"ဘာမှစိတ်မပူနဲ့၊ ငါက အတည်ရည်ရွယ်ပါတယ်ကွ"

"ဟင်း ... ပြောတော့လည်း ကင်းပါပဲဗျာ။ ကဲ ... ဘယ်သူလဲ"

သူက အဲလိုမေးလိုက်လျှင် ကင်းသည် သူ့ပခုံးကိုဖက်ကာ ကောင်မလေးတစ်ယောက်ကို လက်ညှိုးညွှန်ပြသည်။ အားပါး ... အမိုက်စားပါလား။ ကင်းတစ်ယောက် ဟတ်ထိမယ်ဆိုလည်း ဟတ်ထိစရာပါ။ ဒီဆော်က လန်းလှချည်လား။ သူတို့အကသင်တန်းမှာ ဒီလိုအလန်းလွန် အလွန်လန်းတွေပါတယ်ဆိုပေမယ့် ဒီလောက် လန်းလိမ့်မယ်လို့တောင် မထင်မိပါ။





"အဲ့ ကောင်မလေးကွ ... vest စွပ်ကျယ်အနက်လေးနဲ့"

ကောင်မလေးက အလန်းပဲဖြစ်၏။ တည့်(ဒဲ့)အတိချထားသော ဆံပင်ကေကို အဖျားမှာ ခပ်ပါးပါးဖြင့် ရေဘဝဲဒီဇိုင်းခုတ်ချထားသော hair design မျိုးထား,ထားသော ကောင်မလေးရဲ့ရုပ်ရည်ကတော့ ပြောပြစရာ စကားလုံးရှာမတွေ့အောင်ပင်။ စွပ်ကျယ်ဝတ်ထားတာကြောင့် မြင်နေရသော လက်မောင်းသား၏ဝင်းနှစ်စိုပြည်သော အသားအရေဟာ ဟဲလေးသီချင်းထဲကလိုမျိုး "branded lotion ... lotion အချိန်မှန်လိမ်းတဲ့ complexion" ဆိုသလို ပြောင်တင်း၍ ဖြူဥနုဖပ်နေပါသည်။

"ဘယ်လိုလဲ ... မိုက်လား"

"မိုက်တာပေါ့၊ ဒါပေမဲ့ ကင်းနဲ့မလိုက်ဘူး။ ဒီအဆင်လေးဆိုရင် ကျွန်တော်တို့လို အဆင်လေးနဲ့မှ လိုက်မှာပေါ့"

"ဟား ... ဟား။ ကိုယ့်လူ မင်းရဲ့ကင်းက အဲလိုဖြစ်တာနဲ့ကျွတ်ကျဲပြီး ဘွတ်အဲအော်မယ်များ ထင်နေလား။ ယှဉ်လို့ရတယ်ကွ အနမ်း ....မင်းတို့ချွတ်တားလေးတွေ ငါ့ကိုမမီပါဘူးကွာ"

"ဟုတ်ပါပြီ၊ ကျွန်တော်ကလည်း မယှဉ်ပါဘူး၊ ဟော ... ဟိုမှာ ကျော်ကျော် လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



အနမ်းသည် brake ပေးပြီး သူတို့ဆီထွက်လာသော ကျော်ကျော့်ကို လက်ဝါးချင်းရိုက် နှုတ်ဆက်ကာ ...

"ဘယ်လိုလဲ ကျော်ကျော်၊ အဆင်ပြေလား"

"မဆိုးပါဘူး၊ ဒီအဖွဲ့က နည်းနည်းသွက်တယ်ကွ၊ ဒါနဲ့ ဒီနေ့ မင်း off တယ်မလား။ ဘာကိတ်လဲ"

"ကိတ်က နည်းနည်း big တယ်ဟ ... ဟိုမှာလေ ငါ့ ဆရာသမားက ဟိုမဒီကို နိုက်နေလို့တဲ့။ ကျော်ကျော် နည်းနည်း intro ဝင်ပေးလိုက်ပါကွာ"

အနမ်းက နည်းနည်းပါးပါး စကားတီးခေါက်လိုက်လျှင် ကျော်ကျော့်က ကင်းကို လှမ်းနောက်လေသည်။

"ဟာ ... ဘာလဲ ကိုညီ၊ ရွှေမှုန်ဖျန်းကို ဟတ်ထိသွားတာလား"

"ဘာ ... ဘာ နာမည်လေးကက ဘာဖြစ်တယ်"

ကင်းက ကျော်ကျော့်ကို စိတ်ဝင်တစားဖြင့် ကောင်မလေးအကြောင်း လှမ်းမေးလျှင် အနမ်းသည် အသာပြုံးကာ ဘေးလူအဖြစ် ဝင်နားထောင်နေလိုက်သည်။





"သူ့နာမည်က ရွှေမှုန်ဖျန်းတဲ့၊ YUFL တက်နေတာ ဂျာမန်တက်နေတာတဲ့။ ဒီကိုတစ်ပတ်သုံးရက်လောက်တော့ လာပြီးက,တယ်ဗျ၊ သူ့ဘော်ဒါတွေနဲ့ တစ်ဖွဲ့ဖွဲ့ပြီး ဒီမှာကကွက်တွေလာကျင့်နေကြတာဗျ။ သိပ်တောင်မကြာသေးပါဘူး။ ကျွန်တော်နဲ့ပဲ train နေတာ"

"ကျော်ကျော်ရေ ... မိတ်ဆက်ပေးလိုက်တော့ဟေ့"

အနမ်းက ဝင်ဖောက်ပေးလျှင် ကျော်ကျော့်က အထာပေါက်စွာ ခေါင်းတစ်ချက်ညိတ်ပြပြီး သူ့အဖွဲ့ကို လက်ခုပ်တီးပြီး လူစုလိုက်ကာ ကင်းနှင့်သူ့ကို အားလုံးနှင့် မိတ်ဆက်ပေး၏။

"ကဲ ... သူငယ်ချင်းတို့ အားလုံးပဲ ... ဒါကတော့ ကိုယ်တို့ dancer club ရဲ့အဖွဲ့ဝင် နေနမ်းပါ၊ သူကတော့ ကိုမိုးညကင်းတဲ့။ QK beauty saloon ရဲ့ ပိုင်ရှင်လေ"

"ဟာ ... ဟုတ်လား။ သမီးတို့က QK မှာ အမြဲရှိုင်းနေကျ၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ကိုညီ ... ဒါက ရွှေမှုန်ဖျန်း၊ ရွှေမှုန် မှတ်ထားနော်"

ကျော်ကျော့်က အားလုံးနှင့် လိုက်မိတ်ဆက်ပေးပြီး နောက်မှာ တော်လ်ကီကောင်းတဲ့ သူတို့တူဝရီးနှစ်ယောက်ရဲ့ဖော



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အားလုံးက မျောကုန်တာဖြစ်သည်၊ အဲဒီထဲမှာ ကင်းအတွက် ကျေနပ်ဖွယ်ကောင်းတာ တစ်ခုက ရွှေမှုန်ဖျုန်း ဆိုတဲ့ မိန်းမချော လေးဟာ ကင်းကို ဖုန်းနံပါတ်ပေးလိုက်လို့ပဲဖြစ်သည်။

ရုပ်ရှိရေလျှံ အလန်းဇယားကင်းဟာ သူ့အတွက်တော့ နမူနာတွေ လမ်းပြပေးသည့် Hero ပဲ ဖြစ်ပါသည်။

♥ ✧ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။







အချစ်ဆိုတာ
ဘဝအတွက်
လိုတယ်လည်း မဟုတ်သလို
မလိုဘူးလည်း မဟုတ်တဲ့အတွက်
သိပ်အရေးမပါတဲ့ အဲဒီကိစ္စကို
အထူးတလည် စာမမွဲ့ပြတော့ပါဘူး။
အချစ်ဆိုတာ
လျှန်မအတွက်တော့
ဖူးစာပါရင် တွေ့ရမယ့်အရာပဲ
ဆိုပါတော့။


(ရွှေရေးမြွယ်)

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com







## ၂

"အစ်မ ... ကျွန်တော့်ကို ကူညီပါဦးဗျာ"

ရွှေရေးသည် စိတ်မသက်သာစွာဖြင့် ညည်းညည်း ညူညူရောက်လာသော ဖေယံကိုကြည့်ကာ ကိုယ်ပါရင်မောသွားရသည်။ အချစ်အတွက် ကံမကောင်းလေတဲ့ အဲဒီကောင်လေးကို ရွှေရေးက ဘာတွေကူညီနိုင်ပါ့မလဲ။

"ဘာဖြစ်လာရတာလဲဟင် ... ယမုံနဲ့ အဆင်မပြေဘူးလား"

"မပြေဘူးဗျ ... သူကလည်း ဂျစ်၊ အမေတို့ကလည်း သူ့ကိုယူရင် အမွေဖြတ်မယ်တဲ့။ ကျွန်တော်တော့ စိတ်ညစ်လာပြီ။ အမေနဲ့ သူ့ကြားမှာ ရှူးတော့မယ်။ ကျွန်တော် ဘာလုပ်သင့်လဲဟင် အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် သူ့အခက်အခဲကို ကူညီဖို့အတွက် လေပူတစ်ချက်ကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်ကာ မျက်ဝန်းတွေကို မှေးမှိတ်လိုက်သည်။ အာရုံတစ်ခု၏ဝင်စားမှုကြောင့် ရွှေရေးသည် မှိတ်ထားသည့်မျက်ဝန်းတွေရဲ့ အတွင်းမြင်လွှာကနေ အနာဂတ်တစ်ခုကို သွားကြိုမြင်လေသည်။

ပုံရိပ်တွေ ... အစကတော့ မပီပြင်ဝိုးတဝါး။ တဖြည်းဖြည်းနှင့် သူ့မြင်လွှာမှာ အရောင်ထင်လာသည်။ အမျိုးသမီးကြီးတစ်ယောက်၊ ပြီးတော့ ချစ်စရာမျက်နှာလေးနဲ့ အမျိုးသမီးငယ်တစ်ယောက် သူတို့ကြားမှာကတော့ ဖေယံပဲဖြစ်သည်။ အမျိုးသမီးနှစ်ယောက်ရဲ့မျက်နှာတွေဟာ အင်မတန်ကိုမှ တင်းမာခက်ထန်လေသည်။ အဲဒီနောက် သူမတို့ စကားတွေအခြေအတင် ပြောဆိုနေကြသည်။

ရွှေရေးသည် အမြင်အာရုံတွေ ပိုမိုပြတ်သားအောင် မျက်မှောင်ကြုတ်ထားမိလိုက်သည်။ ပြီးတော့ ... ပြီးတော့ ဖေယံက သူ့အမေဖြစ်သော အမျိုးသမီးကြီးကို ကျောခိုင်းကာ သူ့ကောင်မလေးကို လက်တွဲ၍ ထွက်သွားလေတော့သည်၊ ဖေယံအမေက ဖေယံရဲ့ကျောခိုင်းမှုကို မခံစားနိုင်စွာဖြင့် မြေပြင်ပေါ်သို့ လဲပြိုကျသွားသည်။





ရွှေရေးသည် အဲဒီအာရုံတွေကြောင့် ခေါင်းတွေကို အသာယမ်းလိုက်ကာ မှိတ်ထားတဲ့မျက်ဝန်းတွေကို ပြန်ဖွင့်လိုက်တော့သည်။

ပြီးတော့ ဖေယံ့ကို ခပ်နက်နက် စိုက်ကြည့်ကာ အေးအေးဆေးဆေး ဖျောင်းဖျသောလေသံဖြင့် ပြောပြလိုက်လေသည်။

"မင်း စိတ်လျှော့လိုက်တော့ရင် ကောင်းမယ် ဖေယံ၊ မင်း ဇွတ်လုပ်ပြီး ရှေ့ဆက်တိုးမယ် ဆိုရင်တော့ ..."

"ဘာ ... ဘာဖြစ်မှာလဲဟင် အစ်မ"

ရွှေရေးသည် ခပ်တိုးတိုးလေးပဲ ပြောပြလိုက်ပါသည်။

"မင်း ယမုံ့ကို ခိုးပြေးတာတို့ ဘာတို့လုပ်ရင် မင်းအမေ အသက်အန္တရာယ်ကိုပါ ထိသွားနိုင်တယ် ဖေယံ။ အစ်မက မင်းကို အစကတည်းက ပြောသားပဲ၊ ယမုံနဲ့ မင်းက ဘယ်လိုမှ ဖူးစာမပါဘူး ဆိုတာကို မင်းမှလက်မခံတာ ဖေယံ၊ အစ်မ မင်းကို အကြံပေးတာနော် ...

မိဘဆိုတာ အစားထိုးလို့မရဘူး။ ယမုံကို မောင်လေး ဘယ်လောက်ပဲချစ်ချစ် မတော်တဆ သူနဲ့ပြတ်သွားခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်မှာ နောက်ရည်းစားဆိုတာ ထပ်ရသွားနိုင်တယ်။ အစားထိုးလို့ရတယ် ဖေယံ။ မောင်လေး စဉ်းစားပါ၊ ပြီးတော့ တစ်ခုခုကို ရွေးချယ်ပါ။ အစ်မလည်း အစ်မကူညီနိုင်သလောက် ကူညီပြီး ဖေယံကို ပြောပြပေးတာပါ”

ရွှေရေးရဲ့စကားကြောင့် သူဟာ တော်တော်ကိုမျက်နှာပျက်ယွင်းသွားကာ မှိုင်၍ ခေါင်းငိုက်စိုက်ကျသွားပါသည်။ ကံတရားဆိုတာ လုပ်ယူလို့မှ မရတာ။

ဖေယံရဲ့ခံစားချက်တွေကိုတော့ ရွှေရေး နားလည်ပေးလို့ ရပါသည်။

“အစ်မ … အဲဒီဟာကို ပြောင်းလဲလို့ရမယ့် … ဟိုဟာ”

“ယတြာကို ပြောတာလား ဖေယံ”

ဖေယံက မဝံ့မရဲဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ရွှေရေးသည် ဟင်းခနဲ သက်ပြင်းချကာ သူ့ကိုဖျောင်းဖျရသည်။

“ဘယ်လိုပြောရမလဲ ဖေယံရယ်၊ အစ်မက ကံတရားကို ပြောင်းလဲပစ်နိုင်တဲ့ တန်ခိုးရှင်မှ မဟုတ်တာ။ အစ်မ ဒီလိုမျိုး ကြိုသိတယ် ကြိုဟောနိုင်တယ်ဆိုတာ အစ်မရဲ့ အတိတ်ကံကြောင့်ပါ …





ဖေယံကိစ္စက ယတြာချေတာနဲ့ပြီးမယ်ဆိုရင် အစ်မ အာရုံမှာပေါ်မှာပါ၊ အခုမပေါ်ဘူး ဖေယံ။ မင်း တစ်ဖွတ်ထိုးလုပ်သွားရင်သာ မင်းအမေတစ်ခုခုဖြစ်မယ်ဆိုတဲ့ နိမိတ်ပဲပြတယ် …

စိတ်ကို အလိုမလိုက်ပါနဲ့ ဖေယံရယ်။ မင်းတို့မှာ အမေတစ်ခု သားတစ်ခုဟာကို မင်းအမေကို မင်းရက်စက်နိုင်တယ်လား။ အချစ်ဆိုတာ နောက်တစ်ကြိမ် အခွင့်အရေးရှိပါတယ်၊ မောင်လေး ယမုံမိုးအေးကို မေ့ပစ်လိုက်ပါ။ အစ်မပြောတာကို နားထောင်နော်”

ရွှေရေးရဲ့စကားအဆုံးမှာ ဖေယံဟာ မှိုင်တွေသွားသောမျက်နှာဖြင့် ရွှေရေးကို နှမ်းလျလျကြည့်ကာ …

“ဟုတ်ကဲ့ပါ အစ်မရယ်၊ ကျွန်တော် အစ်မစကားကိုနားထောင်ပါ့မယ်။ ကျွန်တော့်ကို အခုလိုဆုံးမပေးတဲ့ အစ်မကို ကျေးဇူးအများကြီးတင်ပါတယ်။ အစ်မကို ကျွန်တော်ယုံကြည်တယ်၊ အမေ ကျွန်တော်ကြောင့်တော့ ဘယ်တော့မှ ဒုက္ခမရောက်စေရဘူး။ ကျွန်တော် ယမုံ့ကို မေ့ပစ်လိုက်တော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



ဖေယံရဲ့ကတိပေးမှုကြောင့် ရွှေရေးရင်ထဲမှာ တော်တော့်ကို ချမ်းမြေ့သွားရသည်။ ဘာပဲဖြစ်ဖြစ် ဖေယံတစ်ယောက် အမှန်ကိုမြင်နိုင်သွားတာကိုက ဝမ်းသာစရာပဲဖြစ်သည်။ ရွှေရေးရဲ့ မွေးရာပါ ကြိုတင်သိနိုင်တဲ့ အကြားအမြင်ဟာ အခုဆို တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့တာ တော်တော့်ကို မှန်ကန်မှုတွေရှိလာပြီဖြစ်ရာ ရွှေရေးက ကိုယ့်အနီးနားပတ်ဝန်းကျင်ကလူတွေ တစ်စုံတစ်ခု သောကကျတော့မယ်ဆို ပြောဆိုကူညီမှုလေးတွေ လုပ်ပေးတတ်သည်။

ရွှေရေးဟာ အကြားအမြင်ပါရမီကို ရထားတဲ့လူဖြစ်တာကြောင့် လူတွေကို ကိုယ်တတ်နိုင်သမျှတော့ ကြိုရင်ကြိုသလိုကူညီဖြစ်ပါသည်။ ရွှေရေးက ဟောတာပြောတာကို ဇောက်ချပြီး ဗေဒင်ဆရာမကြီးလို နေတာမျိုးတော့မဟုတ်ပါ။ ကိုယ့်ဘဝရပ်တည်မှုအတွက် အလုပ်ကတော့ လုပ်နေသူ ဖြစ်ပါသည်။

"အစ်မ ... ကျွန်တော် သွားတော့မယ်နော်။ အစ်မကို ကျေးဇူးအများကြီး တင်ပါတယ်"

"အေးပါ ... ရပါတယ်။ အစ်မ ကူညီနိုင်တာကို ကူညီတာ အပန်းမကြီးပါဘူး"





အဲဒီလိုပဲ ရွှေရေးဟာ နီးစပ်တဲ့သူတချို့၊ ကိုယ့်မျက်စိရှေ့ကလူတွေရဲ့ဒုက္ခသုတ်ခတွေကို ကူညီဖြေရှင်းပေးရင်းဖြင့် ကိုယ့်အလုပ်ကိုယ်လုပ်နေသော ဒုက္ခဝေးသည့် အပျိုကြီးဖြစ်ပါသည်။ ရွှေရေးကို ကြိုက်တဲ့သူတွေ ချစ်တဲ့သူတွေ များပါလျက်နှင့် ရွှေရေးဟာ ဘယ်သူ့ကိုမှ လက်မခံခဲ့တာဟာ ဖူးစာမပါလို့ဘဲလို့ သတ်မှတ်ကာ သူတစ်ပါးတို့ကို ကူညီပေးနေသူဖြစ်ပါသည်။

♥ ◇ ♥



www.burmeseclassic.com

www.burmeseclassic.com



၄

"ရတယ် ... ရတယ် ... ဖြည်းဖြည်းချ"

ရွှေရေးသည် ပန်းစည်းတွေကို နေရာတကျ စီစစ်ပေးနေရတာဖြစ်သည်။ ရွှေရေးတို့ဝယ်ထားတဲ့ ခြံနှင့်တိုက်ကို တစ်လခွဲလောက် decoration ဆင်နေတာမို့ အားလုံးပြင်ပြီးဆင်ပြီးသွားချိန်မှာတော့ ရွှေရေးတို့မိသားစုတွေဟာ ဒီနေ့ပန်းစည်းတွေပါ နေရာချရင်း အိမ်ပြောင်းလာခဲ့တာဖြစ်သည်။ မိန်းမသားတွေချည်းပဲ မင်းမူနေသော ရွှေရေးတို့မိသားစုမှာ ရွှေရေးက သွက်လက်ချက်ချာစွာ အစစဦးဆောင်နေသူဖြစ်ပါသည်။ ရွှေရေးမှာ မိသားစုဝင်ဆို၍ သိပ်များများစားစားမရှိပါ။ ဖေဖေက ရွှေရေး ငယ်ငယ်ကတည်းက ဆုံးပါးသွားတာ ဖြစ်သောကြောင့် ရွှေရေးဘဝထဲမှာ မေမေ





ရယ်၊ အန်တီခင်ရယ်၊ အန်တီခင့်သမီး ရွှေမှုန်၊ ပြီးတော့ အဒေါ်အပျိုကြီး အန်တီတင်ရယ် ဒါပဲရှိသည်။ အဲဒီတော့ အကြီးဆုံးမေမေရဲ့သမီးကြီးဖြစ်တဲ့ ရွှေရေးကပဲ အရာရာကို ဦးဆောင်နေတာဖြစ်၏။

"အိမ်သစ်ကို ပြောင်းလာကြတာထင်တယ်"

ကြည်ရှရှအသံတစ်ခုက အနောက်က ကြားရတာမို့ ရွှေရေးသည် အလုပ်သမားကောင်လေးတွေကို စီမံပြောနေရာကနေ လည်ပြန်လှည့်ကြည့်လိုက်လျှင် ကောင်လေးတစ်ယောက်ကို မြင်ရလေသည်။

အပြုံးချိုချိုနှင့် ရွှေရေးကို နှုတ်ဆက်လေသော အဲဒီကောင်လေးကိုတစ်ချက်အကဲခတ်လိုက်လေသည်။ ခပ်စောင်းစောင်းဆံပင်ဒီဇိုင်းလေးကို ခပ်ရှည်ရှည်ထားကာ နားမှာလည်းတစ်ဖက်တည်း သုံးပေါက်လောက်ဖောက်ထားကာ စိန်နားကပ်ကို အကြီးအသေးစီကာ ပန်ထားလေသည်။ မျက်ခုံးကောင်းကောင်း မျက်လုံးကြည်ကြည်ဖြင့် ပိရိသေသပ်သော နှုတ်ခမ်းတို့က ရွှေရေးကိုသွားပေါ်အောင် ပြုံးပြလေသောအခါ အပိုထွက်နေသော သွားတက်ချွန်လေးကို တွေ့ရလေသည်။ အရပ်မြင့်မြင့်နှင့် ခေတ်ကောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေလို ဝတ်စားထားပြီး ကျောပိုးအိတ်လွယ်ထားသော ကောင်ချောလေးကို ရွှေရေးက အသိအမှတ်ပြုသလို ခေါင်းတစ်ချက်ဆတ်၍ ပြုံးပြကာ ...

"ဟုတ်ပါတယ်၊ ဒီနေ့မှ ပြောင်းလာတာလေ"

"ဟုတ်ကဲ့ ...ကျွန်တော် ဘာကူညီပေးရမလဲ မမ၊ ကျွန်တော့်နာမည် နေနမ်းပါ။ ဟိုဘက်ခြံကပါ၊ အခု ကျောင်းကပြန်လာတော့ မမတို့ကိုတွေ့တာနဲ့ ဘာများကူညီရမလဲလို့ လာမေးတာပါ"

စကားပြောလည်း ရည်မွန်သော လူယဉ်ကျေးကောင်လေးရဲ့စိတ်ထားကိုတော့ ရွှေရေး သဘောကျသွားပါသည်။ ရွှေရေးသည် လူမှုဆက်ဆံရေးကောင်းသူ ဖြစ်တာကြောင့် ကိုယ့်ကိုလာကူပေးတဲ့ကောင်လေးကို ပြန်မိတ်ဆက်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မောင်လေး၊ ပစ္စည်းတွေလည်းနေရာတကျရှိသွားပါပြီ။ အစ်မတို့တော့ အိမ်နီးချင်းကောင်းရတာပေါ့။ အစ်မ နာမည်လည်း မှတ်ထားပါ။ ရွှေရေးခြယ်လို့ခေါ်ပါတယ်။ အစ်မတို့က ဒီရပ်ကွက်ထဲ အခုမှပြောင်းလာတာဆိုတော့ ဒီရပ်ကွက်အထာ သိပ်မသိဘူး။ ကူညီပါနော်"





"ဟာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ မမ။ စိတ်ချပါ ကျွန်တော်ကူညီမှာပါ။ ကျွန်တော်က ဒီမှာ ငယ်မွေးခြံပေါက်ဆိုတော့ ကျွန်တော်က အားလုံးကူညီပေးနိုင်ပါတယ် ခင်ဗျ။ အခုကော မမဘာလိုအပ်သေးလဲ"

"အေးကွယ် ... ရပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်။ အခုတော့ အကူအညီမလိုသေးပါဘူး"

"ဟုတ်ကဲ့ ... အဲဒါဆို ကျွန်တော် သွားလိုက်ပါဦးမယ် ခင်ဗျ။ တစ်ခုခုလိုတယ်ဆိုရင် လှမ်းခေါ်လိုက်ပါ ခင်ဗျ။ ကျွန်တော် ဟိုဘက်ခြံမှာရှိပါတယ်"

"အေးကွယ် ... ကျေးဇူးပါနော်"

ကောင်လေးက ရွှေရေးကို နှုတ်ဆက်ပြီး ထွက်သွားလျှင် ရွှေရေးသည် ကိုယ်လုပ်စရာရှိသည်ကို ဆက်လုပ်နေစဉ် ရွှေမှုန်က ရွှေရေးရဲ့ခါးကို အနောက်ကနေ သိုင်းဖက်ကာ ...

"ရေး ... အိမ်ထဲမှာတော့ တော်တော်နေရာကျသွားပြီ။ ခုနက ဘယ်သူနဲ့ ပြောနေတာလဲ"

"ဟိုဘက်ခြံကပါ၊ ဘာများကူညီရမလဲလို့ လာမေးတာတဲ့"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မှုန်လေးသွားနားတော့။ ဒီမှာလည်းပြီးပြီ၊ အလုပ်သမားတွေ ပိုက်ဆံရှင်းပြီးရင် ရေးလာခဲ့မယ်"

"ဟုတ်ကဲ့ပါ"

ရွှေမှုန်က အိမ်ထဲသို့ ခပ်သွက်သွက် ဝင်သွားလေတော့သည်။ ရွှေရေးနှင့် ရွှေမှုန်ဟာ ညီအစ်မဝမ်းကွဲပေမယ့် အရင်းအချာတွေထက်တောင် ပိုချစ်ကြတာဖြစ်သည်။ ရွှေမှုန်လေးဟာ ရွှေရေးကိုဆို အရမ်းတွယ်တာ,တာပဲဖြစ်၏။ ရွှေရေးကလည်း အဲဒါကြောင့်မို့ တုန်နေအောင်ကို ချစ်ရတာဖြစ်သည်။

ရွှေရေးသည် အလုပ်သမားတွေကို ပိုက်ဆံရှင်းပြီးနောက်မှာတော့ တစ်နေကုန် ပစ္စည်းရွှေ့ပြောင်းလုပ်ရတာ ပင်ပန်းသွားပြီဖြစ်တာကြောင့် ခဏနားကာ ရေမိုးချိုးလိုက်တော့သည်။ ခေါင်းလျှော်ထားတဲ့ ဆံပင်တွေကို တဘက်ဖြင့် ပွတ်သုတ်နေစဉ် ရွှေမှုန်က အခန်းထဲကို ဝင်လာကာ ...

"ဟယ် ... ရေး၊ ခေါင်းတွေလျှော်နေတယ်။ မနက်ကပဲ နှာမွန်ချင်နေတယ်ဆို၊ အင်း ... ဖျားတော့မှာပဲ။ ပေး ... ပေး ... သမီး dryer ဆွဲပေးမယ်"





ရွှေမှုန်က ရွှေရေးလက်ထဲက တဘက်ကို ဆွဲယူကာ သုတ်ပေးလေသည်။ dryer ဆွဲနေရင်းကမှ ရွှေမှုန်က ပြုံးစိစိမျက်နှာဖြင့် ...

"ရေးကို ပြောစရာရှိသေးတယ် သိလား၊ နေ့ချိုတို့နဲ့သွားကတဲ့နေ့တုန်းကလေ ... အဟင်း"

ရွှေမှုန်က ချက်ချင်းမပြောသေးဘဲ ပြုံးစစလုပ်နေစဉ်မှာပဲ ရွှေမှုန့်ဖုန်းလေးက လာလေလျှင် စကားစကပြတ်သွားပြီး ရွှေမှုန်က ဖုန်းသွားကိုင်လေသည်။ ရွှေရေးရဲ့ဘေးမှာပဲ ပြောနေတာမို့ စကားသံတွေကို အတိုင်းသားကြားရလေသည်။

"ဟုတ်ကဲ့ ... မှုန်ပါ"

"........."

"အင်း ... ဟုတ်တယ် ... ဟုတ်၊ ညမှ online မှာတွေ့မယ်လေ၊ အင်း ... တာတာ့"

အင်း ... ဒီလိုပြောနေတာဆိုရင်တော့ ရွှေမှုန်ရဲ့ အဒီဇယားလေးထင်သည်။ ရွှေရေးသည် ချည်သားဝမ်းဆက်ကို လဲလှယ်ဝတ်ဆင်လိုက်ပြီးနောက် ဖုန်းပြောပြီးသွားသော ရွှေမှုန့်ကို လှမ်းမေးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတုံး မှုန်လေး။ online မှာတွေ့တဲ့ ကြူစီလေး လား"

"ဟား ... ဟား ... ကြူစီလေးတော့ ကြူစီလေးပဲ။ ဒါပေမဲ့ chatting မှာ တွေ့တာတော့ ဟုတ်ဘူး။ ခုနတုန်းက ရေး ကိုပြောပြတဲ့တစ်ယောက်။ life band မှာ က,တဲ့နေ့က မှုန်ကို လာနှုတ်ဆက်တာ။ အသက်ကတော့ ရေးနဲ့မတိမ်း မယိမ်းလောက်ပဲ ရှိသေးတယ်"

"မြတ်စွာဘုရား ... ကျုပ်နဲ့ရွယ်တူ။ အဲဒါကို ညည်းက ကြူစီလုပ်နေတယ်"

ရွှေရေးက အလန့်တကြားဆိုလျှင် ရွှေမှုန်ကတဟား ဟားဖြင့် သဘောတကျ ရယ်မောကာ ရွှေရေးရဲ့ခါးကိုဖက်၍ အောက်ထပ်သို့ တူတူဆင်းလာရင်း ...

"ရေးကလည်း၊ အဲဒီဘိုးတော်ကြီးကလည်း ရေးလိုပဲနော်၊ အလန်းစား၊ မသိရင် နှစ်ဆယ်ကျော်လောက်ပဲ ထင်ရတယ်။ တကယ်မိုက်တာ ... ဟဲ ... ဟဲ ... ဒါကြောင့်မို့ မီးက အပျော်တမ်း စကားပြောကြည့်တာပါ ရေးရဲ့"

"ကြည့်လုပ်နော် ... မှုန်လေး။ ထင်တိုင်းကြဲမနေနဲ့"





"အေးဆေးပါ ရေးရာ။ ဟဲ ဟဲ ... သမီးက အဲ့ဘိုးတော် ကို ရေးနဲ့သဘောတူနေတာ။ ဘယ်လိုလဲ ... မှုန် မိတ် ဆက်ပေးမယ်လေ။ တွေ့ကြည့်မလား"

"ဟဲ့ ... တော် ... တော်။ အေးဆေးနေပါ့မယ် မှုန်မှုန်ရယ်"

ရွှေရေးစကားကြောင့် ရွှေမှုန်က ပြောင်စပ်စပ်မျက်နှာ ဖြင့် လှမ်းနောက်လေသည်။

"အင်းပါ ... တို့အပျိုကြီးရေးတစ်ယောက် ဘယ်တော့မှ အချစ်ကို တွေ့ရှိမလဲဆိုတာ ပိတ်ကားပေါ်မှာ ဆက်လက် စောင့်ကြည့်တာပေါ့ကွယ်"

စောင့်ကြည့်ပါ ... စောင့်ကြည့်ပါ။

အချစ်ကိုတွေ့ရှိဖို့ဆိုတာ ရွှေရေးအတွက်တော့ မဖြစ် နိုင်တဲ့ကိစ္စပဲ ဖြစ်ပါသည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဟော့ကောင် ... ဘယ်သူလဲ"

သူက မဂ္ဂဇင်းတစ်အုပ်ကို ဟိုလှန်ဒီလှန် ဖတ်နေတုံး မှာ ခြံဝကဘဲလ်တီးသံကြားတာကြောင့် သူဟာ ဂိမ်းထိုင်ဆော့နေ သော အနမ်းကို သွားကြည့်ခိုင်းလိုက်ပြီး ပြန်ဝင်လာတာကြောင့် သူက ဘယ်သူလဲဆိုပြီး လှမ်းမေးလိုက်တာဖြစ်သည်။ သူ့အမေး ကို အနမ်းက ဖိတ်စာတစ်စောင်ကိုင်ကာ မှိုရထားသောမျက်နှာ ဖြင့် သူ့ဆီသို့ မြောက်ကြွကြွရောက်လာကာ ...

"ဟဲ ဟဲ ... ဟိုဘက်ခြံက အသစ်ပြောင်းလာတဲ့ အလန်း စား မမလေ။ သူတို့ အိမ်သစ်တက်ပွဲကို မနက်ဖြန် မပျက်မကွက် အိမ်ရှိလူစုံ ဆက်ဆက်တက်ရောက်ပါတဲ့ ခင်ဗျ။ ကျွန်တော့်ကို ဖိတ်တာ"





"အံ့မယ် ... အလန်းစားမမတွေ ဘာတွေနဲ့ တော်တော် လန်းလို့လား မင်းမမက၊ ပြီးတော့ အသက်ကကော"

အနမ်းက သူ့မေးခွန်းကို ဖြေချင်လွန်းလှစွာဖြင့် ကော်လာကို ခပ်ဆဆမြှောက်ကာ ...

"အဟား ... ကင်းမမြင်သေးလို့နော်။ မြင်ရင် လုံးဝကြွေ ကျပြီး မြေခသွားမယ်၊ မမက ကင်းနဲ့မတိမ်းမယိမ်းထင် တယ်။ ခုနက မေးကြည့်တုံးကတော့ မင်းထက် တို့က အသက်ကြီးပါတယ်တဲ့၊ အင်း ... ခါပေမဲ့လည်း ကျွန်တော့် အထင်အရဆို ကျွန်တော့်ထက်ကြီးလှ တစ်နှစ်,နှစ်နှစ်ပေါ့"

"ဘာ ... အဲလို ... အဲလို အဘွားကြီးကို မင်းက မမ ... ဟုတ်လား။ ဟာ ... သွားပြီ အနမ်း။ မင်းကို မိုးညကင်း ရဲ့တစ်ဦးတည်းသောတူလို့ ပြောရမှာတောင် ရှက်သွားပြီ ဟေ့၊ ဒီလို နအောင် ပျိုအောင် စွတ်ပြီးတင်ထားတာပါ ကွာ၊ မင်း အဲလိုအဘွားကြီးကို ခိုက်တယ်။ OH ! My God"

မိုးညသည် အနမ်းကို ဟာသလုပ်ကာ မခံချင်အောင် ပြောလေလျှင် အဲဒီကောင်ကလည်း သူ့ကိုပြန်ချေပလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မမက အဘွားကြီးဆို ကင်းကလည်း အဘိုးကြီးပဲ"

"ဘာကွ ... ဟော့ကောင် ရှီးလိုက်ဦး။ ဒီကောင်က အသက်ကလေးမှ သတ်တီသရီးပဲ ရှိသေးတာ၊ ကြည့်လိုက်စမ်း၊ ငါ့ဒီဖိုင်းကို။ မင်းနဲ့ ငါ ဆော်ပြိုင်လိုက်ရင် ကောင်မလေးတွေဆီက ငါ့ဆီကြွေဆင်းလာမှာနော်၊ သဘောပေါက် ဟော့ကောင်"

"ဩော် ... ဒါကတော့ သူဌေးနဲ့ သူဌေးသားခွဲတတ်လာပြီကိုး။ ကင်းက ရုပ်ရှိရေလှ့ old service ဘောစိကြီးဆိုတော့ ဆော်တွေက ကျမှာပေါ့"

"ခွေးကောင် ... ငါ့ကိုများ"

သူက ပြောလည်းပြော အနမ်းရဲ့ဇက်ပိုးကိုပါ အုပ်လိုက်လေတော့သည်။ သူတို့တူဝရီးနှစ်ယောက်က အဲလိုမျိုးပဲဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် အရမ်းတွယ်ကြပြီး ရင်းရင်းနှီးနှီးရှိသည်။ ပြောသာပြောရတယ် သူ့တူအနမ်းဟာ တော်တယ်လို့ပြောရမည်။ ဖတဆိုးလေး နေနမ်းဟာ သုံးနှစ်သားလောက်ကတည်းက သူ့လက်ပေါ်မှာပဲ ကြီးပြင်းလာခဲ့တာဖြစ်သည်။ စာဆိုလည်း ထူးချွန်သော့အနမ်းဟာ ဆယ်တန်းမှာ ဘာသာစုံ





ဂုဏ်ထူးဖြင့်အောင်ကာ အခုချိန်မှာ ဆေးကျောင်းသားကြီးတောင် ဖြစ်လို့နေပြီ။

2nd MB ကျောင်းသားလေး နေနမ်းဟာ သူနှင့်ဆို ဘော်ဒါတွေလိုပဲနေကာ လုံးထွေးသတ်ပုတ်နေကြတာပဲဖြစ်သည်။ ဆော်ဆို အီစီကလီလောက်ပဲရှိသော အနမ်းဟာ ဒီဘွားတော်ကြီးကိုမှ ချောတယ် လန်းတယ် လုပ်နေတော့ သူက မသကာတော့ပါ။

ဒီတော့ အနမ်းကို သူ့မှာအချိုသပ်ရသည်။ အနမ်းရဲ့ပခုံးကိုဖက်ကာ သူ့ကို လက်ချာရိုက်ရတော့သည်။

"မှတ်ထားကွ ... အနမ်းရ။ မိန်းမဆိုတာ နမှ ငယ်မှကွ။ ဒီမှာ ငါ့ကိုပဲကြည့်။ ငါဆိုရင် ကိုယ့်ရည်းစားပဲဖြစ်ဖြစ်၊ ယူမယ့်မိန်းမပဲဖြစ်ဖြစ် အနည်းဆုံး ငါ့ထက်ခုနစ်နှစ် ရှစ်နှစ်တော့ကွာမှ။ ငါတို့ယောကျ်ားတွေဆိုတာ အလန်းလေးတွေပဲ ရင်ခုန်တာလေကွာ"

"အွန် ... ကင်းကတော့ ဟုတ်တာပေါ့ဗျ။ ကျွန်တော်ကျတော့ အနည်းဆုံး ခုနစ်နှစ် ရှစ်နှစ်ကွာတာ သွားရင်ခုန်ရင် ဆယ့်နှစ်နှစ်သမီးပဲ ရမှာပေါ့။ အဲ့ကလေးကို ကျွန်တော်က ရင်ခုန်ရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မင်းကလည်း သဘောပြောတာလေကွာ။ မင်းကျတော့ ရွယ်တူတန်းတူရှာပေါ့။ ဟော ... ခုနတုန်းကလို မျိုး အဘွားကြီးတွေတော့ သွားရင်မခုန်ပါနဲ့ကွာ။ မမိုက်ပါဘူး၊ မင်းတောင် အောက်သေးတယ်"

သူ့စကားကြောင့် အနမ်းက မျက်မှောင်တစ်ချက် ကြုတ်ကြည့်ကာ ခေါင်းယမ်းပြသည်။ ပြီးတော့ သူ့ကိုပြန်ပြီး ချေပပါသည်။

"ကင်းရာ ... အဘွားကြီးလို့တော့ မပြောပါနဲ့ဗျ။ မမကတကယ်မိုက်တာ၊ အဲတော့ ဒီလိုလုပ်ဗျာ။ မနက်ဖြန်အိမ်တက်ကို ကင်းလိုက်ခဲ့။ မမနဲ့ မိတ်ဆက်ပေးမယ်။ သူ့ပုံစံကို ဝေဖန်ကြည့်လိုက်၊ မလှဘူး မလန်းဘူးဆို ကျွန်တော့်ကို ကြိုက်သလိုပြောဗျာ။ ဘယ်လိုလဲ"

"အေး ... ပြီးရော။ ငါက မမိုက်ဘူးဆိုရင် မင်း သူနဲ့ ဆက်မပတ်သက်နဲ့တော့နော်။ အိမ်နီးချင်းသဘောပဲ ... အိုခေ"

"စိန်လိုက် ... ကင်း"





သူနှင့်အနမ်းက လက်ဝါးချင်းရိုက် သဘောတူလိုက်ကာ ပွဲပြတ်သွား၏။ စဉ်းစားကြည့်ပါဦး ... ဒီကောင် ဂေါက်နေလို့ မိုက်တယ် ပြောတာ။ သူနှင့် အသက်ရွယ်တူရှိနေလောက်မည့် အဲဒီဘွားတော်ကြီးက ဘယ်လောက်ပဲ လန်းစေဦးတော့ over 30 က over 30 ပဲဖြစ်သည်။ အဲဒီအတွက် သူကတော့ လုံးဝစိတ်မဝင်စားပါချေ။

အဲဒီလိုနှင့် မနက်ရောက်တော့ တစ်ဖက်ခြံက အိမ်သစ်တက်ပွဲကို သူတို့တူဝရီးနှစ်ယောက်ရယ်၊ မာမီရယ် အတူ သွားခဲ့ကြသည်။ မမကြီး (အနမ်းရဲ့အမေ)ကတော့ meeting သွားရမှာမို့ ပါမလာတော့ချေ။ အမှန်တော့ သူဟာလည်း လိုက်ချင်လွန်းလို့မဟုတ်ပါ။ အနမ်းစွတ်တင်ထားသည့် ဘွားတော်ကြီးကို လိုက်ကြည့်ပြီး အပြတ်ဝေဖန်ပြီး အနမ်းကို ပြစ်ချက်တွေထောက်ပြချင်လို့ဖြစ်သည်။ သူက အဲလိုအကြံဆိုးကြီးနှင့် လိုက်လာတာဖြစ်၏။

"ကင်း ... နိုစိမ်း ဝမ်းဆက်နဲ့မမလေ၊ မိုက်တယ်မှလား"

သူက အနမ်းရဲ့ခပ်တိုးတိုးအပြောကြောင့် လှမ်းကြည့်လိုက်လျှင် ဆာရီစလိုအစမျိုးနှင့် ခပ်ဆန်းဆန်း မြန်မာအင်္ကျီပုံကို



www.burmeseclassic.com

www.burmeseclassic.com



သုံးလွှာထဘီနှင့် လှတပတ ဝတ်ဆင်ထားသော သူမကို သွားတွေ့လေသည်။ မဆိုးဘူးပဲ ဆိုပါစို့။ သူက အမျိုးသမီးကိုငေးတုန်းမှာ သူမကလည်း မျက်နှာကို ဒီဘက်လှည့်အလာ သူတို့လာတာကိုမြင်လျှင် အပြေးတပိုင်း ဆီးကြိုလေသည်။

"ကြွပါရှင့် ... ကြီးကြီး ဒီဘက်ကိုကြွပါ။ လာလေ ... မှောင်လေး၊ အစ်ကို ကြွပါရှင့်၊ ယမင်းရေ ပွဲသစ်ပြင်ပေးပါ"

ဖော်ရွေပျူငှာမှုကတော့ စာဖွဲ့ချင်စရာပါပဲ။ သူ့မာမီကတော့ အဲဒီအမျိုးသမီးရဲ့ ဖော်ရွေမှုကို သဘောကျနေပုံရပါသည်။

"မိတ်ဆက်ပေးရဦးမယ်၊ ဒါက ရွှေရေးရဲ့မေမေပါ၊ ဒေါ်ရွှေရင်လို့ ခေါ်ပါတယ်။ မေမေ ... ဒါ ဟိုဘက်ခြံကပါ"

အလိုက်တသိရှိလွန်းလှသော အနမ်းသည် မျက်နှာကြီးကိုဖြီးထားကာ သူတို့ကိုပါ မိတ်ဆက်ပေးလေ၏။ သူတို့လာသည့်အချိန်မှာ ဧည့်သည်တွေကလည်း နည်းနည်းကျဲတာဖြစ်၍ ရွှေရေးခြယ်ဆိုသည့် အမျိုးသမီးက သူတို့နှင့် အေးဆေးစကားပြောနိုင်တာဖြစ်သည်။





"မမကိုကော ကြီးကြီးကိုပါ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့် ဘွားဘွားပါ ခင်ဗျ၊ ဒေါ်မိုးခင်လို့ ခေါ်ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့တစ်ဦးတည်းသော ဦးလေးပါ၊ ဦးမိုးညကင်းပါ"

"ကျွန်မတို့လည်း တွေ့ရတာ ဝမ်းသာပါတယ်။ အခုလို အစ်မကြီးနဲ့သိရ ခင်ရတော့ ဓမ္မမိတ်ဆွေတိုးတာပေါ့"

"အမယ်လေး ... ဟုတ်ပါ့ ဟုတ်ပါ့။ ကျွန်မကလည်း ဒီကညီမနဲ့ခင်ရတာ ဝမ်းသာပါတယ်။ ဓမ္မမိတ်ဆွေတွေပေါ့ရှင်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... လာ ... အစ်မကြီး ဓမ္မမိတ်ဆွေတွေနဲ့ မိတ်ဆက်ပေးမယ်။ ကလေးတွေ တစ်ဝိုင်း၊ လူကြီးတွေ တစ်ဝိုင်းပေါ့"

ရွှေရေးခြယ်အမေနှင့် သူ့မာမီကတော့ လေပေးဖြောင့်စွာဖြင့် ဓမ္မမိတ်ဆွေတွေနှင့် တစ်ဝိုင်းဖွဲ့ကာ အဆင်ချောနေလေတော့သည်။ လူကြီးတွေ အိုခေမှ သူတို့စကားဝိုင်းလေးက ပိုမိုအသက်ဝင်လာပေသည်။



www.burmeseclassic.com

www.burmeseclassic.com



“သုံးဆောင်ပါရှင်၊ ဘာမှအားမနာနဲ့နော်။ နေနမ်း ... မောင်လေး ... စားနော်”

“အာ ... စိတ်ချ မမ။ ကျွန်တော်ကစားမှာအဝ ... ဟဲ ဟဲ”

ဒီပွဲမှာ အနမ်းက အူမြူးနေပေမယ့် သူကတော့ ပါးစပ်ပိတ် နှုတ်ဆိတ်နေ,နေရတာဟာ သိပ်တော့ မမိုက်လှပါ။ သူက ခပ်ဆိတ်ဆိတ်နေကာ ကြာဇံချက်ကို ကုန်အောင်စားပြီး လက်စသတ်လိုက်လျှင် ...

“ဟင် ... တော်ပြီလား။ ထပ်ထည့်ပါဦး”

“တော်ပါပြီ ခင်ဗျ၊ ကျွန်တော် ဗိုက်ပြည့်နေလို့ပါ၊ စားလို့လည်း အရမ်းကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်”

သူက အဲဒီလိုပြောလိုက်လျှင် သူမက ဘာမှဆက်မပြောတော့ဘဲ သူမအိမ်သားတွေဆီကို လှမ်းအော်ပြောလိုက်သည်။

“မှန်လေးရေ ... ဒီမှာ အချိုပွဲ လုပ်ပါဦးဟေ့”

“လာပြီ ... ရေးရေ လာပြီ”

အဲဒီအသံလေးနှင့်အတူ မကြာလှသော စက္ကန့်အတွင်းမှာ အချိုပွဲဗန်းကို ကိုင်ဆောင်လာသော အမျိုးသမီးလေးကို တွေ့လိုက်ရလေသည်။ ဟာ ... မယုံနိုင်စရာပါလား။ အချိုပွဲဗန်းကိုကိုင်ပြီး သူတို့ဆီကို လျှောက်လှမ်းလာသူက ရွှေမှုန်ပါလား။





မိုးညသည် အံ့သြမှုကြီးစွာဖြင့် ပါးစပ်ကနေ လွှတ်ခနဲ ထွက်သွားမိသည်။

“ရွှေမှုန်”

အဲဒီခေါ်သံကြောင့် သူ့ကို ရွှေမှုန်က ကြည့်မိလျှင် သူမကလည်း အလွန်တရာမှ အံ့အားသင့်သွားသည့်ပုံစံဖြင့် အချိုပွဲဗန်းကို စားပွဲပေါ်တင်ကာ ရွှေရေးခြယ်ဘေး ဝင်ထိုင်ပြီးမှ ...

“ဟယ် ... ကိုကြီးည၊ ကိုနေနမ်း ရှင်တို့က ရေးမိတ်ဆွေတွေလား”

“ဟင် ... မှန်လေးနဲ့က သိနေကြတာလား”

ရွှေရေးခြယ်ရဲ့ သိချင်နေသည့်ကိစ္စကို သူကပဲပြောပြလိုက်တော့သည်။

“ဟုတ်တယ်၊ ကျွန်တော်နဲ့ ရွှေမှုန်က သိနေကြတာ ကြာပြီ။ လက်စသတ်တော့ ရွှေမှုန်က ဒီကိုပြောင်းလာတာကိုး၊ ကြည့်ပါဦး၊ နီးရက်နဲ့ဝေး”

“ဟုတ်ပ ... ကိုကြီးညက ဘေးခြံကလား”

“ဟုတ်တယ် ... ရွှေမှုန်ရဲ့”

“ဟား ... ကောင်းလိုက်တာ။ ကိုကြီးညတို့နဲ့ နီးနီးနားနား ပြောင်းလာတာကိုက အဆင်ချောတာ”



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန်က ဝမ်းသာဟန်ဖြင့် ပြောလေလျှင် သူက ရွှေမှုန် ဝမ်းသာတာထက် အဆတစ်ရာပိုပြီး ဝမ်းသာရလေသည်။ စဉ်းစားကြည့်လေ ... သူ လိုက်နေတဲ့ ရွှေမှုန်ဟာ အခုချိန်မှာ သူနှင့်အနီးဆုံးမှာ ရှိနေပြီ။ သူ့ရဲ့ပီတိဖြာကာ နှုတ်သွက်နေပုံကို အနမ်းကလည်း ရိပ်မိဟန် ပြုံးစစမျက်နှာထားဖြင့် သူ့မမကိုဖားရသေးသည်။

"အဟား ... အဲဒါဆိုရင်တော့ ကျွန်တော်တို့တွေက မိတ်ရင်းဆွေရင်းတွေ ဖြစ်သွားပြီပဲ။ ဝမ်းသာတယ်ဗျာ၊ ဩော် ... ဒါနဲ့ မမနဲ့ ရွှေမှုန်က ..."

"ရွှေမှုန်က မမညီမလေးလေ"

ဩော် ... ဩော်။ သူတို့က ညီအစ်မတွေကိုး။ မိုးညသည် ဆက်ပြီးပတ်သက်စရာ အကြောင်းလေးတွေရှိတော့ မည့် ဒီအိမ်က မိသားစုဝင်တွေကို ရင်းနှီးစေဖို့ မျက်နှာကိုပြုံးထားလိုက်တော့သည်။

ရွှေမှုန်ဟာ သူ့ရဲ့ဖူးစာရှင်အဖြစ် သူကတော့ သတ်မှတ်ကာ ဖိတ်စာတစ်ခြမ်းတော့ ရိုက်ထားပြီးပြီဖြစ်သည်။

♥ ◇ ♥





၆

ရွှေရေးသည် ကားကိုမောင်းကာ ခပ်ညာညာမောင်းရင်း စိတ်ထဲကလည်း ဘုရားစာကို တတွတ်တွတ် ရွတ်နေမိသည်။ မနေ့ကတည်းက ကားက ဖွဲဖောက်နေတာဖြစ်သည်။ ရွှေရေးကလည်း အလုပ်တွေရှုပ်နေတာမို့ ဝပ်ရှော့ပ်ကို မသွားနိုင်သေး။ ဒီနေ့တော့ သွားမယ်ဆိုပြီး တေးထားပေမယ့် မမျှော်လင့်ဘဲ အထည်ချုပ်မှာ cutting တွေမှားချုပ်မိ၍ ပြဿနာတွေတက်တာကြောင့် ရွှေရေးမှာ မိုးလင်းကတည်းက အထည်ချုပ်မှာ သွားရှင်းနေရတာဖြစ်သည်။ ပြဿနာတွေ ရှင်းပြီးလင်းပြီးသွားတော့ ညနေစောင်းနာရီတောင် ထိုးချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို ကြိုပြောထားတာကြောင့် စိတ်တော့ပူမှာ မဟုတ်ပါ။ ကားကလည်း မောင်းနေရင်းကမှ တုံ့ဆိုင်း တုံ့ဆိုင်း ဖြစ်နေတာကြောင့် ရွှေရေးမှာ တော်တော်ကို ရင်တုန်နေရတာ ဖြစ်သည်။ မှောင်ကလည်း မှောင်နေပြီ။ မိုးကလည်း ရွာလိုက်သည်မှာ ရက်ရက်စက်စက်။ ဒီအချိန် ကားပျက်လို့ကတော့ သွားပြီ။ ရွှေရေးတစ်ယောက်တည်း မိုးသည်းသည်းထဲမှာ ညဘက်ကြီး ဘယ်လိုမှ အဆင်မပြေနိုင်ချေ။

မဖြစ်တော့ ... မေမေ့ဆီတော့ ဖုန်းလှမ်းဆက်ထားဦးမှ။

ရွှေရေးသည် hand free နားကြပ်လေးကို နားမှာတပ်ကာ အိမ်ကိုဖုန်းခေါ်လိုက်သည်။ လိုင်းက မိတစ်ချက် မမိတစ်ချက် ဒီကြားထဲ ဘက်ထရီကလည်း ကုန်ခါနီးပြီ။ ကံကတော့ အလွန်တရာကိုမှ ဆိုးဝါးလွန်းလှပါသည်။ ဖုန်းက ဘက်ထရီကုန်ကာ လုံးဝပိတ်သွားပြီဖြစ်၏။ မတတ်နိုင်တော့။

ရွှေရေးသည် ကားကိုပဲ ခပ်ဖြည်းဖြည်းဖြင့် ထိန်းမောင်းလာခဲ့တော့သည်။ အိမ်ကိုရောက်ဖို့က တော်တော်လေးကို လိုပါသေးသည်။ တစ်ချိမှာတော့ ကားကလုံးဝမရတော့ချေ။





လုံးဝကြီးကို ထိုးရပ်သွားချေပြီ။ စက်ကိုကြိုးစားပြီးနိုးအောင် နှိုးကြည့်သော်လည်း မရတော့။

"ဟား ... သွားပါပြီကွာ။ စိတ်ညစ်လိုက်တာ"

ရွှေရေးသည် ကားပေါ်ကနေ ထီးတစ်လက်ဖြင့်ဆင်းကာ တက္ကစီငှားဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။ ဘာမှ,မှမတတ်နိုင်တာ။ ဒီလောက် မိုးတွေသဲသဲမဲမဲရွာနေတာ ဘယ် mechanic ကိုမှလဲ ခေါ်လို့ရမှာ မဟုတ်တော့။ ဒီတော့ ကားကို ဒီမှာထားခဲ့ပြီး လူကတော့ Taxi နှင့်ပြန်မှပဲ ဖြစ်တော့မည်။ ရွှေရေးသည် ရေအားကောင်းကောင်းဖြင့် ရွာသွန်းနေသော မိုးရေစက်တွေအောက်မှာ ထီးတစ်ချောင်းဖြင့် အန်တုကာ Taxi တားနေရပါသည်။ Taxi တွေကလည်း မိုးရွာလို့ထင်သည်။ ပါစင်ဂျာအပြည့်နှင့်။ ရွှေရေးတော့ ဒုက္ခပါပဲ။

ရွှေရေးသည် တဝုန်းဝုန်းနှင့် ရွာချနေသော မိုးသံတွေကို ကြားယောင်ရင်းက မျက်လုံးတွေက ဝေဝါးလာသည်။ အနက်ရောင်ကတ္တရာပြင်ဟာ ရွှေရေးရဲ့မျက်လုံးထဲမှာ မပီဝိုးတဝါးရှိလာသည်။ ဘာဖြစ်တာလဲ ... အဲဒါ ဘာဖြစ်တာလဲ။ လူက မူးရိပ် မူးရိပ် ဖြစ်လာကာ နားတွေလည်း အူလို့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် ကားကိုမှီနဲ့ ကာရပ်နေရင်းက မျက်ဝန်းတွေကို မှေးမှိတ်ထားလိုက်သည်။ ညက ပိုမှောင်သထက်မှောင်လို့လာပြီ။ ရွှေရေးရဲ့နားထဲမှာလည်း တိုးတိုး၊တိုးတိုးအသံတွေကနေ တဖြည်းဖြည်းနှင့် ပီသရှင်းလင်းလို့လာသည်။ အား ... ဘာတွေလဲ ... ဘာနိမိတ်တွေလဲ။

ရွှေရေးဟာ Super natural power လိုမျိုး ထူးဆန်းသည့်စိတ်စွမ်းအင်တစ်မျိုးကို ပိုင်ဆိုင်ထားသူမို့ အဲလိုမျိုး အမြင်အာရုံတွေ ဝေ့ဝါးလာပြီဆို နိမိတ်တစ်ခုခုကို ကြိုသိတော့မည်ဆိုတာ သိနေခဲ့သည်။ အခု ဒီတစ်ကြိမ်မှာတော့ အာရုံတွေ ဝေဝါးရုံသာမက နားတွေထဲမှာလည်း အသံတွေ ကြားနေရသည်။

တစ်စတစ်စ ပီပြင်စွာ ကြားလာရလေသည်။

"........."

ပီပြင်ရှင်းလင်းတဲ့ အသံတစ်ခုကို ကြားပြီးနောက် ရွှေရေးဟာ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားလေတော့သည်။ ခုနက တဒင်္ဂအချိန်ကာလမှာ အသိစိတ်လွတ်သွားပေမယ့် ဘာဆိုတာကိုတော့ ရွှေရေး သေချာမှတ်မိနေပါသည်။ ဒါပေမဲ့ အဲဒါဟာ မဖြစ်နိုင်ဘူး ထင်တာပဲ။





"ဟင် ... မရွှေရေးခြယ်ပါလား။ ကား ဘာဖြစ်လို့လဲ"

အဲဒီစကားသံနှင့်အတူ ရွှေရေးရဲ့ရှေ့မှာ ကားရပ်လိုက်သောအခါ ရွှေရေးဟာ ရင်ဘတ်ထဲမှာ "ဟာ"ဆိုသည့် အာမေဋိတ်ကို အကြိမ်ကြိမ် ရေရွတ်မိသွားပြီး မေးတဲ့သူကိုကြည့်လိုက်မိလျှင်တော့ ပိုလို့တောင် အံ့အားသင့်ရလေသည်။ သူ ... သူ ... သူဟာ။

"မရွှေရေးခြယ် ... ကျွန်တော့်ကို မမှတ်မိဘူးလား၊ နေနမ်းရဲ့ ဦးလေးလေ မိုးညကင်းပါ"

ရွှေရေးက အံ့အားသင့်စွာဖြင့် သူ့ရဲ့မျက်နှာကို အကြာကြီး ငေးကြည့်နေတာကို သူက ရွှေရေး သူ့ကိုမမှတ်မိဘူး အထင်ဖြင့် ပြန်ပြီး recall ပြန်ခေါ်နေမှ ရွှေရေးဟာ သတိပြန်ဝင်ကာ ပျာပျာသလဲ ဖြေရှင်းရတော့သည်။

"မှတ်မိပါတယ် ... မှတ်မိပါတယ်။ ကျွန်မ အတွေးလွန်သွားလို့ပါ ကိုမိုးညကင်း၊ ဟို ... ကားက ဘာဖြစ်သွားမှန်း မသိဘူး။ ထိုးရပ်သွားလို့ အဲဒါ ကားကို ဒီမှာထားခဲ့ပြီး Taxi နဲ့ပြန်မလို့ အောက်ဆင်းပြီး Taxi တားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အင်းဗျာ။ မိုးကလည်း တော်တော်သည်း
တာခင်ဗျာ၊ ကျွန်တော့်ကားနဲ့ပဲ လိုက်ခဲ့လိုက်ပါလား မ
ရေးခြယ်။ ဒီအချိန်ဆို ဒီနားမှာက လူပြတ်တယ်ဗျ။ မိုး
ရွာနေတော့ Taxi ကလည်း ရှားတယ် ...

ကျွန်တော်လည်း အိမ်ပြန်မှာပဲ၊ ခင်ဗျား ကျွန်တော်
ပဲ လိုက်ခဲ့လိုက်ပါ"

ရွှေရေးသည် သူပြောတဲ့အတိုင်းပဲ လက်ခံက
ကားထဲက ယူစရာရှိတာကို ယူလာပြီး လော့ခ်ချကာ ကားကိုအဲ
မှာထားခဲ့ပြီး သူ့ရဲ့ကားနှင့်ပဲ အိမ်ပြန်လာခဲ့တော့သည်။ ကားပေါ်
မှာ ရွှေရေးကလည်း ပီသရှင်းလင်းစွာ ကြားခဲ့ရသော အကြာ
အာရုံတစ်ခုကြောင့် စိတ်တွေဟာ တုန်ယင်လှုပ်ခတ်နေခဲ့ပါသည်
ဘုရား ... ဘုရား ... အဲဒါဟာ တကယ်ပဲ ဖြစ်နိုင်လား။

"ခင်ဗျားက တစ်ယောက်တည်း ပြန်လာတာလား။ ဟို ...
စပ်စုတယ် မထင်နဲ့နော်"

"အင်း ... ဟုတ် ... ရပါတယ်။ ကျွန်မက လှိုင်သာယာက
အထည်ချုပ်စက်ရုံကနေ ပြန်လာတာပါ။ ကျွန်မကုမ္ပဏီ
ကိစ္စအတွက်လာတာ၊ အဲဒါ လမ်းမှာ ကားကပျက်သွားတယ်
ဆိုတော့"





"ဩော် ... အင်း ... အင်း။ အပြန်မိုးချုပ်မယ်ဆိုရင်တော့
အဖော်လေးဘာလေးနဲ့သွားပေါ့ဗျာ။ စေတနာနဲ့ပြောတာပါ"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ကိုမိုးညကင်း"

သူက ရွှေရေးကိုကြည့်၍ ရင့်ကျက်လေသော အပြုံးတစ်ခုကို ပြုံးပြလေသည်။ သူဟာ တကယ့်ကို လူရည်သန့်တစ်ယောက်ပဲ ဖြစ်ပါသည်။ ရွှေရေးသည် ဘေးတစောင်းမြင်နေရသည့် သူ့ရဲ့မျက်နှာကို တစ်ချက်ကြည့်ကာ မသိသာသော သက်ပြင်းတစ်ခုကို ခိုးချလိုက်ပြီးမှ ...

"ဟိုလေ ... ကိုမိုးညကင်း ကျွန်မကို ဖုန်းတစ်ကောလောက်
ပေးဆက်ပါလားဟင်။ အိမ်ကို ဆက်ချင်လို့ပါ။ ကျွန်မဖုန်း
ဘက်ထရီကုန်သွားလို့"

ရွှေရေးရဲ့အပြောကြောင့် သူက TRAFFICO ရှပ်ခရမ်းရောင်ရဲ့ အင်္ကျီအိတ်ကပ်ထဲကနေ သူ့ဖုန်းလေးကိုထုတ်ကာ ရွှေရေးဆီ ကမ်းပေးကာ ...

"ဆက်ပါ ... ရပါတယ် မရွှေရေးခြယ်"

ရွှေရေးသည် "ကျေးဇူး"ဟု ခပ်တိုးတိုးရေရွတ်ကာ သူ့ဖုန်းကိုယူ၍ ရွှေမှုန်ရဲ့ဖုန်းကိုပဲ လှမ်းခေါ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန်ရဲ့ဖုန်းနံပါတ်ဟာ ဒီဖုန်းထဲမှာ save လုပ်ထားတာပဲ။ အင်းပေါ့လေ ... ရွှေမှုန်နဲ့ အမြဲလိုလို ဖုန်းပြောဖြစ်နေတဲ့ဟာပဲကိုး။ ရွှေရေးသည် အသာပြုံးရင်းက ရွှေမှုန်ဖုန်းကိုင်ချိန်ကို သီချင်းနားထောင်ရင်း စောင့်နေလိုက်သည်။

"အင်း ... ကိုကြီးည ပြောပါ"

အံမယ် ... မိရွှေမှုန်တို့ အသံကိုက ညွတ်ပျောင်းနေတာပဲ။ ရွှေရေးသည် ကိုယ့်ညီမတော်ကို အသံမာမာဖြင့်ဟောက်လိုက်ကော့သည်။

"ဟဲ့ ... ရွှေမှုန်၊ ငါ ... ငါ ... ရွှေရေးဟေ့"

ရွှေမှုန်ဟာ နည်းနည်းအသံတိတ်သွားပြီးမှ အံ့အားသင့်ဟန်ဖြင့် ...

"ရေး ... ရေးက ဘယ်လိုကဘယ်လို ... ဘယ်လို"

"ပြောပြမယ်ဟေ့။ငါ စက်ရုံကအပြန် ကားကထိုးရပ်သွားလို့ အဲဒါ လမ်းမှာ ကိုမိုးညကင်းနဲ့တွေ့လို့။ ကားကိုတော့ ဒီတိုင်းထားခဲ့လိုက်တယ်၊ ငါ ခု ကိုမိုးညကင်းရဲ့ကားနဲ့ ကားကြုံပြန်လိုက်လာပြီ။ စိတ်မပူနဲ့နော် ... မှုန်လေး။ မေမေနဲ့ အန်တီတို့ကိုလည်း ပြောလိုက်နော်"





"ဩော် ... ဟုတ် ... ဟုတ်။ ရေး မိုးမိသေးလား"

"အင်း ... နည်းနည်းပါ"

"အင်းပါ ... အင်းပါ ... မှုန်စောင့်နေမယ်နော်။ ဩော်... ရေး၊ မထင်မှတ်တဲ့ တိုက်ဆိုင်မှုတွေ ရှိတယ်ဆိုကတည်းက အဲ့ဒါ ဇာတ်လမ်းနော် ဇာတ်လမ်း။ ရေးရေ ... သမီးက ကိုကြီးညနဲ့ဆို အရမ်း အရမ်း သဘောတူတယ်နော် ... အဟဲ ဟဲ"

အဲဒီအပြောကြောင့် ရွှေရေးဟာ ကျင်စက်နဲ့အတို့ခံထားရတဲ့သူလို ကျင်ခနဲ ဖြစ်သွားရသည်။

"ရွှေမှုန်နော် ... ဘာဖြစ်နေတာလဲ။ ဒါပဲ ... ဒါပဲ"

ရွှေရေးက ခပ်သွက်သွက်ပြောကာ ဖုန်းချလိုက်တော့သည်။ ပြီးတော့ သူ့ကိုဖုန်းပြန်ပေးလိုက်ပြီး ...

"thank you ... ကိုမိုးညကင်း"

"nevermind ပါ မရွှေရေးခြယ်"

"ဟုတ်ကဲ့ ... ဒါနဲ့ ကိုမိုးညကင်းကကော ဘယ်ကပြန်လာတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးရွာနေတာကြောင့် သူက ကားကိုအာရုံစိုက်မောင်းနေရင်းကမှ ရွှေရေး မေးခွန်းကို ပြန်ဖြေလေသည်။ အဲကွန်းရဲ့ အအေးဓာတ်ကြောင့် ကားထဲက သစ်သီးဖျော့ရနံ့သည် ရွှေရေးရဲ့ စိတ်ကို အေးမြစေပါသည်။

"ကျွန်တော်က အခု အသစ်ဖွင့်တော့မယ့် (.........) Shopping Mall မှာဆိုင်ခွဲတစ်ခု ထပ်ဖွင့်ဖို့လေ။ အဲဒါနေရာသွားကြည့်တာလေ"

"ဩော်"

ရွှေရေးဟာ "ဩော်"တစ်ခွန်းတည်းပဲ ရေရွတ်နိုင်လိုက်သည်။ စကားဆက်မပြောနိုင်တာကတော့ ရွှေရေးရဲ့အာရုံထဲမှာ ပုံရိပ်တချို့ ပေါ်လာတာကြောင့် ဖြစ်ပါသည်။ ရွှေရေးသည် အမြင်အာရုံတွေ ပိုမိုပီပြင်လာအောင် မျက်ဝန်းတွေကို မှိတ်ထားလိုက်မိ၏။ သေချာပြတ်သားလာတဲ့ ပုံရိပ်တွေ၊ အဲဒီပုံရိပ်တွေထဲမှာ အဓိကလှုပ်ရှားနေသူက မိုးညကင်းပဲ ဖြစ်ပါသည်။ အဖြေတစ်ခုကို ရွှေရေးရဲ့အာရုံတဲမှာ တိတိပပ သိရပြီးနောက်မှာတော့ ရွှေရေးဟာ မျက်ဝန်းတွေကို ပြန်ဖွင့်ကာ သူ့ရဲ့ဘေးတစောင်းမျက်နှာကိုကြည့်ကာ ခုနကစကားကို ပြန်ဆက်လိုက်သည်။





"ကိုမိုးညကင်းက အဲဒီ Mall မှာ ဖွင့်ဖို့နေရာကို တွေ့ပြီလား"

"အင်း ... တွေ့တော့ တွေ့ထားပါတယ်။ ဒါပေမဲ့ နေရာက နည်းနည်းတော့ ထောင့်ကျနေတော့လေ ကျွန်တော်က နည်းနည်းစဉ်းစားနေတာပါ"

"ဟို ... ယူလိုက်ပါ ကိုမိုးညကင်း၊ ဖြစ်နိုင်ရင် မနက်ဖြန်လောက် ယူလိုက်စေချင်တယ်၊ အဲ့နေရာက ထောင့်ကျပေမယ့် ရှင်အဆင်ပြေမှာပါ။ အဲဒီနေရာကို မနက်ဖြန်သာ ရှင်မယူနိုင်ဘူးဆိုရင် နောက်ထပ်လူက ယူသွားလိမ့်မယ်၊ သူလည်း ရှင့်လိုပဲ beauty saloon ဖွင့်မှာနော်။ ရှင် လက်ဦးမှုယူမှ အဲ့နေရာကို ရလိမ့်မယ်"

"ခင်ဗျာ"

ရွှေရေးရဲ့အတပ်ပြောမှုကြောင့် သူက ရွှေရေးကို အကြောင်ကြောင် မျက်နှာထားဖြင့် လှည့်ကြည့်လေသည်။ ဟုတ်သားပဲ ... သူ အံ့အားသင့်မှာပေါ့။ ရွှေရေး အကြောင်းကို သူမှ မသိတာ။



www.burmeseclassic.com

www.burmeseclassic.com



"အဟော် ... ကျွန်မက စိတ်စွမ်းအားတစ်မျိုးကို ပိုင်ဆိုင်ထားပါတယ်။ မွေးရာပါ ပါရမီပေါ့။ တစ်ခါ တစ်ခါမှာ ရှေ့ပြေးနိမိတ်လေးတွေ မြင်တတ်ပါတယ်။ ကျွန်မရဲ့အာရုံထဲမှာ ခုနကပြောတာကို မြင်လို့ပါ ...

ဒါ ကျွန်မက ပြောပြတာပါ။ ယုံကြည်တာ မယုံကြည်တာဆိုတာကတော့ ရှင့်အပိုင်းပေါ့နော်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်။ မွှေမှုန်ကလည်း မရွှေရေးခြယ်အကြောင်းကို နည်းနည်းပြောပြဖူးပါတယ်။ ဒီလို power မျိုး ရထားတာဆိုတာကို ပြောတာတော့ မဟုတ်ဘူး။ မရွှေရေးခြယ် မှန်းတာတွေက ဒက်ထိမှန်တယ်လို့ တစ်ခါပြောဖူးတယ် ...

အဲဒါဆို ကျွန်တော် ဒီည စဉ်းစားကြည့်လိုက်မယ်ဗျာ၊ ယူဖြစ်ဖို့တော့ များမှာပါ။ အခုလို ပြောပေးတဲ့အတွက်လည်း မရွှေရေးခြယ်ကို ကျေးဇူးအများကြီး တင်ပါတယ်"

အင်း ... သူ့စကားအသွားအလာအရ ဆိုရင်တော့ သူဟာ ရွှေရေးပြောတာကို လက်ခံသလိုလို လက်မခံသလိုလိုပါပဲ။ အေးလေ ... ယုံတာ မယုံတာကတော့ သူ့အပိုင်းပါ။ တစ်နေ့နေ့





တော့ သူ ရွှေရေးကို ယုံနိုင်လာမှာပါ။ လူတစ်ယောက်ရဲ့ကံကြမ္မာကို ရွှေရေးက အတပ်ပြောနိုင်တဲ့စွမ်းအားမျိုး ရှိတယ်ဆိုတာ လောလောဆယ်မှာ သူ ဘယ်လိုမှ လက်ခံနိုင်မှာ မဟုတ်ပါ။ ရွှေရေးကတော့ ကိုယ့်ရဲ့ကံကိုလည်း အတိအကျ သိထားပါသည်။

အထူးသဖြင့်တော့ ... ...။

"ရပါတယ် ကိုမိုးညကင်း။ လက်တွေ့ကျတဲ့ကိစ္စမျိုးကိုပဲ ယုံနိုင်တဲ့လူမျိုးဆိုတာ ရှိပါတယ်။ ကျွန်မလည်း လက်တွေ့မြင်မှ ယုံနိုင်တဲ့ မိန်းမတစ်ယောက်ပါ။ ကိုမိုးညကင်းကို ကျွန်မက အကြံပေးတဲ့ သဘောပါ"

ယုံကြည်မှုဆိုတာ တကယ်လက်တွေ့ ဖြစ်လာမှ ဖြစ်တယ်ဆိုတာ ရွှေရေးလည်း ယုံကြည်ပါသည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၇

မိုးညသည် စီးကရက်တစ်လိပ်ကို ပါးစပ်မှာခဲကာ ဟန်ပါပါပြုံးရင်း မနေ့ညကကိစ္စကို ပြန်တွေးနေမိသည်။ အရမ်း ဟောင်ဖွာ ဟောင်ဖွာလုပ်တတ်တဲ့ ဆော်ကြီးပဲ။ သူ့ကိုယ်သူများ ဘာတဲ့ ... Super natural power ရထားသူကြီးတဲ့။ ဒီခေတ်မှာ ဒါမျိုးတွေလည်း မရှိတော့ပါဘူး။ အလကား ... အိုဗာတွေ။

မိန်းမတွေများ အသက်လေး သုံးဆယ်ကျော်ရင် ဇာဘ်လမ်းတွေက စလာပြီ။ နေရာတကာမှာ ဆရာမကြီးလုပ်ချင် ရတာနဲ့၊ အားလုံး ငါသိပါတယ် အထာမျိုးဖမ်းချင်ရတာနဲ့၊ ပေါက်ပေါက်ကဖောက်၊ ဇီဇာကကြောင် ... အို ... စိတ်ပျက်စရာ။ သူကတော့ ရှင်းသည်။ မိန်းမဆို နမှ ငယ်မှ နှစ်ဆယ်ဝန်းကျင် မှ ချစ်သည်။ ကြင်နာသည်။ မြတ်နိုးသည်။





over 30 ဆို ရောင်ကာနေ၏ဘဲဖြစ်သည်။ အခုလည်း ရွှေရေးခြယ်ဟာ သူ့ကို အခွင့်ရတုန်း ဆရာမကြီးဝင်လုပ်သွားတာဖြစ်သည်။ မဖြစ်နိုင်တာ။ သူဟာ (.........) Mall မှာ Beauty Saloon ဆိုင်ခွဲ ထပ်ဖွင့်ဖို့ ရည်ရွယ်ထားပြီးသား။ သူက နေရာကို သိပ်မကြိုက်သေး၍ နည်းနည်းတင်းခံထားတာဖြစ်သည်။ သူသာ ခေါင်းညိတ်လိုက်ရင် ပွဲကအပြီးပဲဖြစ်၏။ အဲဒီနေရာကို သူနှင့်အပြိုင်ယူမယ့်သူ ဆိုတာလည်း လုံးဝဆို လုံးဝမရှိချေ။ အဲဒါကို အဲဒီမိန်းမက သူ့မှ မနက်ဖြန်မယူရင် တခြားကယူသွားမယ်တဲ့။ ဝေးပါသေးတယ်။ အဲဒီနေရာမှာ သူ့ရဲ့ Beauty saloon ဖွင့်မယ်လို့ ကြားတာနဲ့ တခြားဆိုင်တွေက သိပ်မဟော့ရဲတော့ပေ။ သူ့ရဲ့ဆိုင်ဟာ အရမ်းကို သူ့အတွက် အကျိုးပေးပါသည်။

မိန်းကလေးတိုင်း၊ ပြီးတော့ သူတို့ယောကျ်ားလေးတိုင်းကို လှစေချင်၊ လန်းစေချင်သည့် စေတနာဖြင့် သူက QK ဆိုသည့် beauty saloon လေးတစ်ခု ဖွင့်ခဲ့တာဖြစ်သည်။ အစကတော့ ခပ်သေးသေးပဲဖြစ်သည်။ အခုတော့ သူဟာ အဲဒီလုပ်ငန်းနှင့်ပဲ အောင်မြင်ကြီးပွားလာကာ hotel တွေ၊ Shopping Mall တွေမှာ ဆိုင်ခွဲတွေဖွင့်နိုင်သည်အထိ တိုးတက်လာခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ လုပ်လိုက်တိုင်းမှာ ဘယ်တော့မဆို လွဲသွားတယ်ဆိုတာမရှိခဲ့။ သူဟာ အခုရထားတဲ့နေရာလေးကို ယူမှာဖြစ်သည်။ ဒါပေမဲ့ ဟိုအမျိုးသမီး ဆရာမကြီးဒီဇိုင်းနဲ့ ဝင်ဖောက်တာကို အမြင်ကတ်၍ ဒီနေ့မှာ အဲဒီနေရာဆီမသွားဘဲ ခဏရပ်ထားတာဖြစ်သည်။ အဲဒီနေရာရဲ့ပိုင်ရှင်ဟာ သူ့ဘော်ဒါပဲဖြစ်၏။ ဒီတော့ သူ့ခြံထဲကကြက် ဘယ်အချိန် ချက်စားစား ဖြစ်နေတဲ့ဟာကိုး။

အင်း ... ရွှေရေးခြယ် တစ်ယောက်တော့ ဆရာမကြီးလုပ်ထားတာ လွဲတော့မှာကို ကြိုမြင်မိပါရဲ့။

"ဟာ ... ကင်း ဆိုင်မသွားဘူးလား။ ဒီနေ့ (.........)Mall မှာ နေရာသွားကြည့်မယ်ဆို"

အနမ်းက ကျောပိုးအိတ်လွယ်ကာ အိမ်ထဲဝင်လျှင်ဝင်ချင်းပဲ လှမ်းမေးလိုက်တာဖြစ်သည်။ သြော် ... အနမ်းတောင် ကျောင်းက ပြန်လာပြီကိုး။ မိုးညသည် အနမ်းကို လက်တစ်ဖက်ထောင်ပြကာ နှုတ်ဆက်လိုက်ရင်း ...

"မင်းတောင် ကျောင်းကပြန်ရောက်လာပြီလားကွ၊ ငါကတော့ ဒီနေ့ တစ်နေကုန် အိမ်မှာအငြိမ်ဇယားပဲ။ ဘယ်မှ မသွားဘူး"





"ဟာ ... ကင်း။ မမက ဒီနေ့မှ အဲဒီဆိုင်ခန်းကို ကင်း မယူရင် မရနိုင်ဘူးလို့ ပြောထားတာမှုလား။ ဘာလို့ ဒီနေ့ ငွေမချေတာလဲ၊ ကင်းကလည်းဗျာ"

အနမ်းက ကျောပိုးအိတ်တောင် မချနိုင်ဘဲ သူ့ဘေးကို အပြေးတစ်ပိုင်းဖြင့် ဝင်ထိုင်လျှင် မိုးညသည် အဖြစ်သည်းပြနေသော အနမ်းကို လက်သီးဖြင့် ခပ်ဖွဖွ တစ်ချက်ထိုး၍ ...

"အနမ်းရာ... ကိုကျော်မိုးကလေ အဲဒီဆိုင်နေရာကို ငါက လွဲပြီး ဘယ်သူ့မှမရောင်းဘူး။ မင်း အဘွားကြီးက သက်သက် ဆရာကြီးဝင်လုပ်တာပါကွာ။ သူ ပြောတာတွေက မဖြစ်နိုင်ဘူး၊ ငါ မယုံဘူး"

"မယုံလို့တော့ မရဘူး ကင်းရ။ ဒီလိုမျိုး အပိုင်ပြောနေတယ်ဆိုကတည်းက မမရဲ့ power ကို လျှော့တွက်လို့မရဘူး။ ကျွန်တော်ကတော့ မမကို အထင်ကြီးတယ်ဗျာ"

"မင်းကတော့ ဒါပဲ၊ တော်ပါ အနမ်းရာ"

သူက ပြောရင်းနှင့် ပြာခွက်ထဲမှာ စီးကရက်ပြာမှုန့်တွေကို ခြွေချလိုက်သည်။ အနမ်းတစ်ကောင်တော့ ရွှေရေးခြယ်ကို တော်တော်ကြွေနေပုံရသည်။ သူ့တူဟာ အဲဒီလို ဂေါက်ကြောင်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောမရလည်း တော်လိုက်ပါပြီ ကင်းရာ။ ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်။ ပြီးမှ ဆက်သတ်တာပေါ့ ဟဲ ဟဲ"

အနမ်းက သူ့အိတ်သူဆွဲကာ အပေါ်ထပ်သို့ တက်သွားလေတော့သည်။ မိုးညသည် အဲဒီလိုမျိုး ဗေဒင်တွေ ရေ့ဖြစ်တွေကို အယုံအကြည်ရှိလှသည် မဟုတ်ပါ။ အနမ်းကတော့ အဲဒါတွေကို ယုံကြည်သူဖြစ်၏။ အဲဒီတော့ ရွှေရေးခြယ်ဟာ အနမ်းအတွက် အလွန့်အလွန်ကို အထင်ကြီးစရာတွေ များလှသည့် မိန်းမတစ်ယောက် ဖြစ်လို့လာခဲ့သည်။

အနမ်းကသာ အဲဒီ ရွှေရေးခြယ်ကို အထင်တွေစွတ်ကြီးနေပေမယ့် သူကတော့ ခံစားလို့ကို မရပါချေ။ သူခံစားလို့ရပြီး ဟတ်ထိနေတာက ရွှေမှုန်လေးကိုဖြစ်သည်။ ရွှေမှုန်လေးအကြောင်း စဉ်းစားလိုက်တာနှင့် သူ့ရင်တစ်ခုလုံးသည် ပူနွေးလို့လာလေသည်။ ရွှေမှုန်လေးကတော့ သူ့ဘဝရဲ့လက်တွဲဖော်အစစ်အမှန် ဖြစ်လာမည်လို့ သူကတော့ ယုံကြည်ထားပါသည်။

"မိုးညရေ ... မင်း ဖုန်းဟော့။ ကိုကျော်မိုးတဲ့"

မမကြီးက သူ့ကို ကော့လက်ဒ်ဖုန်းလေး လှမ်းပေးတော့ သူက ဇဝေဇဝါဖြင့်ယူကာ ဖုန်းနားထောင်လိုက်ရသည်၊





"ဟယ်လို"

"အေး ... မိုးညလား။ ကိုယ်ပါ ကျော်မိုး"

"ပြော ... ကိုကျော်မိုး၊ ဘာကိတ်"

"ငါ့ညီ ... မင်းကို ပြောရမှာတော့ အားနာပါတယ်၊ ကိုယ့်ကိုလည်း စိတ်မဆိုးပါနဲ့နော်"

စကားပလ္လင်တွေ ဒီလောက်ခံနေသောအခါ သူကရင်တော့ နည်းနည်းပူသွားရပါသည်။ သူ့ကို ဘာကိစ္စ ကိုကျော်မိုးက ဒီစကားတွေ လာပြောနေတာပါလိမ့်။ သူက စဉ်းစားခန်းဝင်နေတုန်းမှာပဲ ကိုကျော်မိုးက စကားပြန်ဆက်ပါသည်။

"ဟိုဥစ္စာပါ ... မိုးညနဲ့ဆိုင်ထားတဲ့ နေရာလေးကို တစ်ယောက်လာဝယ်သွားပြီ"

"ဗျာ"

"စိတ်မရှိပါနဲ့ မိုးညရာ။ ကိုယ့်မိန်းမက သူ့ဝယ်လက်ကိုခေါ်လာပြီး ဘာမပြော ညာမပြောနဲ့ နေရာကိုသွားပြတာ။ သူတို့ကလည်း မိုးညလို beauty saloon ဖွင့်မှာပဲ၊ ဈေးကလည်း ကိုယ်တို့ပြောထားတဲ့ဈေးအတိုင်း ရတာဆိုတော့ ကိုယ် လွှတ်လိုက်ပြီ၊ ဆောရီးနော် မိုးည ...



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ မင်းဆီ သက်သက်လာခဲ့ပါ့မယ်”

မိုးညသည် ကြားလိုက်ရသောစကားကြောင့် ဘာ ပြန်ပြောလို့ ပြောရမှန်း မသိတော့လောက်အောင် နှုတ်တို့ကဆွံ့အ လို့သွားတော့သည်။ ဟား ... ဘာတွေဖြစ်သွားရတာတုံး။ အဲဒီ ဆိုင်နေရာကို သူဝယ်ဖို့အတွက် စျေးဆိုင်ထားပြီးသား။ ဒီလိုအခြေ အနေမျိုး ဖြစ်သွားလိမ့်မယ်လို့ သူ လုံးဝမျှော်လင့်မထားခဲ့ပေ။

“ကိုကျော်မိုး ... ခင်ဗျားကလည်းဗျာ။ ကျွန်တော် အရင် စျေးဆိုင်ထားတဲ့ဟာကို”

“စိတ်မရှိပါနဲ့ကွာ၊ ကိုယ် တောင်းပန်တယ်”

“ကျစ် ... ထားပါတော့ဗျာ။ အဲဒါဆို ဒါပဲနော်”

“အိုခေ ... မိုးည”

မိုးညသည် ဖုန်းပြောပြီးနောက်မှာတော့ တော်တော် ကို စိတ်ညစ်သွားရပါသည်။ ဒီနေရာကို လက်လွှတ်ဆုံးရှုံးသွားပြီ ဆိုတာ သိလိုက်ရမှ လွှတ်တဲ့ငါးကကြီးမှန်း သဘောပေါက်သွား တာမျိုးဖြစ်သည်။ အဲဒီလိုမှန်းသာ သိခဲ့ရင် သူ ဒီနေ့စောစောသွား ပြီး စာချုပ်,ချုပ်ခဲ့ပါတယ်။ အခုတော့ နောက်ကျပြီး လွန်ကုန်ပြီ ဖြစ်သည်။





မိုးညသည် စိတ်မောသွားဟန်ဖြင့် ဆိုဖာမှာ ခြေပစ် လက်ပစ် ပစ်လှဲချလိုက်လျှင် ဖုန်းဆို မနေ့က ရွှေရေးခြယ်ပြော သောစကားကို ပြန်ကြားယောင်မိသွားသည်။ ဟင် ... မနေ့က ပြောခဲ့တဲ့အတိုင်း တစ်ထပ်တည်းပါလား။ ဒီမိန်းမ ဒီမိန်းမ ပြော တာတွေက ...။

အား ... သွားစမ်း အဲဒါ တိုက်ဆိုင်သွားတာ။ ဒီ မိန်းမက ဘာမို့လို့ သူပြောတဲ့အတိုင်း ဒက်ထိမှန်ရမှာလဲ။ နား လိုက်စမ်းပါ ... အဲဒါ တကယ်မဟုတ်ဘူး။ ရမ်းပြောလို့မှန်သွား တာမျိုး။

“ကင်းရေ ... ဦးကျော်မိုးဆီက ဖုန်းဆို၊ ဘာတဲ့လဲ”

ရေချိုးပြီးကာစဖြစ်သော အနမ်းကသီချင်း၍ အောက် ဆင်းလာပြီး အသည်းအသန် မေးလေလျှင် မိုးညသည် မပြောချင် ပေမယ့်လည်း ပြီးလျှင်သိမှာမို့လို့ တစ်ခါတည်းပဲ ပြောလိုက်တော့ သည်။

“ဆိုင်ကိစ္စပါ၊ တခြားလူယူသွားပြီဆိုတာ ပြောရင်းနဲ့ ငါ့ ကို လှမ်းတောင်းပန်တာ”

“ဟာ ... ဒါဆို မမပြောတာ မှန်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူ သိနေတယ်လေ။ အနမ်းက နဂိုကမှ ရွှေရေးခြယ်ကို အထင်တွေ စွတ်ကြီးနေတဲ့ကောင်၊ အခုလိုဆိုတော့ ပိုဆိုးတော့မှာပေါ့။ အဲဒါမျိုးတော့ သူ လက်မခံနိုင်ပါ။ သူက အတင်းကို ငြင်းဆန်လိုက်ပါသည်။

"ဘာလဲ ... ဒါ တိုက်ဆိုင်မှု။ သူပြောလို့ ဖြစ်တယ်ဆိုတာ လုံးဝမဟုတ်ဘူး"

"ဟာ ... အဲလိုတော့ ပြောလို့မရဘူးလေ ကင်းရ။ မမ ပြောသလိုမျိုး ဖြစ်တာက ဖြစ်တာပဲလေ။ ကင်း လက်ခံရမှာပေါ့။ ကျွန်တော် မပြောဘူးလား။ မမ ပြောတာတွေက မှန်ပါတယ်ဆို။ အခုလည်း ဒါ မှန်တာပဲလေ။ ကင်းသာ မမစကား နားထောင်ပြီး ဆိုင်ကို စောစောယူလိုက်ရင် အဆင်ပြေမှာကို၊ အခုတော့ ..."

သူက အနမ်းကို စိတ်တိုလာကာ ဆောင့်အော်ပစ်လိုက်တော့သည်။

"တိတ်စမ်း ... ဟေ့ကောင်။ ဘာကို ငါက သူ့စကားနားထောင်ရမှာလဲ။ မင်းကလေ အနမ်း ... မလိုအပ်ဘဲ အဲဒီလောက် ယုံကြည်မှု ပြင်းထန်စရာ မလိုဘူး ...





ဒီကိစ္စက တိုက်ဆိုင်သွားတာ။ သူပြောတာ မှန်တာမဟုတ်ဘူး။ မင်း စွတ်ဆက်ပြီး အထင်ကြီးမနေစမ်းနဲ့၊ အဓိပ္ပာယ်မရှိဘူး။ အနမ်းနော် ... မင်း ကြပ်ကြပ်သတိထား"

"ဟာ ... ကင်းကလည်း ဂျစ်ပဲ။ မှန်လို့ မှန်တယ်ပြောတာကို ကင်းက ဘာတွေဒေါသဖြစ်နေတာလဲ။ အဲဒါ တိုက်ဆိုင်တာ မဟုတ်ဘူး။ မမ ပြောတာတွေက မှန်တာ ...

ကင်းကသာ မယုံကြည်တာ။ ဘွားဘွားနဲ့ မာမီဆို မမကို ယုံလွန်းလို့၊ ဟိုရက်က စိန်ကိစ္စမှာ မမပြောတဲ့အတိုင်း ဖြစ်တာပဲဟာကို"

ဟာ ... သေလိုက်တော့ကွာ။

အိမ်ကလူတွေတောင် အဲဒီ ရွှေရေးခြယ်ကို ယုံကြည်နေတယ်တဲ့လား။ သူဟာ ကြိတ်မနိုင်ခဲမရဖြင့် ဒေါသတွေထွက်လာရတာပဲ အဖတ်တင်ပါသည်။

"မမက ဗေဒင်ဟောတဲ့ ဗေဒင်ဆရာမမျိုးလည်း မဟုတ်ပါဘူး ကင်းရယ်၊ သူ့ပတ်ဝန်းကျင်အနီးအနားလောက်က လူတွေကို ဒုက္ခကင်းစေချင်တဲ့ စေတနာနဲ့ သူမြင်တာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပါ။ မမက အကြံဖန်လုပ်တာလည်း မဟုတ်ဘူး။ မွေးရာပါ ပါရမီဖြစ်တဲ့ စိတ်စွမ်းအားတစ်မျိုးကို ပိုင်ဆိုင်ထားလို့သာ ဒီလိုမျိုး ရှေ့ဖြစ်တွေကို ကြိုမြင်တာပါ။ မမကို တစ်မျိုးမထင်ပါနဲ့ ကင်းရာ"

အနမ်းက သူ့ မမဒီကာကို စိတ်ရှည်လက်ရှည် ရှင်းပြပေမယ့် သူကတော့ ဒါမျိုးတွေကို လုံးဝအယုံကြည်လည်း မရှိ၊ စိတ်လည်းမဝင်စားပါ။ သူ့ဘာသာသူ ဘာကြီးပဲဖြစ်နေဖြစ်နေ သူကတော့ မယုံကြည်ပါ။

"ငါကတော့ ဒီကိစ္စကို တိုက်ဆိုင်မှုလို့ပဲ ယူဆတယ်"

သူ့စကားကြောင့် အနမ်းက လျှို့ဝှက်စွာပြုံးကာ သူ့ကို ခနဲ့သလို ပြန်ပြောလေသည်။

"အေးလေ ... ကင်း ဘယ်နခါတိုက်ဆိုင်မလဲဆိုတာ ကျွန်တော် စောင့်ကြည့်နေပါ့မယ်"

ဘာကြီးပဲဖြစ်ဖြစ် သူကတော့ တိုက်ဆိုင်မှုလို့ပဲ တရားသေ ယူဆထားပါသည်။

♥ ◇ ♥





နားထဲမှာ သီချင်းသံတိုးတိုးလေးကနေ တစ်ဆင့်၊ တစ်ဆင့် ကျယ်,ကျယ်လာလျှင် အဲဒါဟာ ထဖို့အတွက် အချိန်တန်ပြီဖြစ်ကြောင်း Alarm က နှိုးဆော်တာဖြစ်သည်။ ရွှေရေးသည် အိပ်မှုန်စုံမွှားဖြင့် အိပ်ရာမှ လူးလဲထကာ ဖုန်းကမြည်နေသော Alarm ကို ပိတ်လိုက်သည်။ ပြီးတော့ နာရီကို တစ်ချက်ပြန်ကြည့်လျှင် ရွှေရေးရဲ့ပုံမှန်ထချိန် မနက်ငါးနာရီပဲဖြစ်သည်။

ရွှေရေးသည် အိပ်ရာကို ပြန့်ပြူးသွားအောင်ဆန့်ပြီး စောင်ခေါက်ပြီးသွားမှ ရေချိုးခန်းထဲဝင်ကာ တစ်ကိုယ်ရည်သန့်ရှင်းရေးကတော့ မိုးလင်းတာနှင့် ရေချိုးရမှ နေတတ်သူဖြစ်ပါသည်။ ဒီနေ့တော့ ရေချိုးရင်းနှင့် မနေ့က အသစ်ဝယ်လာတဲ့ silkpro နှင့် ခေါင်းလျှော်လိုက်လေသည်။ ရေချိုးခေါင်းလျှော်ပြီးနောက် ခပ်ထိုင်းထိုင်းရှိနေသော ဆံပင်တို့ကို တဘက်စဖြင့်ပေါင်းကာ မျက်နှာပြင်ဆင်ခြယ်သရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြင်ဆင်ခြယ်သတယ် ဆိုပေမယ့်လည်း သိပ်တော့ ထူးထူးခြားခြား ပြင်ဖို့မလိုပါ။ ရွှေရေး မျက်နှာဟာ ဖြူပါတယ်ဆိုမှ ညဘက်ဆို Tonymoly ရဲ့ appletoxhoney cream လိမ်းကာ မျက်နှာဆေးတာကြောင့် မျက်နှာအသားအရေဟာ တင်းရင်းပြီး နူးညံ့ဖြူဝင်းနေပါသည်။ over 30 ပိုင်းထဲ ရောက်လာပြီဆိုတော့ facial ပိုင်းကို ပိုဂရုစိုက်ရလေသည်။

အရေးကြောင်းတွေ ဖြစ်မလာအောင်၊ အိုမင်းရင့်ရော်မှုမရှိအောင်၊ stress တွေဝေးအောင် ရွှေရေးကတော့ အသီးအနှံများများစားပြီး ဘုရားတရားကိုင်းရှိုင်းကာ စိတ်ကိုရှင်းရှင်းထားလေသည်။ အဲဒီအစွမ်းရယ်၊ cosmetic brand တွေရဲ့အစွမ်းတွေကြောင့် ရွှေရေးဟာ ရှိရင်းစွဲအသက်ထက် အများကြီးနုပျိုလှပါသည်။ ကိုယ်နှင့်ရွယ်တူတန်းတူ သူငယ်ချင်းတွေဆို ကလေးတိုးလို့ တွဲလောင်းနှင့် ကိုယ့်ကိုယ်ကိုယ် ပြင်ပြင်ဆင်ဆင်တောင် မလုပ်နိုင်တော့ချေ။

သားကိစ္စ၊ သမီးကိစ္စ၊ ယောကျ်ားရဲ့ဝေယျာဝစ္စသဖြင့် များစွာသော အရေးကိစ္စတို့ရဲ့ စိမ်ရာ အိမ်ရှင်မဖြစ်သွားသောအခါ ပြင်ဆင်မှုတွေ သိပ်မလုပ်နိုင်တော့သောအခါ ယောကျ်ား





က စိတ်ကုန်ကာ small ဆွဲသဖြင့် ရွှေရေးသူငယ်ချင်းတွေမှာ ဟိုဗေဒင်မေး၊ ယတြာချေရနှင့် တိုင်ပတ်နေရှာပါသည်။ အဲဒီဒုက္ခတွေကို မြင်ရတွေ့ရတော့ ရွှေရေးမှာ အိမ်ထောင်ပြုချင်စိတ် မရှိတော့ဘဲ အေးအေးဆေးဆေးနှင့် အပူမရှာဘဲ ကြော့ကြော့လေးနေဖြစ်တော့သည်။

အဲဒါကြောင့်ပဲ နုပျိုလှပနေတာ ဖြစ်ပါလိမ့်မည်။ ရွှေရေးသည် မျက်နှာကို နို့ရည်လိမ်း၊ liquid foundation ခံကာ Tonymoly ရဲ့ puff ရိုက်လိုက်ပြီးလျှင် ပြီးပြည့်စုံသော အလှတရားကို ပိုင်ဆိုင်သွားလေတော့သည်။ Eye liner တွေ၊ mascara တွေ၊ Eyebrow တွေကို မဆွဲဖြစ်သော ရွှေရေးက ဘာမှပြင်စရာမလိုဘဲ မျက်လုံးနှင့် မျက်ခုံးက attraction ရှိလေသည်။

Supernatural power လိုမျိုး စိတ်စွမ်းအားတစ်ခုကို မွေးရာပါ ပိုင်ဆိုင်ထားသူမို့လားတော့မသိ။ ရွှေရေးရဲ့မျက်လုံးတွေဟာ ညှို့ဓာတ်ပါသည်ဟု လူတိုင်းလိုလို ပြောကြပါသည်။ မျက်ဆံအရောင်က သူများတွေ IQ vision မှာ ပိုက်ဆံအကုန်ခံပြီး မျက်ကပ်မှန်ကာလာတပ်မှ ရနိုင်မည့် sexy brown လိုမျိုး ညှို့ငင်မှုရှိသည့် ညိုရိပ်သမ်းမျက်ဆံမျိုးဖြစ်သည်။ ရွှေရေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အလှကိုယ် ဂုဏ်ယူမိပေမယ့် အဲဒီအပေါ်မှာ proud ဖြစ်တာမျိုးတော့ မရှိရိုးအမှန်ပါ။

အဲဒီနောက်မှာတော့ အဝတ်အစားလဲပြီး နာရီကို တစ်ချက်လှမ်းကြည့်လိုက်လျှင် ၅-နာရီခွဲပြီး (၁၅)မိနစ်ကိုညွှန်ပြနေသည်။

အိုခေ ... ရွှေရေးသည် အခန်းထဲကထွက်ကာ ဘုရားခန်းဆီသို့ သွားလိုက်သည်။ ရွှေရေးသည် ဘုရားသောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်ထွန်းညှိပူဇော်ပြီး နောက်မှာတော့ စိတ်အာရုံတို့ကို ကြည်လင်ရှင်းသန့်အောင် အာရုံပြု၍ ဘုရားဝတ်ပြုလိုက်သည်။

ရွှေရေးရဲ့တစ်နေ့တာမှာ ဘုရားရှိခိုးခြင်းကတော့ အဓိကအခန်းကဏ္ဍမှာ ပါဝင်လေသည်။

မေတ္တာသုတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်းဖြင့် ရွှေရေးမနက်ခင်းကို ကျက်သရေရှိစေပါသည်။ တစ်နာရီကြာ ဘုရားရှိခိုးမေတ္တာပို့ အမျှဝေပြီးနောက်မှာတော့ ရွှေရေးသည် breakfast စား ဖို့ အောက်ဆင်းလာခဲ့လျှင် စားပွဲဝိုင်းမှာ လူစုံနေပြီဖြစ်သည်။

"မောနင်းပါ"





"ဟား ... ရေး လာ။ ဒီနေ့ ရေးအတွက် ဒင်းဆမ်းကို သမီးကိုယ်တိုင် အစောကြီးထပြီး သွားဝယ်လာတာ"

"အမယ် ... တယ်ဖားနေပါလား။ အကြံအစည်တစ်ခုခုတော့ ရှိရမယ်"

ရွှေရေးက စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း ရွှေမှုန့်ကို လှမ်းနောက်လိုက်လျှင် ရွှေမှုန်က ဟဲခနဲ တစ်ချက်ရယ်သွမ်းသွေးကာ ရွှေရေးကို ကော်ဖီငှဲ့ပေးပြီးမှ ...

"ဟဲ ဟဲ ... သိပ်သိတာပဲ။ ဒီလို ရေးရဲ့၊ ဟို ... ရေး ဆူရဘူးနော်"

"ဟဲ့ ... မှုန်မှုန်၊ ပြောစရာရှိတာ ပြောလိုက်လေ။ တယ် ... ငါ လုပ်လိုက်ရ"

အန်တီခင်က သူ့သမီး ရွှေမှုန့်ကို လှမ်းဟောက်လိုက်မှ ရွှေမှုန်က စကားသံ ထပ်ထွက်လာတော့သည်။

"ဟိုဥစ္စာ ရေးရဲ့။ သမီးလေး ဒီနေ့ ရေး စားဖို့ဆိုပြီးတော့ မနက်က ဒင်းဆမ်းသွားဝယ်တာ။ ရေး ကားနဲ့ပဲသွားလိုက်တာ။ အဲဒါလေ အခုအပြန်မှာ နေနမ်းရဲ့ကားကို အနောက်ကနေ ဝင်ဆောင့်မိသွားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... နေနမ်းကားကို"

ရွှေရေးက ပုစွန်နိုင်လွန်ကို ပါးစပ်ထဲမထည့်နိုင်တော့ဘဲ ပန်းကန်ထဲ ပြန်ချကာ ရွှေမှုန့်ကို အသည်းအသန်ပြူးကြည့်ရလေသည်။

"ဟုတ်တယ် ရေးရေ။ လုပ်လိုက်ရင် မိမှုန့်တို့က အဲဒီအတိုင်းပဲ။ အဲဒါ သမီး ရှင်းပေးလိုက်ပါဦး"

"ဟုတ် ... မေမေ။ ကဲ ... ဒေါ်ရွှေမှုန် ပြောစမ်း၊ ဟိုဘက်ကားက ဘာဖြစ်သွားလဲ။ ပြီးတော့ လူကော"

"ဟို ... လူကတော့ ဘာမှမဖြစ်ဘူး ထင်တာပဲ။ ကားကတော့ နောက်မီးခွက် ကွဲသွားတယ် ရေးရဲ့။ အဲဒါ နေနမ်းက ပိုင်ရှင်ဖြစ်တဲ့ ရေးနဲ့ပဲ စကားပြောချင်တယ်တဲ့"

"ဟင်း ... ဖြစ်ရတယ် ရွှေမှုန်ရယ်။ ကျစ် ... ဒီနေ့ ရေးက ကုမ္ပဏီမှာ meeting ရှိတယ်။ မေမေ၊ အန်တီခင်၊ အန်တီတင် ရေး ဘာလုပ်ရမလဲဟင်"

ရေးက လူကြီးတွေကို အကြံဉာဏ်လှမ်းတောင်းလိုက်လျှင် အန်တီတင်က ဝင်ပြောလေသည်။





"လောလောဆယ် သမီးက အဲဒီကောင်လေးဆီ ဖုန်းအရင်ဆက်လိုက်။ အန်တီတင်တို့တောင် မှုန်မှုန် ပြော,ပြောချင်းပဲ နေနမ်းရဲ့အဘွားနဲ့ အမေဆီ လှမ်းဆက်ပြီး တောင်းပန်လိုက်တယ်။ သူတို့ဘက်က အေးဆေးပါပဲ။ အန်တီတင်တို့ကလည်း ကားကို သေချာပြန်လုပ်ပေးပါ့မယ်လို့ ကတိခံထားလိုက်တယ်၊ အဲဒီတော့ ရေးရယ် ...

သမီးက လောလောဆယ် နေနမ်းဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြတောင်းပန်ထားလိုက်။ ကောင်လေးက မရိုင်းပါဘူး၊ သဘောပေါက်ပါတယ် ...

ဟင်း ... ရွှေမှုန် ညည်းနော်၊ တော်တော်မွှေ၊ အခု လူကြီးတွေ ဘယ်လောက် အလုပ်ရှုပ်ကုန်ပြီလဲ။ အဲဒါ ကောင်းသလားဟင်"

အန်တီတင်က ရွှေမှုန့်ကို လှမ်းငေါက်လိုက်လျှင် ရွှေရေးက မျက်နှာလေးမကောင်းဘဲ ဝမ်းနည်းသွားရှာသော ညီမငယ်ကို နှစ်သိမ့်သလို ခေါင်းလေးတစ်ချက်ပုတ်လိုက်ပြီး ...

"ကဲ ... ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့ မှုန်လေး။ ရေးတစ်ယောက်လုံး ရှိနေတာပဲ။ မေမေနဲ့ အန်တီတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com



မဆူကြပါနဲ့တော့။ ကလေးပဲ တစ်ခါတလေလွဲတာပေါ့။ ဘာဖြစ်လဲ ... နော် ...

ကဲ ... လာ ... ရွှေမှုန်၊ ဖုန်းသွားဆက်မယ်"

ရွှေရေးက ဖုန်း stand လေးရှိရာကို ရွှေမှုန့်ကိုပါ ခေါ်သွားပြီး နေနမ်းဆီ ဖုန်းလှမ်းခေါ်လိုက်တော့သည်။

"ဟယ်လို ... နေနမ်းလား၊ တို့ ရွှေရေးခြယ်ပါ"

"ဟာ ... မမ၊ နေကောင်းလား"

"အေးကွယ် ... အစ်မ တောင်းပန်ပါတယ်။ ရွှေမှုန်က အဲလိုပဲ နမော်နမဲ့နဲ့။ မောင်လေးရဲ့ကားကို မမက မောင်လေးကျေနပ်သည်အထိ ပြန်ဆောင်ရွက်ပေးပါ့မယ်။ ရွှေမှုန်ကလည်း မောင်လေးကို အားနာနေတာပါ"

ရွှေရေးက ပြေပြေလည်လည် ညှိနှိုင်းဖို့ ပြောလိုက်လျှင် သူက သာယာချိုမြသော အသံဖြင့် ...

"အာ ... မမကလည်း ဘာမှတောင်းပန်နေစရာ မလိုဘူး။ လျှော်ဖို့လည်း မလိုဘူး။ ကားက ဘာမှမဖြစ်ပါဘူး။ နောက်မီးခွက် ကွဲသွားရုံပါ၊ ဆေးလေးနည်းနည်းပဲ ထိသွားတာ။ ဘာမှမဖြစ်ဘူး၊ ဟဲ ... ဟဲ ... ကျွန်တော်က ရွှေမှုန်





ကို တမင်တကာ ပြောလိုက်တာ။ မမနဲ့ ဖုန်းပြောလို့ရအောင်လို့လေ"

အဲဒါ ဆက်တွေးရင် နားလည်နိုင်လောက်သည့် စကားလုံးမျိုးဖြစ်သည်။ နေနမ်းဆိုသော ကောင်လေးဟာ ဘာသဘောသက်ရောက်ပြီး ရွှေရေးကို ပတ်သက်ချင်နေလဲဆိုတာ မိန်းကလေးတို့မှာရှိတဲ့ will power အရ သိနိုင်ပါသည်။

အဲဒီအတွက် ရော်ကွက်ဖြင့် ပြန်လျှော့ချရပါသည်။

"အဟင်း ... ဘာပဲဖြစ်ဖြစ်ပေါ့ နေနမ်းရယ်။ အစ်မတို့ကြောင့်ဖြစ်တဲ့ကိစ္စဆိုတော့ အစ်မတို့မှာ တာဝန်ရှိပါတယ်။ ဒီကိစ္စကို အစအဆုံး အစ်မပဲ တာဝန်ယူပါ့မယ်"

"ဩော် ... ကိစ္စမရှိပါဘူးဆို။ မမကလည်းဗျာ အရမ်းစိမ်းတာပဲ၊ ကျွန်တော်တို့ကြားမှာ အလျော်အစားဆိုတာ မလိုပါဘူးဗျာ"

အီစီကလီတွေ ဆင့်ထားသည့် ပတ်ပျိုးတွေကို ရိုးနေပြီဖြစ်သည့်အတွက် ရွှေရေးသည် အသာရယ်မောလိုက်ရင်းက ...

"အပေါ် ... ဟုတ်ပါပြီ။ အစ်မတို့ မင်နေတယ်ဆိုပေမယ့် ဒီကိစ္စမှာတော့ အစ်မတို့ဘက်က ဖောင်းလ်လေ။ နေနမ်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ကျေနပ်တယ်ဆိုပေမယ့်လည်း အစ်မကတော့ တာဝန်ယူရမှာပဲ။ ငြင်းမယ်ဆိုရင်တော့ ခင်မင်တာရပ်ပစ်ရမှာပဲ"

"ဟွန့် ... နှာဘူးကြီး၊ သူများရဲ့ရေးကို လာအီနေတယ်"

ဘေးနားမှာ ထိုင်နားထောင်နေတဲ့ ရွှေမှုန်က နားထောင်နေရာမှ ပက်ခနဲ ပြောလိုက်လျှင် ရွှေရေးမှာ လှမ်းဟန့်ရသည်။ အဲဒီစကားကို နေနမ်းလည်း ကြားလောက်မည်ဟု ထင်ပါသည်။ ဒါပေမဲ့လည်း သကောင့်သားဟာ လုံးဝ don't care ပဲ ဖြစ်၏။

"အဟား ဟား ... ဟုတ်ပါပြီဗျာ။ မမရဲ့ခင်မင်မှုတွေကို အတိုင်းအဆမရှိ လိုချင်လို့ ကျွန်တော် လက်ခံလိုက်ပါတယ်ဗျာ"

"အိုခေ ... thank you နေနမ်း။ ဒါပေမဲ့ တို့ ညနေကျမှပဲ မင်းဆီလာလို့ရမယ်နော်။ ဒီနေ့ အရေးကြီးတဲ့ meeting ရှိနေလို့ပါ"

"အာ ... Nevermind မ၊ ကားက ဘာမှ ဒီလောက်ဖြစ်တာ မဟုတ်ပါဘူး။ ကျွန်တော့်ဘာသာ သွားပြင်ထားလိုက်မယ်"





"ကောင်းပါပြီ၊ ကျသလောက် အစ်မ ရှင်းပေးပါ့မယ်၊ အဲဒါဆို ဒါပဲနော် မောင်လေး"

"ဟုတ်ကဲ့ မမ ... တာတာ့"

ရွှေရေးသည် သူနှင့်ဖုန်းပြောပြီးနောက်မှာတော့ ရွှေမှုန့်ကို ညနေကျမှ သူတို့အိမ်ဘက်သွားမယ်ဟု မှာထားခဲ့ပြီး ကုမ္ပဏီဆီသို့ သွားလိုက်တော့သည်။ အထည်ချုပ်စက်ရုံတစ်ခုနှင့် ပူးပေါင်း၍ distribution company ထောင်ထားသော ရွှေရေးဟာ တစ်နေ့နဲ့တစ်နေ့ အားလပ်တယ်လို့ကို မရှိပါ။ အလုပ်ကြားထဲ ခေါင်းနစ်နေ၍ ဘာကိုမှ မမြင်နိုင်ဘဲ ဇောကပ်နေရခြင်းဖြစ်သည်။

တစ်နေ့ကုန် အလုပ်ထဲမှာ ခေါင်းရှုပ်နေပြီး အိမ်ပြန်လာသောအခါမှာတော့ ရွှေရေးရဲ့ချစ်ညီမ သယ်ဆောင်လာသော ကွိုင်ကို လိုက်ရှင်းပေးရတော့သည်။ ရေမိုးချိုး အဝတ်အစားလဲပြီးပြီးချင်း ရွှေမှုန့်ကိုခေါ်ကာ အိတ်ထဲပိုက်ဆံအပြည့်ထည့်၍ ဟိုဘက်ခြံသို့ ကူးလိုက်တော့သည်။ ခြံတံခါးကြီးက ဖွင့်ထားတာကြောင့် ရွှေရေးတို့ဟာ ဒီတိုင်းပဲ ဝင်လာခဲ့ကြသည်။

"ဟာ ... မမ၊ ကျွန်တော် ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



အမြင့်ကလာတဲ့အသံဖြစ်၍ ရွှေရေးက မော့ကြည့်လိုက်လျှင်တော့ ငြမ်းဆင်ထားသော လက်ရန်းကို ကိုင်ထားသော နေနမ်းကို တွေ့ရလေသည်။ သူ့ဘေးနားမှာတော့ ဘေးနံရံတွေကို ဆေးသုတ်နေသည့် မိုးညကင်းကို တွေ့လေ၏။ ကြည့်ရတာ တူဝရီးနှစ်ယောက် ဆေးသုတ်နေကြတာ ဖြစ်နိုင်သည်။ ရွှေရေးသည် အောက်ကနေ နေနမ်းကို လက်လှမ်းပြကာ ...

"နေနမ်းတို့ အလုပ်များနေတာလား"

"အာ ... ရတယ် မမ။ ဒီလိုပဲ နံရံတွေ ဆေးအသစ်သုတ်နေကြတာ၊ ခဏလေး ကျွန်တော် ဆင်းလာခဲ့မယ်"

နေနမ်းက ပြောပြောဆိုဆိုပင် ငြမ်းရဲ့လက်ရန်းတွေကို အားပြုရင်း ဆင်းလာစဉ်မှာ ရွှေရေးရဲ့အာရုံထဲမှာ ပုံရိပ်တွေကို အစီစဉ်တကျ မြင်ယောင်လာလေသည်။ ဟင် ... ရွှေရေးသည် အာရုံတစ်ခုကို ပုံဖော်နိုင်ဖို့အတွက် မျက်စိကို ခဏမှိတ်ထားလိုက်တော့သည်။

အရိပ်လိုလိုကနေ တဖြည်းဖြည်း ပုံပေါ်ထင်ဟပ်လာတာက ဝါးလုံးတွေဆင်ထားသည့် ငြမ်းကိုပဲဖြစ်သည်။ အဲဒီငြမ်းကို အမှီသဟဲပြုပြီး တစ်စုံတစ်ရာကို စိတ်ပါဝင်စားစွာ အလုပ်





လုပ်နေသော ရွှေရေးကို ကျောခိုင်းထားသည့် ပြန့်ပြူးနေသော ကျောပြင်တစ်ခုကို မြင်နေရသည်။ သူ ... သူက ဘယ်သူလဲ ??။

ငြမ်းဆင်ပြီး လုပ်နေတဲ့အလုပ်ကို အာရုံထပ်စိုက်ကြည့်လျှင်တော့ အဲဒါဟာ ဆေးသုတ်နေတာပဲဖြစ်သည်။ ပြီးတော့ ရွှေရေးကို ကျောခိုင်းထားသည့်လူဟာ မိုးညကင်းပဲဖြစ်၏ ။ ဆက်ပြီးတော့ ထင်ဟပ်လာတာကတော့ မိုးညကင်းဟာ ဆေးသုတ်နေရင်းကမှ ငြမ်းရဲ့လက်ရန်းကို လှမ်းကိုင်လိုက်ရာမှ ဟန့်ချက်တစ်ချက်ပျက်ကာ ခြေထောက်ခေါက်ပြီး ငြင်းဆင်ထားရာမှ အောက်သို့ပြုတ်ကျသွားတာကို သေသေချာချာကြီး မြင်လိုက်ရတာဖြစ်သည်။

အား ... အဲဒါဟာ နိမိတ်ပြပုံရိပ်လား။

"ကိုမိုးည ... သတိထားပြီး အောက်ပြန်ဆင်းခဲ့ပါ"

ရွှေရေးရဲ့ပါးစပ်က အလိုလိုကို ထွက်သွားသောအခါ ရွှေရေးရဲ့ဘေးကို ရောက်လာပြီဖြစ်တဲ့ နေနမ်းက ပြူးကြည့်နေပေမယ့် ရွှေရေးဟာ ဂရုမစိုက်အားဘဲ မိုးညကင်းကိုသာ အာရုံရနေသည်။ ရွှေရေးရဲ့ခေါ်သံကြောင့် ငြမ်းပေါ်ကသူက ရွှေရေးကို လှည့်အကြည့်မှာ အားလုံးက အစီအစဉ်တကျ လွဲမှားစွာဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငြိမ်းပေါ်ကနေဟန်ချက်ပျက်ပြီး ဆေးပုံးပါမှောက်၍ သူဟာ ဒလိမ့်ခေါက်ကွေး ပြုတ်ကျသွားလေတော့သည်။

"ဟာ ... ကင်း"

"ကိုကြီးည"

စိုးရိမ်ပူပန်ကာ ယောက်ယက်ခတ်သွားကြတဲ့ အသံ တွေရဲ့အဆုံးမှာ ရွှေရေးဟာလည်း ပြုတ်ကျသွားတဲ့သူ့ကို ငေး ကြည့်ရင်း ကြက်သေ သေနေမိသည်။

ဘယ်လိုအဖြစ်မျိုးလဲ။

ရွှေရေး ကြိုသိနေပါရက်နဲ့ ဘာလို့များ တားဆီးခွင့် မရှိရတာလဲ။ အဆိုးဆုံးကတော့ သူ အခုလိုဖြစ်သွားရတာဟာ ရွှေရေးရဲ့ခေါ်သံတစ်ခုကြောင့် ဖြစ်နေလို့ပဲဖြစ်သည်။ အဲဒါဟာ ရွှေရေးကြောင့်ဆိုတဲ့ လက်ညှိုးထိုးပြောကြမည့် အဖြစ်ကြီးကို ရင် မဆိုင်နိုင်စွာ တစ်ကိုယ်လုံး ပျော့ခွေနုံးချိလို့ သွားပါတော့သည်။

♥ ✧ ♥





၉

"တောက် ... တွေးလိုက်တိုင်း အသည်းနာတယ်ကွာ"

မိုးညသည် အိပ်ရာပေါ်မှာ ငြိမ်ငြိမ်လေးလှဲနေရင်း ကမှ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရတွေဖြစ် ဒေါသတွေထွက် ကာ ပေါက်ကွဲမိနေတော့သည်။ အခုဆို ကျောက်ပတ်တီးကိုင် ထားလိုက်ရတဲ့ သူ့ခြေထောက်ဟာ ဘာမှသုံးစားလို့မရပါ။ အဲဒါ ဟာ ဘယ်သူ့စနက်ကြောင့်လဲလို့ ဇာစ်မြစ်ရှာဖွေလိုက်လျှင် သိပ် ပြီးတော့တောင် အံ့စားဖို့မလိုပါ။ ဟိုမိန်းမ ရွှေရေးခြယ်ကြောင့် ပဲ ဖြစ်ပါသည်။

အမြဲတမ်း အိမ်မှာ ဆေးတွေဘာတွေ သုတ်ပြီဆို သူကပဲဦးဆောင်၍ ငြမ်းဆင်ကာ တက်တက်ကြွကြွ ဆေးသုတ်



www.burmeseclassic.com

www.burmeseclassic.com



နေကြ။ ဒီတစ်နှစ်လည်း အိမ်ဘေးမျက်နှာတန်းတွေက နည်းနည်း စွဲလာပြီဖြစ်တာကြောင့် သူက ငြမ်းဆင်ပြီး စိမ်ပြေနပြေဆေးသုတ် နေတုန်းက အကောင်း။ ဟိုမိန်းမ ရွှေရေးခြယ်ရဲ့အသံကြောင့် သူက ဘာလဲဆိုပြီးလှည့်အကြည့် အားလုံးက ကွက်တိအစီအစဉ် ချထားသလိုပင် သူဟာ ငြမ်းပေါ်ကနေ အောက်သို့ပြုတ်ကျပြီး ခြေထောက်ကျိုးသွားခဲ့သည်။ အဲဒါဟာ ဟိုမိန်းမကြောင့်ပဲဖြစ် သည်။

"ကင်းရေ ... message ဝင်နေတယ်လေ"

အနမ်းက သူ့ရဲ့ဖုန်းလေးကို လာပေးလိုက်ပြီးပြန် ထွက်သွားလေသည်။ ဘယ်သူ့ဆီက message ပါလိမ့်။ ဖုန်း နံပါတ်ကတော့ အစိမ်းသက်သက်ပဲဖြစ်၏။ မိုးညသည် ခုတင်ပေါ် မှာ ခပ်လျော့လျော့ ထိုင်နေရင်းက message ကို ဖတ်လိုက်သည်။

"ကိုမိုးည ...

ခြေထောက်သက်သာရဲ့လား။ ညနေကျရင် ကိုမိုးည အတွက် ကြက်စွပ်ပြုတ် လာပို့ပေးချင်ပါတယ်။ ခွင့်ပြုပေး ပါနော် ...

ရွှေရေးခြယ်"





သူဟာ message ကိုဖတ်ပြီး နှုတ်ခမ်းကို တစ်ချက် မဲ့လိုက်သည်။ မြန်မာ font sms ဖြင့် ပို့လိုက်လေသော ရွှေရေး ခြယ်ရဲ့ message ကို သူက ခပ်ပြတ်ပြတ်ပဲ ပြန်ပို့ပေးလိုက်ပါ သည်။

"မလိုဘူး ... မလာနဲ့"

ဟု စာစီပြီးသွား၍ message ပို့လိုက်ပြီးသောအခါ သူက ဖုန်းကို ဘေးတစ်ဖက်သို့ ပစ်ထုတ်လိုက်တော့သည်။ ယောကျ်ားတန်မဲ့ စိတ်ဆိုးစိတ်ကောက်တယ်ပဲပြောပြော ဒီတစ်ခါ တော့ သူ ရွှေရေးခြယ်ကို အရမ်းစိတ်ဆိုးပါသည်။ သူမကြောင့် ခြေထောက်က အကောင်းကြီးကနေ ဒီလိုဖြစ်ရတာပါဆိုတဲ့အတွေး ဟာ သူ့ကို အရမ်းမွန်းကျပ်ပြီး ဒေါကန်ရပါသည်။

"ကင်းရေ ... ကျွန်တော် ဝင်လာပြီနော်"

မိုးညရဲ့အခန်းတံခါးကို အသာခေါက်၍ ခွင့်တောင်း ဝင်လာလေသော အနမ်းဟာ သူ့ကို coke တစ်ဘူး ကမ်းပေးလိုက် ပြီး ပြုံးစစမျက်နှာဖြင့် ...

"ဘာလဲ ကင်း၊ မမက ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူဟာ အဲဒီမေးခွန်းကို ဂရုမပြုသေးဘဲ အအေးဘူး ကို ဖောက်ခနဲမြည်အောင် ဆွဲဖောက်ကာ တစ်ငုံသောက်လိုက်ပြီး မှ ...

"စာရင်းမရှိပါဘူးကွာ၊ ဇယားမရှုပ်ချင်စမ်းပါနဲ့"

"ကင်းကလည်းဗျာ၊ ဘဲကြီးက သဘောထားကြီးပေးရ မှာပေါ့။ဒါဟာ snapshot accidient ပါဗျာ။ မမက ကင်း ပြုတ်ကျမယ်ဆိုတာကို ကြိုသိနေလို့ လှမ်းသတိပေးလိုက် ပေမယ့် တိုက်တိုက်ဆိုင်ဆိုင်ပဲ ကင်းက ပြုတ်ကျသွားတာကို ဗျ။ အဲဒါနဲ့ပဲ ပတ်သက်ပြီး မမလည်း feel ဖြစ်နေရှာတာ ...

သနားပါတယ်ဗျာ၊ ကင်းက ကျွန်တော့် heart ကို မှ လာပြီး ဆူးနဲ့ထိုးနေတယ်"

အနမ်းက သူ့အဘွားကြီးဘက်က ကာပြောပေးနေ တာကို သူက နားကြားပြင်းကပ်လာတာနှင့် အနမ်းကို ဖျတ်ခနဲ လှမ်းရိုက်ကာ ဆဲပစ်လိုက်တော့သည်။

"ခွေးကောင် ... မင်းဟာကြီးကိုကျတော့ မင်းကသနားတယ်။ ငါ့ကျတော့ မင်းက မသနားဘူး။ ငါ့ကိုလည်း ကိုယ်ချင်း စာကြည့်ဦးကွ။ ခြေထောက်ကျိုးလို့ ကျောက်ပတ်တီးကိုင်





ပြီး တစ်လခွဲလောက် အိမ်ထဲအောင်းနေရမယ့်ဘဝကို ခံစား ပေးဦး ချေးထုပ်လေးရဲ့ ...

အလကားပါကွာ။ ဘာကို သူက ကြိုသိလို့တားရ မှာလဲ။ အဲဒါ ငါ့ကို တမင်တကာ လုပ်ကြံတာ။ ဘာ အကြားအမြင်ရနေတာလဲ ... အလကား။ လူအထင်ကြီး အောင် ဖိန့်လုံး ဟိန့်လုံးတွေ လုပ်နေတာ"

"ဟ ... ကင်းကလည်း ပလိန်းကြီးကို ခွပ်နေတော့တာပဲ။ လူအထင်ကြီးအောင် ဖိန့်ဖိန့်လုပ်တာမျိုး မဟုတ်ပါဘူးဗျာ။ မမက သူ့ရဲ့စိတ်စွမ်းအားမှာ force တစ်မျိုးပါလာပြီးသား။ အဲဒါ မွေးရာပါ ပါရမီလေ။ အဲဒီ ပါရမီကို အသုံးချပြီး မမက စီးပွားဖြစ် လုပ်စားနေတာလည်း မဟုတ်ဘူး"

"ဟော့ကောင် ... ဘာမှ မင်းအဘွားကြီးဘက်ကနေ လိုက် ကာဆီးမနေနဲ့။ သူ့ဟာသူ ဘာကြီးပဲဖြစ်ဖြစ် ငါကတော့ don't care ပဲ။ ထားပါကွာ ... မင်းလည်းသွားတော့။ ဪ ... ငါ့ ipad လေး တစ်ချက်လောက် ယူပေးပါဦး"

နေနမ်းက သူ့ကို မျက်စောင်းကဲကြည့်ကာ စားပွဲ ပေါ်က ipad လေးကို လှမ်းယူပေးလေသည်။ သူဟာ နေနမ်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ တကယ်အံ့သြပါသည်။ ကိုယ့်ထက် ဆယ်နှစ်လောက် အသက်ကြီးသည့် အဘွားကြီးကို ဘာများသွားခံစားနေလဲ မသိပါ။ အခုချိန်မှာ သူက အနမ်းကို တားမြစ်တာတို့ ချုပ်ကိုင်တာတို့ မလုပ်သေးဘူးဆိုတာဟာ အနမ်းက ရွှေရေးခြယ်ကို အတည်စိတ် မကူးသေးဘူး ထင်လို့ပဲဖြစ်သည်။ အနမ်း ဆိုသည့်ကောင်က သတ္တိကြောင်သူမျိုး။ မိန်းမတစ်ယောက်ကို ရည်းစားစကားဖြောင့်အောင်ပြောရဲတဲ့သူမျိုး မဟုတ်ချေ။ ရိုးရိုးသိတာပါဆိုပြီး အိမ်က လူတွေကို ပြောပြကာ ခိုးခိုးကြည့်တတ်တဲ့ ချာတိတ်ချွတ်တားလေးမို့ သူက လွှတ်ပေးထားတာဖြစ်သည်။ တကယ်သာ ရွှေရေးခြယ်ကို အတည်ဆိုရင်တော့ သူက ဒဿဝင်လုပ်ပြီး ကြမ်းရမှာပဲဖြစ်သည်။

ထားပါလေ ... အဲဒီအတွေးတွေက။ မိုးညသည် ကိုယ့်အတွေးတွေကို ဖျောက်ဖျက်ကာ ipad သုံးနေလိုက်သည်။ အခုတလောမှာ သူက ခြေထောက်ကျောက်ပတ်တီးကိုင်ထားရတာကြောင့် အခန်းထဲပဲအောင်းပြီး ရုပ်ရှင်တွေကြည့်လိုက်၊ သီချင်းလေးနားထောင်လိုက်၊ internet သုံးပြီး g-talk ထဲက စကားပြောလို့ကောင်းတဲ့ ဆော်လေးတွေနှင့် ကြူလိုက်ဖြင့် အတော်ငြိမ့်နေပေ





သည်။ ခြေထောက်ဒဏ်ရာကြောင့် ကောင်းတဲ့ effect တွေရှိသလို မကောင်းတဲ့ effect တွေလည်း ရှိပေသည်။ ကောင်းတာကတော့ သူ့ခြေထောက်တစ်ဖက် အကြောင်းဆက်၍ သူနှင့်အတော်ကြာကြာ စိတ်ကောက်နေသော သူ့ချစ်ရည်းစား ချစ်မြတ်နိုးနှင့်ပြန်လည်အဖြေထွက် ဂဟေဆက်ခါနီးသွားပြီဖြစ်သည်။ မကောင်းတာကတော့ ပြေလည်ရေးရသွားသော ချစ်သူနှင့် "နေဝင်ချိန်ဆို အတူရှိမယ်"ဆိုတဲ့ စိုင်းစိုင်းသီချင်းစာသားကို နဖူးချင်းတိုက် အသည်းချင်းခိုက်ပြီး မအီရတာကတော့ အတော်ဆိုးပါသည်။

အဲဒါတွေဟာ ရွှေရေးခြယ်ကြောင့်လို့ သူကတော့ တရားသေ တွက်ဆထားပါသည်။

အဲဒီအချိန်မှာပဲ ဖုန်းကလာပြန်သဖြင့် သူဟာဖုန်းပြောဖို့ ဖုန်းကိုင်လိုက်ရပါသည်။ မုန်းစမ်း ... ဘယ်ကအအီဇယားလေးပါလိမ့်။ ဟိုက် ... သေစမ်း။ ဟိုမိန်းမကြီးဆီက။ သူဟာ ချဉ်နေအောင် မျက်နှာကိုမဲ့ပစ်လိုက်ရင်း ဖုန်းကိုဖွင့်နားထောင်လိုက်သည်။

"ဟယ်လို ... ပြောပါ"

"ကိုမိုးည ... ကျွန်မပါ ရွှေရေးခြယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ ... ပြော"

သူက ခပ်ရင့်ရင့်စကားလုံးဖြင့် အမေးပြုလိုက်သော်လည်း အမျိုးသမီးက စိတ်ဆိုးစိတ်ထင့်ဟန်မပြဘဲ တည်ကြည်ချမ်းငြိမ်းတဲ့ လေသံဖြင့် ...

"ကိစ္စကတော့ ကျွန်မ message ထဲက ကိစ္စပါ။ ကိုမိုးညကို ကြက်စွပ်ပြုတ် လာပို့တာပါ။ ကျွန်မ အခု ရှင်တို့ခြံရှေ့ကို ရောက်နေပြီဆိုတာ လှမ်းအကြောင်းကြားတာပါ"

"မပို့ပါနဲ့ဆိုတာကိုဗျာ၊ ခင်ဗျားကလည်း"

"အပြောမလောပါနဲ့ဦး ကိုမိုးညရဲ့။ ကျွန်မ အခုလာပို့တဲ့ ကြက်စွတ်ပြုတ်က လူမမာစားလို ဖြူဆုပ်ဆုပ် စွတ်ပြုတ် မဟုတ်ပါဘူး။ ရှင်ကြိုက်တဲ့ ကြံမဆိုင်အချဉ်ချက်ပြီး sea food တွေပါ ရောထားတဲ့ ပင်လယ်စာကြက်စွပ်ပြုတ်ပါ"

ဟာ ... အဲဒါကတော့ အရမ်းကိုဆန်းသွားပါသည်။ အဲဒီလို ကြက်စွပ်ပြုတ်မျိုးကို သူက ရှာရှာဖွေဖွေ စိတ်ကူးကြည့်ကာ စားကြည့်ဖို့ စဉ်းစားဖူးသည်။ အဲဒီလိုမျိုး စားကြည့်ချင်တယ်လို့ သူ့အမေကို တစ်ခါက ပြောဖူးတော့ သူ့ကို "ကြဲကြဲဖန်ဖန်ဟယ်"ဆိုပြီး ခေါင်းခေါက်သွားဖူးသည်။ သူ့အတွေးထဲမှာ စား





ချင်နေခဲ့သည့် ကြဲကြဲဖန်ဖန် စွတ်ပြုတ်ကို ရွှေရေးခြယ်က ဘယ်လိုက ဘယ်လိုသိပြီး အဲလိုလာပို့ရတာပါလိမ့်။ သူက တွေးတော ကြံဆနေတုန်းမှာပဲ ရွှေရေးခြယ်ဆီက အသံထွက်လာလေသည်။

"ဟော့ ... ဘယ်လိုလဲ။ လာပို့ရမှာလား၊ ဒါမှမဟုတ် လှည့်ပြန်ရမှာလား။ အင်း ... ရှင်စားချင်သလိုမျိုး ချက်ထားတဲ့ စွပ်ပြုတ်လေးက အခုမှ ပိုမွှေးပြီး ပိုစားချင်စရာပဲ။ ကဲ ... ကိုမိုးည ဘယ်လိုလဲ"

"အာ ... ခြံရှေ့ရောက်မှတော့ ဝင်လာခဲ့တော့ပေါ့ ဒေါ်ရွှေရေးခြယ်ရဲ့"

သူ့ရဲ့အဲဒီအပြောကြောင့် တစ်ဖက်က ခပ်ဆဆရယ်သံတစ်ခုကို ကြားရလျှင် သူဟာ ဘာမှန်းမသိ မျက်နှာကိုရှုံ့မဲ့လိုက်သည်။ ပြီးလျှင်တော့ သူမရဲ့စွပ်ပြုတ်ကို တိတ်တဆိတ်မျှော်နေမိတာမျိုးဖြစ်သည်။

"ကင်းရေ ... မမက ကင်းအတွက်တဲ့ စွပ်ပြုတ်လာပို့တယ်၊ ဘယ်လိုလဲ ... သောက်တော့မလား"

အနမ်းက သူ့အခန်းထဲလာပြီး အပြေးအလွှားလာပြောလျှင် သူက နည်းနည်းတော့ တွေသွားသည်။ ဟိုအမျိုးသမီး



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်ရောက်သွားတာတုန်း။ သူက ဟန်ကိုယ့်ဖို့သုံးပြီး အနမ်းကို ဟိန်းဟောက်လိုက်သည်။

"ဘာကိစ္စ ငါက ဟိုမိန်းမလာပို့တဲ့ စွပ်ပြုတ်သောက်ရမှာ တုန်း။ သူလာပို့မှ ငါက စားရမှာတဲ့လား၊ တောက် ... ဘယ်မှာလဲ အဲဒီမိန်းမ"

"သွားပြီ မိုးညု၊ ဒီမှာ အပိုတွေလာပြောမနေနဲ့။ စွပ်ပြုတ်က နံ့င်တစ်ချိန်လုံး တမ်းတနေတဲ့ ပင်လယ်စာတွေနဲ့ ကြက်သားရောထားတဲ့ စွပ်ပြုတ်မျိုး။ ထသောက်ကြည့်လိုက်ဦး ...

ရွှေရေးက ပြောသွားတယ်၊ သူ့ကို သေချာပေါက် သောက်ခိုင်းကြည့်လိုက်ပါတဲ့။ သူအကြိုက်ဆုံး ဖြစ်သွားမှာ ပါတဲ့။ ရော့ ... သောက်"

သူ့အစ်မဖြစ်သူက စွပ်ပြုတ်ကို ဇန်းပေါ်တင်ကာ ကိုင်ပြီး သူ့ကိုလှမ်းပြောနေရာမှ သူ့ဘေးကစားပွဲလေးမှာ ဇန်းကို တင်လိုက်လျှင် သူဟာ စွပ်ပြုတ်ပန်းကန်ကို အသာမျက်လုံးရွှေ့ ကြည့်လိုက်လျှင် စားချင်စဖွယ်ချက်ထားတဲ့ စွပ်ပြုတ်(ဟင်းချို)ကို တွေ့လိုက်ရသည်။ သူက ရှာရှာဖွေဖွေ တွေးကြည့်ပြီး စားချင်





တာကို ရွှေရေးခြယ်က ဘယ်လိုလုပ် သိနေရတာလဲ။ သူဟာ စားချင်စဖွယ်ဖြစ်အောင် ဆွဲဆောင်နေတဲ့ ပင်လယ်စာကြက်စွပ်ပြုတ်ကို ပန်းကန်အသေးထဲ နည်းနည်းခွဲထည့်ကာ မြည်းကြည့်လိုက်လျှင် အရသာမှာ သူ့မတူအောင် ကောင်းလှပေသည်။ အင်း ... အနီးစပ်ဆုံး ပြောရရင် တုံ့ယမ်းဟင်းချိုလို အရသာမျိုးပေါ့။ ဒါပေမဲ့ တုံ့ယမ်းဟင်းချိုထက် ပိုကောင်းပြီး ပိုအရသာရှိလေသည်။

သူ့ရဲ့အကြိုက်တွေ့နေတဲ့ပုံကို အနမ်းနှင့် မမကြီးက တစ်ယောက်ကိုတစ်ယောက် မျက်စပစ်ကြည့်ရင်း ...

"ဟင်း ... မိုးညုကင်းတို့ကတော့နော်။ မကြိုက်ဘူးသာဆိုတယ် သူ့လက်ချည်းပဲ"

မမကြီးစကားကြောင့် သူက တုံ့ခနဲဖြစ်သွားပေမယ့် စိတ်ထဲမှာတော့ သူကြိုက်တာ သူစားချင်နေတာကို ရွှေရေးခြယ်က ဘာကြောင့်သိနေတာလဲ ဆိုတာကိုတော့ အထူးစဉ်းစားနေမိတော့သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ဒီရက်ပိုင်းမှာ အမြဲလိုလို ပေါ်နေတတ်သည့် အာရုံတစ်ခုဟာ ရွှေရေးကို အများကြီး အနှောင့်အယှက် ဖြစ်စေပါသည်။ စိတ်တွေများနေ၍ ကယောင်ချောက်ချားဖြစ်တာပါဟု ဖြေတွေး၊ တွေးကာ အရင်ကထက် အချိန်ပေးပြီး တရားထိုင်ဖြစ်သောအခါ ရွှေရေး မြင်ယောင်နေတဲ့ ပုံရိပ်တွေဟာ ပိုလို့တောင်မှ ပီပြင်ထင်ရှားလာသည်။ အဲဒီလို ပီပြင်ထင်ရှားလာရတဲ့ အကျိုးဆက်ကြောင့် ရွှေရေးဟာ မှိုင်တိုင်ရင်မောရလေသည်။

ဘဝတစ်လျှောက်လုံးမှာ ကိုယ်နှင့်ဆက်နွှယ်ပတ်သက်နေသည့် စိတ်အနာတရဖြစ်သူတွေ၊ အကူအညီလိုသူတွေကို ရွှေရေးဟာ ကိုယ်တတ်သိနားလည်သလောက် ပြောပြ၍ သူတို့





အခက်အခဲတွေကို ပြေပျောက်အောင် ကူညီပေးခဲ့တဲ့သူဖြစ်သော ရွှေရေးအတွက် ကိုယ့်ကံကြမ္မာကိုတော့ ကိုယ် ဘယ်တော့မှမဖတ်ဖြစ်ခဲ့ပါ။ အခု သိမယ့်သိခဲ့တော့လည်း ...။

အဲဒါဟာ အမှန်တရား ဖြစ်ခဲ့မယ်ဆိုရင် ရွှေရေးရဲ့ ဖြစ်တည်မှုအတွက် ကံကြမ္မာကို အများကြီး ကျေးဇူးတင်မိမှာပဲ ဖြစ်သည်။

ဒါပေမဲ့ လတ်တလော အခြေအနေအရ ရွှေရေးဟာ ဖြည့်ဆည်းပေးနေပါလျက်နှင့် အမုန်းခံနေရသူ ဖြစ်နေတာကတော့ အရမ်းဝမ်းနည်းစရာ ကောင်းလှပါသည်။

ရွှေရေးသည် ဆုံလည်ဆိုဖာပေါ်ကို နောက်သို့လှန်ကာ မှီချလိုက်ရင်း ရွှေရေး ထပ်ကာတလဲလဲ မြင်ယောင်နေသည့် ပုံရိပ်တို့ကို ပြန်လည်ပုံဖော်နေစဉ်မှာ ဖုန်းသံကြား၍ ဖုန်းကိုင်လိုက်ရသည်။ ဘယ်သူ့ဆီကပါလိမ့်။ ရွှေရေးသည် Display မှာပေါ်နေသော နံပါတ်တစ်ခုကိုမြင်လျှင် ရင်ထဲ ထိတ်ခနဲတောင်ဖြစ်သွားရလေသည်။

ကိုမိုးည ... ဘာအကြောင်းရှိလို့များ ရွှေရေးဆီ ဖုန်းဆက်လာတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် ချီတုံချတုံဖြင့်ပင် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"

"ရွှေရေးခြယ် ... ကျုပ် မိုးညကင်းပါ"

မာဆတ်ဆတ်အသံကို နားထောင်လိုက်ရသောအခါမှာတော့ ရွှေရေးဟာ ကြိုတင်တွက်ဆမိသွားလေသည်။ သူ ဘာပြောမလဲ ... ပြောစမ်း ကိုမိုးည။

"ဟုတ်ကဲ့ ... ဘာကိစ္စများ ရှိလို့ပါလဲ"

"ရှိတယ်၊ ခင်ဗျားကို ပြောစရာကိစ္စရှိတယ်။ နောက်ဆယ်မိနစ်အတွင်း ခင်ဗျားရဲ့ရုံးခန်းကို လာခဲ့ပါမယ်။ ခင်ဗျားနဲ့ အရေးတကြီး စာရင်းရှင်းစရာရှိတယ်။ ခင်ဗျား ဘယ်မှမသွားဘဲ စောင့်နေပါ"

"Welcome ပါ၊ ဒါပေမဲ့ ရှင်က ကျွန်မနဲ့အတွေ့အထူးတွေ့ပြီး ဘာများပြောစရာတွေရှိနေလို့လဲ ကိုမိုးည။ ကျွန်မတို့ အဲဒီလောက် မရင်းနှီးကြဘူး ထင်တယ်"

"ဟင်း ... ဟင်း ... မင်းစကားပြောတာ သိပ်ပါးနပ်တယ် ရွှေရေးခြယ်။ မင်းဘက်က Welcome လုပ်ထားတဲ့အတွက်





ကိုယ့်မှာ လာပိုင်ခွင့်ရှိတယ်။ ရွှေရေးခြယ် ... မင်း စောင့်နေပါ၊ ကိုယ် အခုပဲ လာနေပြီ"

သူက ရွှေရေးကို အပြတ်ပြောကာ ဖုန်းချသွားလေတော့သည်။ ရွှေရေးသည် ဖုန်းကို stand လေးမှာ အသာတင်ပြီးနောက် ပခုံးတစ်ချက် တွန့်မိသွားသည်။ သူ့မှာ ပေါက်ကွဲပိုင်ခွင့်ရှိပါတယ်လေ။ ရွှေရေး ကြိုတွက်ထားပြီးသားပါ။

သူ့မေမေက တစ်နေ့တုန်းက ရွှေရေးကို သူတို့ ဘိုးဘွားပိုင်မြေကွက်ကို ရောင်းသင့် မရောင်းသင့် လာတိုင်ပင်ခဲ့လေသည်။ ဒီမြေကွက်ကိုရောင်းဖို့ အဓိက တွန်းအားပေးသူကတော့ ကိုမိုးညပဲဖြစ်လေသည်။ သူ သေချာစီစဉ်ထားတဲ့ခွင်ကို ရွှေရေးက "မရောင်းသင့်ဘူး"ဆိုတဲ့ အာရုံတစ်ခုရဲ့ စေစားမှုကြောင့် သူ့မေမေကို မရောင်းသင့်ဘူး ပြောလိုက်တဲ့အခါ သူက ဒေါသူပုန်ထလာတော့တာပဲဖြစ်သည်။

ကိစ္စမရှိပါဘူးလေ၊ သူလာတော့လည်း ရွှေရေးဘက်က ပြန်ပြောရုံပဲပေါ့။

"အစ်မ ... ဦးမိုးညကင်းတဲ့၊ အစ်မနဲ့တွေ့ချင်လို့တဲ့။ လွှတ်လိုက်ရမလား အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် ထက်ထက်ရဲ့အမေးကြောင့် ရင်တစ်ချက်ခုန်သွားကာ ခေါင်းအသာဆတ်ပြလိုက်တော့သည်။

"ဒီကိုလွှတ်လိုက်ပါ ညီမ"

ခဏနေတော့ မိုးညကင်းသည် ရွှေရေးရဲ့ရုံးခန်းထဲသို့ ရောက်လာလေတော့သည်။ ခဲရောင်ရှပ်ကို တံတောင်ဆစ်နားလောက်ထိ လက်ခေါက်ဝတ်ကာ ကော်လာနှင့်တစ်ဆက်တည်းနက်ခ်တိုင်အသေးလေးကိုပါ ဆင်ယင်ထားပြီး ဂျင်းဘောင်းဘီအနက်စိုစိုဖြင့် အရမ်းကို ခန့်ညားနေပေသည်။ ဒါပေမဲ့ မျက်နှာထားကတော့ တင်းထန်နေဆဲ။

"ထိုင်ပါ ... ကိုမိုးည"

ရွှေရေးက ခပ်ပြုံးပြုံးမျက်နှာထားဖြင့် သူ့ကိုဖိတ်ခေါ်လေလျှင် သူက ခပ်တည်တည်ပင် ဝင်ထိုင်ကာ စကားစလေသည်။

"ဘာသဘောလဲ ရွှေရေးခြယ်၊ မင်းက ကိုယ်တို့မြေကွက်ကို ဘာလို့မရောင်းသင့်ဘူးလို့ ပြောရတာလဲ"

"ကျွန်မမြင်တဲ့အတိုင်း ပြောလိုက်တာပါ။ ဘာဖြစ်လို့လဲ"





"ဟား ... ဘာဖြစ်ရမလဲကွ။ မင်းရဲ့စကားတစ်ခွန်းကြောင့် ငါ့ဘက်မှာ ဘယ်လောက်နစ်နာဆုံးရှုံးသွားရသလဲဆိုတာ မင်း သိလား ...

ဒီမှာ ရွှေရေးခြယ်၊ မင်း ငါ့စီးပွားရေးကိုဝင်ပြီး စီမံပိုင်ခွင့် မရှိဘူး"

နောက်ဆုံးစကားလုံးကတော့ ရွှေရေးကို အထိဆုံးပဲဖြစ်သည်။ ဘာလဲ ... သူက ရွှေရေးကို အထင်သေးတာလား။ ရွှေရေးသည် ထောင်းခနဲထွက်လာသည့် ဒေါသတွေကြောင့် သူ့ကို ကောမိလိုက်တော့သည်။

"ဒီမှာ ကိုမိုးည၊ ရှင့် နစ်နာဆုံးရှုံးရမှုကို ကျွန်မ မသိဘူး။ ဒါပေမဲ့ ရှင် အဲဒီမြေကွက်ကို ရောင်းလိုက်တာနဲ့ ဖြစ်လာမယ့် အကျိုးဆက်တွေကို ကျွန်မ ကြိုမြင်နေလို့ တားရတာ ...

ရှင့်စီးပွားရေးကို စီမံနေတာ မဟုတ်ဘူး။ ရှင် ကျွန်မကို အဲဒီလိုမျိုးတော့ မစွပ်စွဲပါနဲ့။ ကျွန်မဆီမှာ ထူးဆန်းတဲ့ Will power တစ်မျိုး ရှိနေတဲ့အတွက် ကျွန်မရဲ့ ပတ်ဝန်းကျင်ကလူတွေကို အတတ်နိုင်ဆုံး ကူညီပေးတယ်။ အဲဒီအတွက် ကျွန်မ ဘာအကျိုးအမြတ်မှ မယူခဲ့ဘူး။ ရှင်



www.burmeseclassic.com

www.burmeseclassic.com



အခုပြောနေတဲ့ စကားတွေက ကျွန်မရဲ့စေတနာကိုပါ စော်ကားလိုက်တာပဲ”

“မင်းပြောတဲ့ ဖြစ်လာမယ့် အကျိုးဆက်ဆိုတာ ဘာလဲ၊ မင်း အာရုံထဲမှာ ပေါ်တာကို ပြောတာလား။ ကိုယ်အယုံအကြည်မရှိဘူး ရွှေရေးခြယ်။ ကိုယ့်ကံကြမ္မာကို ကိုယ်ကပဲ ဖန်တီးတာ။ အဲဒီအတွက် မင်းပြောတာတွေကို ကိုယ်ဘာတစ်ခုမှ အယုံအကြည် မရှိဘူး”

သူ မယုံကြည်တာကို ယုံကြည်လာအောင်လုပ်ဖို့ ရွှေရေးမှာ တာဝန်ရှိတာပေါ့။ ရွှေရေးသည် သူ့ရဲ့စိန်ခေါ်နေသည့် အပြောကို ရွှေရေးက အပြုံးမပျက်ဖြင့် သွေးအေးစွာ ပြန်ပြောလိုက်ပါသည်။

“အဲဒါဆို ရှင်နဲ့ ကျွန်မ လောင်းကြေးစားကြေးလုပ်ကြည့်ရအောင်လား။ ရှင်က ကျွန်မကို မယုံကြည်ဘူး။ အေး ... ကျွန်မကတော့ ကိုယ့်ပညာကို ယုံကြည်တယ်။ ကျွန်မ ပြောလိုက် ဟောလိုက်သမျှ အားလုံးဟာ မှန်ခဲ့တာချည်းပဲ။ ကျွန်မကြောင့် ဘယ်သူတစ်ဦးတစ်ယောက်ကမှ ဒုက္ခမရောက်ခဲ့ဘူး။ အဲဒီတော့ ရှင် မယုံကြည်တဲ့ ကျွန်မရဲ့စိတ်





စွမ်းအားကို ကျွန်မ သက်သေပြမယ်။ ပြော ... ကျွန်မ ဘာကိုဟောပေးရမလဲ”

“မင်းဟောတာ မှားခဲ့ရင်ကော”

ရွှေရေးသည် အဲဒီမေးခွန်းအတွက် ခေါင်းမော့ရင်ကော့ကာ အဖြေတစ်ခု ပြောလိုက်ပါသည်။

“ဘယ်တော့မှ မမှားနိုင်ဘူး ကိုမိုးည”

“ကောင်းပြီလေ ... ခင်ဗျားနဲ့ ကျွန်တော် အလောင်းအစားလုပ်ကြတာပေါ့ ...

ခင်ဗျား အခုဟောပေးရမှာက ကျုပ်ရဲ့ဘဝလက်တွဲဖော်က ဘယ်သူလဲ၊ ဘယ်တော့တွေ့မှာလဲ။ တိတိကျကျ ပြောပါ ရွှေရေးခြယ်။ အဲဒီအဖြေ မှန်,မမှန်ကို ကိုယ် စိတ်ဝင်စားတယ်”

ရွှေရေးသည် သူ့ရဲ့မျက်ဝန်းတွေကို တစ်ချက်စေ့စေ့စိုက်ကြည့်လိုက်သည်။ သူ့မေးခွန်းအတွက် ရွှေရေးဟာ တိတိပပ ဖြေပေးဖို့ လိုအပ်လာပါသည်။

ရွှေရေးသည် အဲဒီအတွက် အာရုံတွေကို မစုစည်းခင်မှာ သူ့ကိုမျက်ခုံးတစ်ချက်ပင့်ပြ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုခေလေ ... ရှင့်အတွက် တိကျမှန်ကန်တဲ့ အဖြေတစ်ခု ကို ကျွန်မပြောပြမှာပါ။ ဒါပေမဲ့ အဲဒီအဖြေမှန်ဖို့ အချိန် တစ်ခုတော့ စောင့်ရလိမ့်မယ် ကိုမိုးညှ။ ဘာယ်လိုလဲ ... ကျွန်မဟောချက် မှန်တယ်ဆိုတာ ချက်ချင်းကြီးတော့ မှာ မဟုတ်ဘူးနော်။ ရှင် စောင့်နိုင်ရဲ့လား"

သူက ရွှေရေးကို အပြုံးတစ်ချက်ဖြင့် မထိတရိ ပုံ ဖမ်းကာ ...

"စောင့်နိုင်ပါတယ် ရွှေရေးခြယ်၊ အဖြေမှန်တယ် မှားတယ် ဆိုတာ ကွဲကွဲပြားပြား သိရဖို့အတွက် သေချာပေါက်စောင့် ရမှာပေါ့"

"ကောင်းပြီ ကိုမိုးညှ၊ အဲဒါဆို ကျွန်မ ဟောတော့မယ် နော်"

"ကျွန်တော် နားထောင်နေပါတယ်"

ရွှေရေးသည် သူ့ရဲ့စိန်ခေါ်သလို ပုံဖမ်းနေသည့် မျက်နှာအမူအရာတွေကို မသိကျိုးကျွံပြုလိုက်ကာ ရွှေရေးရဲ့ဟော ချက်တွေ တိကျဖို့အတွက် မျက်ဝန်းတွေကို မှေးမှိတ်ကာ အာရုံ တွေကို စုစည်းထားလိုက်တော့သည်။





"မိုးညကင်းရဲ့လက်တွဲဖော် ဘယ်သူလဲ၊ ဘယ်သူလဲ ... ဘယ်သူလဲ ? ? ? "

ရွှေရေးသည် စိတ်ထဲကနေ အာရုံတစ်ခု ပေါ်ပေါက် လာဖို့ ရင်ထဲကနေ ခပ်တိုးတိုးမြည်တမ်းနေမိသည်။ ရွှေရေးရဲ့ စိတ်တွေဟာ စက္ကန့်အတော်ကြာ အဖြူရောင်လွင်ပြင်ထဲမှာ ကူးလူး နေရင်းကမှ ဝိုးပြင်ပြတ်သားတဲ့ပုံရိပ်တွေကို တစ်ကွက်ချင်း မြင် လာတော့သည်။

တိကျသေချာတဲ့ အဖြေတစ်ခု ထွက်လာပြီးနောက် မှာ ရွှေရေးသည် မှိတ်ထားသော မျက်ဝန်းတွေကို အသာအယာ ဖွင့်လိုက်တော့သည်။ မျက်လုံးတွေကို ဖွင့်ဖွင့်ချင်းမှာ မြင်လိုက်ရ တာတော့ သူ့ရဲ့ပြုံးနေသည့် မျက်နှာပဲ ဖြစ်လေသည်။ မထိတရိ ပုံဖမ်းထားသော သူ့ရဲ့ထောင့်မကျိုးသည့် မျက်နှာဟာ ရွှေရေး အတွက်တော့ ရင်နာစရာပဲဖြစ်သည်။

"ကဲ ... ပြောပါဦး ရွှေရေးခြယ်"

ရွှေရေးသည် အဖြေတစ်ခုကို ပြောဖို့အတွက် သူ့ မျက်ဝန်းတွေကို စူးစိုက်ကြည့်လိုက်ကာ တည်တည်ကြည်ကြည် ပြန်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ဘဝလက်တွဲဖော် မရှိဘူး ကိုမိုးည"

"ဘာ ... ဘာဖြစ်တယ်"

သူက အလန့်တကြား ထအော်လျှင် ရွှေရေးသည် သူ့ကို ထပ်အတည်ပြုပေးလိုက်သည်။

"ဟုတ်တယ် ... ကိုမိုးည။ ရှင့်မှာ ဘဝလက်တွဲဖော်ဆိုတာ မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရှင့်မှာ နဖူးစာပါမလာဘူး ကိုမိုးည။ ရှင်က ချစ်ခဲ့တာဆိုရင်တောင် လက်ထပ်ဖို့က တော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါ လုံးဝ သေချာတဲ့ အမှန်တရားတစ်ခုပါ ကိုမိုးည"

ရွှေရေးရဲ့အပြောကို သူက ရုတ်တရက်မို့ ဘာပြန်ပြောရမှန်း မသိအောင် နှုတ်တို့ဆွံ့အသွားကာ ရွှေရေးကိုငေးကာ ကြောင်ကြည့်နေလေသည်။ ပြီးတော့မှ သတိဝင်သွားဟန်ဖြင့် ရွှေရေးကို မထီမဲ့မြင်ပြုကာ ဟားတိုက်ရယ်မောပြီး ...

"ဟင်း ... ဟင်း ... မင်း တက်တက်စင်အောင် လွဲသွားပြီ ရွှေရေးခြယ်၊ ငါ သိပ်မကြာခင်မှာ လက်ထပ်တော့မှာ။ ငါသိပ်ချစ်တဲ့ချစ်သူနဲ့ လက်ထပ်တော့မှာ။ ငါ့ဘဝရဲ့လက်တွဲဖော်ကို ငါက တွေ့ထားပြီးသား"





"အဲဒါ ရှင့်အပိုင်းပါပဲ။ ဒါပေမဲ့ ပွဲမှမပြီးသေးတာ အခုမှ အစပဲ ရှိသေးတာကိုး ...

ကျွန်မလည်း ရှင့်ကို သေချာပြောမယ်နော်၊ ရှင့်မှာ ဘဝလက်တွဲဖော်ဆိုတာ မရှိဘူး။ ရှင့်အတွက် ကံကြမ္မာက ဖန်တီးပေးထားတဲ့ ဖူးစာမရှိဘူး"

"ကိုယ် မယုံဘူး ရွှေရေးခြယ်။ မင်းဟောချက် လုံးဝမှားတယ်၊ မကြာခင်မှာ မင်းဆီကို ဖိတ်စာဆက်ဆက်ပို့လိုက်မယ် ...

အခုတော့ ကိုယ်ပြန်မယ်။ မင်းကြောင့် ဆုံးရှုံးသွားတဲ့ ကိုယ့်အလုပ်တစ်ခုအတွက် မင်းကို ကိုယ်ရော်လိုက်ပါပြီ။ နောက် အဲဒီလိုမျိုး အလားတူထပ်ဖြစ်လာရင်တော့ မင်းကို ကိုယ်တကယ်စိတ်ဆိုးပြီ"

သူက ပြောချင်ရာပြောပြီး ရွှေရေးရှေ့ကနေ ကျောခိုင်းထွက်သွားလျှင် ရွှေရေးသည် သူ့ကို စကားတစ်ခွန်းတော့ သူကြားစေရန် ပြောဖြစ်အောင် ပြောလိုက်ပါသည်။

"ကျွန်မ ပြောခဲ့တာတွေ ဘယ်တုန်းကမှ မမှားခဲ့ဘူး ကိုမိုးည ....



www.burmeseclassic.com

www.burmeseclassic.com



ရှင့် အချစ်ရေးကိစ္စလည်း မမှားနိုင်ဘူး။ အဲဒါလုံး၀ သေချာတယ်ဆိုတာ ရှင် ယုံကြည်လက်ခံလာရလိမ့်မယ်”

ရွှေရေးရဲ့စကားတစ်ခွန်းအတွက် သူက ရွှေရေးကို ကျောခိုင်းထားရာက တစ်ချက်လှည့်ကြည့်ကာ အဓိပ္ပာယ်တွေ အများကြီးပါဝင်လေသော အပြုံးတစ်ခုကို ပြုံးပြသွားခဲ့ပါသည်။

♥ ✧ ♥





# “အလယ်”

www.burmeseclassic.com

www.burmeseclassic.com







“အစ်ကို ... ရေးတို့ ဘယ်လိုလုပ်ကြမလဲဟင်”

အမျိုးသမီးလေးသည် အင်မတန်မှ စိတ်ညစ်ညူးနေသည့်ဟန်ဖြင့် အမျိုးသားလေးကို အားကိုးတကြီး တိုင်ပင်လေသောအခါ အမျိုးသားလေးသည် သက်ပြင်းတစ်ချက် ချလိုက်ကာ ...

“အခုဆို အစ်ကိုတို့အတွက် တစ်ခုတည်းသော အားကိုးရာဖြစ်တဲ့ အရှင်လည်း မရှိတော့ဘူး ရေး။ အစ်ကိုတို့မှာ နောက်ဆုံးမျှော်လင့်ချက်ဆိုလို့ ကိုယ်တို့ရဲ့စစ်မှန်တဲ့အချစ်တစ်ခုပဲ ရှိတော့တယ် ရေး။ ကိုယ်တို့အချစ်တွေ ဘယ်လိုအကြောင်းမျိုးကြောင့်နဲ့ပဲ ဖြစ်ပစေ မပြောင်းလဲဖို့ လိုအပ်တယ် ရေး”

“စိတ်ချပါ အစ်ကိုရယ်၊ ရေးတို့ရဲ့အချစ်က ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ပါဘူး။ ပြီးတော့ အစ်ကိုလည်း အရမ်း



www.burmeseclassic.com

www.burmeseclassic.com



စိတ်အားမလျှော့ပါနဲ့ဦး။ ရေးတို့နှစ်ယောက်က ဖူးစာမပါဘူးဆိုပေမယ့် အရှင့်ရဲ့ဖန်တီးမှုကြောင့် ရေးရဲ့နဖူးမှာ အစ်ကို့နာမည် ထွင်းထားပြီးသားပဲ။ နဖူးစာတစ်ဝက်ရှိထားပြီးသား လူနှစ်ယောက်ဟာ နီးစပ်ဖို့ အရမ်းနီးနေပါပြီ အစ်ကိုရဲ့"

အမျိုးသမီးလေးက အမျိုးသားလေးရဲ့လက်ဖျားထိပ်လေးကို အသာဖျစ်ညှစ်ကိုင်ကာ အားပေးလိုက်လျှင် အမျိုးသားလေးသည် နွမ်းလျလျအပြုံးတစ်ခုကိုပြုံးကာ သူ့နဖူးသူ အသာလေးပွတ်သပ်၍ ...

"အစ်ကိုက ရေးရဲ့နာမည်ကို နဖူးမှာရေးဖို့ မေ့ခဲ့တာပေါ့နော်။ အရှင်ရယ် ... ကျေးဇူးပြုပြီး အကျွန်တို့ဘဝထဲကို တစ်ဆိတ် ပြန်ဝင်လာခဲ့ပေးပါ။ အကျွန့်ရဲ့နဖူးစာကို ဖန်ဆင်းပေးပါဦး"

အမျိုးသားလေးရဲ့ဆုတောင်းဟာ ပြည့်လိုပြည့်ငြားနေ့စဉ် တောင်းဆုပြုနေခဲ့သော်လည်း ကာလအတန်ရောက်သည်အထိ အဲဒီဆုတောင်းဟာ မပြည့်ခဲ့ပါဘူး။ အဲဒီခေတ်ကာလရဲ့ အခြေအနေအရ အမျိုးသားလေးဟာ ဖူးစာမပါတဲ့အတွက် မည်သူ့





ကိုမှ လက်ထပ်ပိုင်ခွင့် မရှိခဲ့ပါဘူး။ ဖူးစာမပါလည်း ရှအောင်ပေါင်းဖက်ရမယ်ဆိုတဲ့ အမိန့်ကို ထုတ်ပြန်ခဲ့တဲ့ ခေါင်းဆောင်ဟာလည်း အရှင်ရဲ့ဖြစ်စဉ်ကို သံဝေဂရပြီး အဲဒီအမိန့်ကို ရုပ်သိမ်းခဲ့သတဲ့။

သည့်အတွက် အရှင်ဟာ သူတို့ခေတ်ကာလရဲ့ စံနမူနာဖြစ်တာကြောင့် သူတို့အားလုံးဟာ အချစ်ရိုးရာကို ဘယ်သူကမှ မဖောက်ဖျက်ရဲတော့ဘဲ ဖူးစာမပါတဲ့ ချစ်သူစုံတွဲကိုဆို ဘယ်လိုနည်းနဲ့မှ လက်ထပ်ခြင်းကို ခွင့်မပြုခဲ့ဘူးတဲ့။ အဲဒါကြောင့်မို့ အမျိုးသားလေးတို့ ချစ်သူနှစ်ဦးဟာ ချစ်ပါရက်နှင့် ပေါင်းဖက်ခွင့်မရရှာဘူးပေါ့။

ဒီဘဝမှာ ဘယ်လိုမှ ပေါင်းစပ်ခွင့်မရတော့မယ့်အတူ အမျိုးသားလေးတို့ ချစ်သူနှစ်ဦးဟာ တစ်ဦးကိုတစ်ဦး လေးလေးနက်နက် သစ္စာပြုခဲ့ကြသတဲ့။

"ဒီဘဝ၌ ပေါင်းဖက်ခွင့်မကြုံခဲ့ရသော ကျွန်ုပ်တို့ ချစ်သူနှစ်ဦးသည် သံသရာတစ်ကွေ့၌ ပြန်ဆုံတွေ့ကာ အပြစ်ကင်းသောချစ်ခြင်းကို ဖန်ဆင်းနိုင်သော နတ်ရေးတဲ့ဖူးစာဖက်များ ဖြစ်ရလိုပါ၏"



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ဆုတောင်းပြုပြီးနောက်မှာတော့ အမျိုး သမီးလေးသည် အမျိုးသားလေး အင်မတန်မှ ကြိုက်နှစ်သက်လှ သော ဟင်းချိုကို ကိုယ်တိုင်ချက်ပြုတ်လာကာ အမျိုးသားလေးကို နောက်ဆုံးအနေဖြင့် ကျွေးလေသည်။ ပြီးတော့ ခံစားချက်နှင့်သီး နေသော မျက်ဝန်းတို့ဖြင့် အမျိုးသမီးလေးအား ငေးကြည့်ကာ ...

"အစ်ကို သောက်ခဲ့ရသမျှ ဟင်းရည်တွေထဲမှာ ရေးချက် ကျွေးတဲ့ ဒီဟင်းချိုလေးက အကောင်းဆုံးပါပဲ။ အစ်ကိုတို့ တစ်ချိန်ချိန် တစ်ဘဝမှာ ပြန်ဆုံတွေ့ဖြစ်ရင် ဒီအရသာ အတိုင်း လက်ရာမပျက် ရေးက ချက်ကျွေးပါစေလို့ ကိုယ် မျှော်လင့်တယ်ကွယ်"

"အချိန်ကာလတွေ ခေတ်တွေ ဘဝတွေ ဘယ်လိုပြောင်းလဲ သွားပါစေ၊ ရေးရဲ့နဖူးမှာပါလာပြီးသားစာနဲ့ ရေးရဲ့ချစ်ခြင်း တရားတွေဟာ အစ်ကို့အတွက်ပါ။ ဘယ်တော့မှ သွေဖယ် ယိုင်လဲသွားမှာ မဟုတ်ဘူး ...

အစ်ကို နှစ်သက်တဲ့ အဲဒီဟင်းချိုလေးကိုလည်း ရေးက ဘယ်ဘဝရောက်ရောက် အစ်ကို့ကို ချက်ကျွေးခွင့် ရတဲ့သူ ဖြစ်စေရပါ့မယ် ...





ရေးတို့ရဲ့ သစ္စာတရားနဲ့ ချစ်ခြင်းတွေကို ဘယ်သူ ကမှမသိစေဦးတော့ ခေတ်ကာလတွေ အချိန်တွေ ဘယ် လောက်ပြောင်းပြောင်း ကျန်ရှိတည်မြဲနေမယ့် ဟောဒီ ကောင်းကင်ပြင်ကြီးကတော့ ရေးတို့ကို မှတ်မိနေမှာပါ အစ်ကို။ ရေးတို့ရှေ့ကနေ ပျောက်ကွယ်သွားတဲ့ အရှင်လည်း တစ်နေရာရာကနေ ရေးတို့ချစ်ခြင်းတွေကို အသိအမှတ်ပြု နေပါလိမ့်မယ် ...

ရေးတို့သာ အချစ်စစ်ရင် ဘယ်လောက်ဝေးဝေး နီးနေကြပါတယ် အစ်ကို"

ကမ္ဘာလောကကြီးကလည်း တည်ရှိနေမြဲဖြစ်သည်။ ကောင်းကင်ပြင်ကြီးကလည်း အချိန်ကာလတွေ ထာဝစဉ်ပြောင်းလဲ နေပေမယ့် ပုံသဏ္ဍာန်မပျက် ရှိနေပေးဦးမည်။

စစ်မှန်သော ချစ်ခြင်းနှင့် သစ္စာတရားအတွက် ကံကြမ္မာဆိုသော ဖန်ဆင်းရှင်သည် တစ်ကျော့ပြန်လည်ဆုံစည်းမှု ကို လက်ဆောင်ပေးလေသည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com









အဲဒီပုံပြင်လေးသည်

အမှန်တကယ် ရှိတယ်လို့ပဲ

ယူဆကြပါစို့။

နဖူးစာပါလာခဲ့တဲ့ အမျိုးသမီးလေးက

ရွှေရေးကိုခေါ်ပြီး

နဖူးမှာစာရေးဖို့ကျွန်ခဲ့တဲ့ အမျိုးသားလေးက

မိုးညလို့ ခေါ်ပါတယ်။

သူတို့တွေဟာ

အဲဒီခေတ် အဲဒီကာလရဲ့

အမှန်တကယ်ကို ရှိခဲ့ပါသော

ရာဇဝင်ထဲက

အချစ်ကြီးလေတဲ့ ချစ်သူနှစ်ဦးရဲ့

အမည်နာမပင် ဖြစ်ပါသည်။

♥ ✧ ♥



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





သစ္စာတရားတို့ ပိုက်ထွေးထားတဲ့
ဤရင်ခွင်။

ချစ်ခြင်းတရားတို့ ယှက်သန်းထားတဲ့
ဤနှလုံးသား။

ဆုတောင်းခြင်းတို့ ဖြန့်ကျဲထားတဲ့
ဤကောင်းကင်ပြင်။

နူးညံ့သိမ်မွေ့စွာ ပေါက်ကွဲဖို့ရန်အတွက်
ကံတရားကို အတင်းပိအားပေးထားတယ်။
ဤမှန်ကန်သော ချစ်ခြင်းတရားတို့ကြောင့်
ဘဝဆက်တိုင်း
သူတစ်ယောက်အတွက်သာ
နှုံးစာဖြစ်ပါရစေ။

♥ ✧ ♥



BURMESE CLASSIC .com



## ၁၁

မိုးညသည် ရေမိုးချိုးပြီးသည်နှင့် သူ ဒီနေ့ ဘယ်လို ရှိုင်းသွားရင်ကောင်းမလဲ ဆိုတာကို စဉ်းစားမိသွားသည်။ လေလေး ခပ်မြောက်မြောက်ချွန်ကာ အဝတ်အစားကို စိမ်ပြေနပြေ ထိုင်ရွေးနေမိသည်။ ဒီကနေ့မှာ သဲနဲ့ ရုပ်ရှင်သွားကြည့်ဖို့ ချိန်းထားပြီးသား။ ပြီးရင် 365 မှာ lunch အတူစားမည်။ အဲဒီနောက်တော့ နောက်ထပ် ဇယားတွဲလေးတစ်တွဲနှင့် ထပ်တွေ့ဖို့ ချိန်းထားသေးတာဖြစ်သောကြောင့် ဒီကနေ့မှာ လန်းလန်း, လန်းလန်း ထနေမှဖြစ်မည်။ ဒါကြောင့် သူက သီးသန့်တွေ့ဆုံခန်းတွေ ရှိနေသည့်အတွက် သေချာလေး ပြင်ဆင်နေတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးညသည် မိုးပြာရောင် vest တီရှပ်ဘော်ဒီဖစ်ကို ဝတ်စကုတ်အနက် ချိုင်းပြတ်ထပ်ဝတ်ကာ TBY ဂျင်းကောက်စွတ်လိုက်တော့သည်။ ပြီးပြီ ... ဒီလောက်ဆို လှပ်လို့ရသွားပြီ။ သူ့ရဲ့ မီးခံသေတ္တာထဲကနေ နှစ်ပုံးထုတ်ကာ ခါးပတ်အိတ်ထဲ ထည့်လိုက်သည်။ ရေမွှေးဆွတ်ပြီးနောက်မှာ သူဟာ အိုကေ ... ရယ်ဒီဖြစ်ပြီမို့ မြှောက်ကြွသော ခြေအစုံကို All Star စီးပေးလိုက်တော့ ပိုခန့် ပိုမိုက်သွားတော့သည်။

"ဟယ်လို ... ကင်း မိုက်လှချည်လားဗျ။ ဒီ့,ဒီဇိုင်းနဲ့ဆို ဘယ်ဆော်နဲ့ ဒိတ်ထားလို့လဲ"

BURMESE CLASSIC .com

သူက သူ့ရဲ့ Latest ဘောက်(စ်)စဝ္စန် အဝါလေးကို စက်နှိုးနေစဉ် အနမ်းက ကျောင်းသွားတော့မည့်ဟန်ဖြင့် အပြင်ထွက်လာကာ သူ့ကိုမြင်လို့ လှမ်းမေးလျှင် သူက မျက်စိတစ်ဖက် မှိတ်ပြကာ ...

"ဟဲ ဟဲ ... my avocado လေး(ငါ့ထောပတ်သီး)တွေနဲ့ သွားတွေ့မလို့ကွ"

"မိုက်ပါတယ်၊ ဪ ... အဲဒါထက် ကင်း ကျွန်တော့်ကို ရေလေးဘာလေး ဖျန်းခဲ့ဦး။ ဒီမှာ ခန်းနေပြီဗျ"





"ဟာ ... မောင်နေနမ်း၊ ဘယ်လိုဖြစ်တာတုံးကွ။ မင်းတို့ dance club က ပြီးခဲ့တဲ့ အပတ်ကတင် ရှယ်ယာခွဲထားတာ မဟုတ်ဘူးလား၊ အဲဒါ ဘာလို့ ခန်းနေရတာလဲ"

"အာ ... ကင်းကလည်း ရေလည်စစ်တယ်ဗျာ။ ကျွန်တော့် ရှယ်ယာတွေကို မသုံးသေးဘဲ ခဏနှပ်ထားလို့ပါ။ လာမယ့် Wednesday ကျရင် မမ birthday ဗျ၊ အဲဒါကြောင့်"

ဒီကောင် "မမ"လို့ ပြောလိုက်တာနှင့် ဘယ်သူဆိုတာ သူ အတပ်သိပါသည်။ ဒီလောကမှာ အနမ်း တခုတ်တရနှင့် စာဖွဲ့တဲ့ မိန်းကလေးဆိုလို့ ရွှေရေးခြယ် တစ်ယောက်သာ ရှိပေသည်။ ဒီအမျိုးသမီးရဲ့မွေးနေ့ကိုများ သူမို့ စာတင်နေလေရဲ့။

မိုးညသည် မမြင်ဖူး မူးမြစ်ထင်နေသည့် အနမ်းကို စကားမြန်မြန်ပြတ်အောင် ဖောရှောလုပ်လိုက်တော့သည်။

"အေးပါ ... နေနမ်းရာ။ ညနေ ငါပြန်လာရင် မင်းလိုတာ ပေးမယ်။ အခုတော့ ငါ လိမ့်လိုက်ဦးမယ်"

သူ့စကားကြောင့် တက်ကြွသွားသော အနမ်းက သူ့ပခုံးကို အသာကိုင်ကာ ...

"ဟား ... ကင်း၊ တကယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... sure ... sure ။ ကဲ ... baby bye bye ငါ go ပြီဟေ့"

သူက အနမ်းကိုနှုတ်ဆက်ကာ ကားထဲဝင်၍ ဝေါခနဲ မောင်းချလာခဲ့တော့သည်။ ပန်းဆိုးတန်းဘက်က စာရင်းကိုင်သင်တန်းမှာ သဲကိုသွားကြိုရမှာ ဖြစ်တာကြောင့် သူက ချိန်းထားချိန်ထက် မိနစ်အနည်းငယ်စောကာ ကြိုရောက်သွားကာ သီချင်းနားထောင်ရင်း စောင့်နေလိုက်တော့သည်။

"ကို ... ဒီနေ့ တယ်စောပါလား။ ဝီရိယကောင်းနေတယ်ပေါ့လေ ... ဟုတ်လား"

သဲရဲ့ချွဲနွဲ့ချိုမြသော အသံလေးကို ကြားလိုက်ရလျှင် သူဟာ လန်းတာတွေထက် ပိုလန်းသွားကာ အပြင်းစားညို့ရီရီ အကြည့်တွေကျွေး၍ ...

"လာလေ ... သဲ ကားပေါ်တက်။ ကိုယ့်အချစ်နဲ့ချိန်းထားတော့ ဒီကနေ့ရှိသမျှ appointment တွေ အားလုံးကို cancel လုပ်ပစ်လိုက်တာလေ။ သဲနဲ့ပတ်သက်လာရင် အဲလိုမျိုးကို ကိုယ်က active ဖြစ်နေတာ"

"ဟွန့် ... တော်တော်ပို။ ကဲပါ ... ရုပ်ရှင်ချိန်နီးနေပြီ သွားတော့လေ"





"ဟား ဟား ... အေးဆေးပါ။ ဟိုရောက်တာနဲ့ လက်မှတ်က တန်းရတယ်။ Super lodge ကို ဘွတ်ကင်လုပ်ထားပြီးသား"

သူဟာ လန်းဆန်းတက်ကြွနေသော စိတ်အစဉ်နှင့် အတူ သမ္မတရုံကို မောင်းချသွားတော့သည်။ ဒီကားက ဟာသကားဖြစ်တာကြောင့် ရုံပြည့်ရုံလျှံပဲဖြစ်၏။ သူနှင့်သဲဟာ ဟာသကားကြည့်ပြီး ရုံလွတ်ချိန်မှာတော့ နီးနီးနားနား ဘေးက 365 မှာ lunch စားဖြစ်ကြသည်။

"သဲ ... မနက်ဖြန်လည်း ထပ်တွေ့မယ်လေကွာ။ သဲ အားတယ်မဟုတ်လား"

"အာ ... မနက်ဖြန်က ကိုဦးတို့နဲ့ ချိန်းထားတာ ကိုရဲ့။ ကိုက ကြိုမှမပြောတာ"

အိ ... သေပါတော့။ ကိုယ်က ကြိုမပြောမိလို့တဲ့။ ဖြစ်မှဖြစ်ရလေ။

မိုးညသည် သူ့ရဲ့အဲဒီချစ်ရည်းစားကို နည်းနည်းလန့်သွားရလေသည်။ ချစ်မြတ်နိုးဆိုသော သူ့ဆော်လေးဟာ နာမည်နှင့်လိုက်အောင်ကို ချစ်ခင်ဖွယ် မြတ်နိုးဖွယ်လေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီချစ်စရာ ငယ်ငယ်ချောချော ကောင်မလေးကို သူက လက်ထပ်သင့်တယ်လို့ သတ်မှတ်ကာ ဆန်ခါတင်ရွေးထားတုန်းပဲ ရှိသေးတယ်။ big happy family ဇယားတွေက စလာပြီ။ ဒါပေမဲ့လည်း ခံစားလို့ရပါတယ်လေ။

အရေးကြီးတာက အမြန်ဆုံး ဖိတ်စာဝေနိုင်ဖို့ပဲဖြစ်သည်။ ဒါမှပဲ ဟိုမိန်းမကို အနိုင်နဲ့ပိုင်းနိုင်မှာဖြစ်သည်။ အဲဒီအတွက် သဲနှင့်လက်ထပ်ဖို့ စီစဉ်ရပေမည်။

"ဪ ... သဲ၊ ကိုယ်တို့လက်ထပ်ဖို့ကို သဲ စဉ်းစားပြီးသွားပြီလား"

"အာ ... နေပါဦး။ သဲက ကဲလို့ကောင်းတုန်းပဲ ရှိသေးတယ်။ လောလောဆယ် မစဉ်းစားချင်သေးဘူး"

"အင်း ... သဲကလည်းကွာ။ ကိုယ်က ..."

သူက ဖီလင်တွေထည့်ကာ ပြောနေတုန်း ရုတ်တရက် ရှူးရှူးဝါးဝါး ထွက်လာသော ဖုန်း ring ကြောင့် စိတ်ပျက်သွားစွာ ကျစ်ခနဲ စုပ်သတ်၍ ဖုန်းကိုင်လိုက်ရသည်။

"ဟယ်လို"

"ကိုမိုးည ... ကျွန်မပါ ရွှေရေးခြယ်"





ဟား ... ကျွတ်(စ်) ဒီမိန်းမကွာ။ ဘာလာရှုပ်ပြန်ရတာလဲ။ သူဟာ စိတ်ထဲကနေ အပီအပြင် မေတ္တာပို့လျက် အပြင်မှာတော့ ခပ်မာမာလေသံဖြင့် ပြောလိုက်မိသည်။ ဘယ်လိုရေစက်ကြောင့်မှန်းကို မသိပါ။ မိန်းကလေးတွေနှင့်ဆို အရမ်း peace ဖြစ်ကာ လူမှုဆက်ဆံရေးနေရာမှာ Good better best ဖြစ်သော သူဟာ ရွှေရေးခြယ်ကိုဆိုရင်တော့ ဘုဘောက်ချည်းပဲ ပြောနေတာဖြစ်တာကြောင့် ဆက်ပြောမည့်စကားလုံးတွေဟာ မသာမယာပဲ ဖြစ်ပါလိမ့်မည်။

"ဘာကိစ္စရှိလို့လဲ၊ ကျုပ် မအားဘူးဗျ"

"မအားလည်း ပြောတာတော့ နားထောင်ရှင်။ ရှင် ဖုန်းတောင် ကိုင်နိုင်သေးတယ်ဆိုရင် တစ်ဖက်ကပြောတာကို လည်း နားထောင်နိုင်ရမှာပေါ့"

အဲဒီဘွားတော်ကြီးကလည်း အလာကြီးပဲဖြစ်သည်။ သူ့ကိုတောင် ပြန်ကောနေသေးသည်။ သူဟာ ဆက်ပြောနေလျှင် သူ့ရှေ့က သဲက ရစ်တော်မူမှာ စိုးရိမ်တာကြောင့် စကားကြောမရှည်ချင်သဖြင့် အမြန်ဖြတ်ချရလေသည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ လုံးဝအစာမကြေပါချေ။

"အဲဒါဆိုလည်း ပြောဗျာ ... ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"cafe valentine ဆိုတဲ့ ဆိုင်လေးက ရှင့်ဆိုင်ဆို၊ အဲဒါ ဟုတ်လား"

သူ့ရဲ့စီးပွားရေးလုပ်ငန်းဟာ အဓိကအားဖြင့် beauty saloon ဆိုင် ဖြစ်ပေမယ့် ဒီကော်ဖီဆိုင်လေးကိုတော့ သူက ဘာရယ်မဟုတ် ဖွင့်ထားတာဖြစ်သည်။ တော်တန်ရုံ အဲဒီဆိုင်ဟာ သူ့ဆိုင်ဆိုတာလည်း လူမသိပါ။ ခွေရေးခြယ် သိတယ်ဆိုရင်တော့ အဲဒါဟာ ဟိုရှေးထုပ်လေး အနမ်းပြောပြထားလို့ပဲ ဖြစ်ပါမည်။ ဒီကောင်ဟာလေ အင်မတန်ကိုမှ ရှည်ကြောတာပဲ။

"ဟိတ် ... ကိုမိုးညု ... ဟယ်လို"

"ကြားတယ်ဗျ"

"သြော် ... ကြားရင်လည်း ဖြေလေ။ ကျွန်မမေးတာ အဲဒါ ရှင့်ဆိုင်ဆို ... ဟုတ်လား"

"အဲဒီတော့ ဘာဖြစ်လဲ"

"ဟုတ်တယ်ဆို ရှင့်ဆိုင်မှာ ကျွန်မ birthday ကျင်းပချင်လို့။ အဲဒါ စရိတ်စက အချိန် ဘာညာညှိချင်လို့"

ကွာ ...။ ကွိုင်ပဲ။ မိုးညုသည် အသားလွတ်လာရစ်နေတဲ့ အဲဒီမိန်းမကို ဒေါသကတော့ တော်တော်ကိုဖြစ်လာတာဖြစ်





သည်။ ဘယ့်နှယ်ဗျာ ... သူ့ birthday အတွက် စရိတ်စက ဘာညာ ပြောတာကို ဆိုင်ဖုန်းကိုမဆက်ဘဲ သူ့ဆီလာနှယ်နေတယ်။

"ဒီမှာ ဒေါ်ခွေရေးခြယ်၊ အဲဒါ ကျုပ်ကို ဖုန်းဆက်မေးလို့ မရဘူးဗျ။ ဆိုင်မှာ မန်နေဂျာဆိုတာ ထား‚ထားပြီးသား။ ဆိုင်ဖုန်းကို ဆက်မေး၊ ဝန်ဆောင်မှုအားလုံး ရှိတယ်။ ဖုန်းနံပါတ်က (24xxxx) ...

အဲဒီကိုသာဆက်ပြီး မေးလိုက်ဗျာ။ ခင်ဗျားဖြစ်ချင်တဲ့ ပုံစံအတိုင်း ရတယ်။ ဟုတ်ပြီလား"

"ရှင်ဟာလေ ... ဒီမှာ အဲဒီလိုဆက်မေးရင် ရမှန်းသိတယ်။ ဒါပေမဲ့ ရှင် ဖုန်းဆက်ပေးထားရင် ပိုအဆင်ပြေမယ်ထင်လို့ လှမ်းအကူအညီတောင်းတာ ...

အဲဒီလောက်လည်း မာန်တက်ပြီး ဘဝင်မြင့်မနေစမ်းပါနဲ့၊ ရှင့်ဆီ ဘယ်သူကမှ အားယားပြီး ဖုန်းမဆက်ဘူး"

"ကျွတ်စ် ... မင်းကွာ။ ဟူး ... ဟုတ်ပြီ၊ မင်း ဖြစ်စေချင်သလို ကိုယ့်ဆိုင်က မန်နေဂျာကို ဖုန်းဆက်ပေးထားမယ်။ အဲဒါဆို ရပြီလား"

"ပြီးရော ... ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ခနဲ ဖုန်းချသွားသောကြောင့် သူဟာ စိတ်ပျက်လက်ပျက်ဖြင့် လေပူတစ်ချက်ကို စူးခနဲ မှုတ်ထုတ်လိုက်သည်။ သူ့ရဲ့မကြည်မရွှင်မျက်နှာကြောင့် သဲက မျက်လုံးဝင့်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ... ကို။ ဘယ်သူဆက်တာလဲ"

"ဘာမှ မဟုတ်ပါဘူး သဲရာ။ ကိုယ့်အစ်မ သူငယ်ချင်းပါ၊ အဲဒီဘွားတော်ကြီးက အဲလိုပဲ။ အသက်ကြီးလာတော့ နည်းနည်းစားတတ်တဲ့ သဘောပေါ့ကွာ။ ထားပါ ... အဲဒါတွေက"

"အင်းပါ ... ခုနက ဖုန်းဆက်ပေးမယ်ဆို ဆက်ပေးလိုက်ဦးလေ။ တော်ကြာ အဲ့အန်တီကြီးက ကို့ကို ပွားနေဦးမယ်"

"ဩော် ... အင်း ... အင်း"

သူဟာ သဲစကားကြောင့် အူတက်မတတ်မရယ်မိအောင်အတင်းကို ဖိချုပ်ထားရတော့သည်။ ဟား ဟား ... ရွှေရေးခြယ်ကို အန်တီကြီးတဲ့။ ဟို လန်းလန်း,လန်းလန်းကြီးသာကြားသိလို့ကတော့ ဆွေ့ဆွေ့ခုန်နေမှာ ကျိန်းသေပေသည်။ သူကလည်း သဲနှင့်မကွိုင်အောင် တမင်တကာ ရွှေရေးခြယ်ကို မမကြီးရဲ့သူငယ်ချင်းလို့ ပြောထားလိုက်တာဖြစ်သည်။





မိုးညသည် ပြုံးစိစိမျက်နှာထားဖြင့်ပင် သူ့ကော်ဖီဆိုင်လေးကို ဖုန်းဆက်ပေးထားလိုက်သည်။

"ဟယ်လို ... ကိုမြင့်ဇော်လား၊ ကျွန်တော်ပါ မိုးည။ ဟိုဥစ္စာ ကိုမြင့်ဇော် ... ခဏနေရင် ဆိုင်ကို ဒေါ်ရွှေရေးခြယ်ဆိုတဲ့ အမျိုးသမီး ဖုန်းနဲ့သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လာလိမ့်မယ်။ မွေးနေ့ပွဲကို ကျွန်တော်တို့ဆိုင်မှာ ကျင်းပချင်လို့တဲ့ ...

အဲဒါ ခင်ဗျား အဆင်ပြေအောင် စီစဉ်ပေးလိုက်ပါဗျာ။ သူတို့စိတ်တိုင်းကျ ဖြစ်ပါစေနော် ကိုမြင့်ဇော်။ အိုခေ ... အဲဒါဆို ကျွန်တော် စိတ်ချမယ်နော် ...

ဟုတ်ပြီ ... ဟုတ်ပြီ၊ နောက်မှ ဆိုင်ဘက်လာခဲ့ဦးမယ်၊ ဒါပဲနော် ... အိုခေ ... အိုခေ"

သူ ဖုန်းပြောပြီးနောက်တွင်တော့ သဲက သူ့ကိုအရည်လဲ့နေသော မျက်ဝန်းထဲက စူးစမ်းမှုတချို့ဖြင့် ငေးကြည့်နေကာ ...

"ကိုက ဘယ်ဆိုင်ဖွင့်ထားလို့လဲဟင်"

"အမ် ... ဩော် ... ဟို ... ဟိုဟာလေ ကိုယ်က ကော်ဖီဆိုင်တစ်ဆိုင် ဖွင့်ထားလို့လေ သဲရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သဲကိုလည်း မပြောပါလား။ ဘာလဲ ... လျှို့ဝှက်တာ လား"

"အာ ... ဘယ်ကလျှို့ဝှက်ရမှာလဲ။ ဆိုင်က ဖွင့်ခါစပဲရှိသေး တာ သဲရဲ့။ စကားမစပ်မိလို့ မပြောဖြစ်တာ"

"ဆိုင်နာမည်က ဘာတဲ့လဲ"

"ဟို ... cafe valentine"

"ဘာကို ဖွင့်တာမကြာသေးဘူးလဲ။ သဲ အဲဒီဆိုင်ကို ကောင်းကောင်းသိပါတယ်။ wi-fi လည်းရတယ်။ အစား အသောက်လည်း ကောင်းတယ်။ ဒက်ကရေးရှင်းကလည်း လန်းလို့ သဲသူငယ်ချင်းတွေနဲ့ ခဏခဏရောက်တယ်။ ဘာကို အဲဒါဖွင့်တာ မကြာသေးဘူး ပြောရတာလဲ"

အား ... စပါပြီကွာ။ ရစ်တာတွေကတော့။ သူဟာ စပ်စပ်စုစုနိုင်လှတဲ့ မဒီကညာတွေဆို ရေလည်အမြင်ကတ်တာ ဖြစ်သည်။ အခု သူ့ရဲ့လက်ရှိအချစ်တုံးလေးက လာစပ်စုနေတော့ သူ့မှာ အချစ်အကြောင်း မပြောနိုင်ဘဲ စီးပွားရေးအခြေအနေများ ကို တင်ပြရတော့သည်။





"ဟိုဟာ ... ကိုယ့်ရဲ့အဓိကစီးပွားရေးက beauty saloon ဖွင့်တဲ့ လုပ်ငန်းလေ သဲရဲ့။ ကော်ဖီဆိုင်ဖွင့်တယ်ဆိုတာက လည်း ဒီလိုပါပဲ၊ ကိုယ် အသစ်လုပ်ချင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို စမ်းကြည့်လိုက်တဲ့ သဘောပါ။ အဲဒါပါပဲ သဲရဲ့"

"အဲဒါဆိုလည်း နောက်ရက်ကျရင် ကို့ဆိုင်ကို ခေါ်သွားနော်"

"အင်းပါ ... သဲရဲ့။ ကို့ဆိုင်ရဲ့သီးသန့်ခန်းမှာ သဲကို စပါယ်ရှယ်ပြုစုမယ်"

"သွား ... ဘာမှန်းမသိဘူး"

သဲက မျက်စောင်းကဲကြည့်ကာ သူ့ကို မူနွဲ့နွဲ့လေး ဆိုလေလျှင် သူက ရင်တွေဘာတွေ ခုန်လာကာ သဲရဲ့ပခုံးလေး ကို ခပ်တင်းတင်း ဆွဲဖက်ထားပြီး အချစ်ရဲ့ဘာသာဗေဒတွေထဲက ကြည်မွေ့ခြင်းလက်ချာ ရိုက်နေလိုက်တော့သည်။

သဲနှင့်သူ ဒီလောက်ထိ ချစ်နေမိပြီဆိုရင် လက်ထပ်ဖို့ဆိုတာ ဘာမှမအိုကေစရာ မရှိပါ။

♥ ◇ ♥



www.burmeseclassic.com

www.burmeseclassic.com



၁၂

"ရေး ... ဘာတွေစဉ်းစားနေတာလဲ။ ရေးကြည့်ရတာ တမှိုင်မှိုင် တထွေထွေနဲ့၊ ဘာဖြစ်လို့လဲဟင်"

ရွှေမှုန်က ဂရုတစိုက်ဖြင့် ရွှေရေးရဲ့မျက်နှာကို ငေးကြည့်နေရင်းက မေးလိုက်လျှင် ရွှေရေးသည် နှမ်းဖတ်ဖတ်ဖြစ်နေသော ကိုယ့်ရဲ့ဖိုးသိုးဖတ်သပ်ပုံစံကိုပြင်ကာ ဟန်လုပ်ပြုံးရင်း ...

"ဘာမှမဖြစ်ပါဘူး မှုန်လေးရယ်"

"ဟင် ... ဘာမှမဖြစ်ဘူးသာဆိုတယ်။ ရေးက ဒီရက်တွေမှာ တက်တက်ကြွကြွလည်း မရှိဘူး။ တစ်ခုခုကိုစဉ်းစားပြီး စိတ်ညစ်နေတဲ့ပုံပဲ၊ ဘာဖြစ်လို့လဲ ရေးရယ် ... ဟင်"





ရွှေရေးသည် သိနိုင်လွန်းလှသော ညီမငယ်လေးကို အသာပြုံးပြကာ ကိုယ့်အကြောင်း ကိုယ်တွေးမိသွားသည်။ ဒီရက်တွေမှာ ရွှေရေး ဘာဖြစ်နေတာလဲ။ စိတ်တွေဟာ တစ်နေရာဆီသွားစုနေလျက် အတွေးတွေဟာ အဲဒီစိတ်ကြောင့် ယောက်ယက်ခတ်နေရတော့သည်။

အဲဒီလို ကိုယ့်ကိုယ်ကိုယ် control မလုပ်နိုင်တာဟာ ဘာလို့ပါလိမ့်ဆိုပြီး အစဆွဲထုတ်ကြည့်လျှင်တော့ အဲဒါဟာ ကိုမိုးညကြောင့်ပဲဖြစ်သည်။ အခုတလောမှာ အမြဲလိုလိုမြင်မှက်နေခဲ့သည့် အိပ်မက်ဟာ ရွှေရေးအတွက်တော့ အရမ်းကိုထူးဆန်းလှပါသည်။ ရွှေရေး မသိတဲ့အချိန်ကာလတစ်ခုမှာ ရွှေရေးနှင့်အတူ ရှိနေခဲ့သည်က ကိုမိုးညပဲဖြစ်သည်။ အိပ်မက်ထဲမှာ သူနှင့်ရွှေရေးဟာ ဖူးစာမပါသည့် အရမ်းချစ်ကြတဲ့ စုံတွဲပဲဖြစ်သည်။ အရာရာကို တိတိကျကျ မဝေကွဲသေးခင်မှာ ရွှေရေးသေချာသိနေတာ တစ်ခုကြောင့် ရွှေရေးက မှိုင်နေရတာဖြစ်ပါသည်။

"ရေး ... မေးနေတာလည်း မဖြေဘူးကွာ။ သေချာပါတယ်၊ ရေး တစ်ခုခု ဖြစ်နေတယ်၊ ဘာလဲ ... ဘာဖြစ်လို့လဲ၊ မှုန့်ကို ပြောပြပါ ရေးရယ်၊ နော် ... နော့လို့"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးရဲ့လက်တွေကို ဆုပ်ကိုင်လှုပ်ယမ်းကာ စိုးရိမ်တကြီး မေးနေလေသော ရွှေမှုန့်ကို ရင်ဖွင့်လိုက်ရင်တော့ ပေါ့သွားမယ် ထင်တာပဲ။

ဒါပေမဲ့ ဒီကိစ္စကို ရွှေရေး ဘယ်လို ပြောသင့်ပါသလဲ။

"ရွှေမှုန် ... ညီမလေးကို ရေး ဘယ်တုန်းကမှ အချစ်နဲ့ ပတ်သက်ပြီး ရင်ဖွင့်တာတို့ တိုင်ပင်တာတို့ မလုပ်ခဲ့ဖူးဘူးနော် ... ဟုတ်သလား"

ရွှေရေးက အတည်အတံ့စကားကို ဆိုလေလျှင် ရွှေမှုန်မှာ မျက်လုံးလေး ပေကလပ် ပေကလပ်ဖြင့် ရွှေရေးကို အလွန်အံ့ဩလေသည့် မျက်ဝန်းတို့ဖြင့် ငေးကြည့်လျက် ...

"ရေးဆီမှာ မှုန့်ကို ပြောချင်တာ ရှိနေပြီလားဟင်။ ရေးမှာ ချစ်သူရှိနေပြီလား"

ရွှေမှုန်ရဲ့မှန်းဆချက်ကို ရွှေရေးက အပြုံးတစ်ခုဖြင့် တုံ့ပြန်ကာ ရွှေမှုန့်ရဲ့ဆံပင်လေးတွေကို အသာပွတ်သပ်ပေးရင်းကမှ ရွှေရေးရဲ့ခံစားချက်တချို့ကို ဖွင့်ပြောဖြစ်ခဲ့ပါသည်။





"ရေးမှာ ချစ်သူ မရှိသေးပါဘူး မှုန်မှုန်ရယ်။ ဒါပေမဲ့ တစ်ခါတလေမှာ နှလုံးသားဆိုတာ သိပ်ထူးဆန်းတာပဲ။ အချစ် ဘယ်တော့မှ မဖြစ်နိုင်တော့ဘူးလို့ ထင်ထားခဲ့ပေမယ့်လည်း သူ့အလိုလို အချိန်တန်ရင် ဖြစ်လာတတ်တဲ့ သဘောရှိတယ် မှုန်မှုန်ရဲ့"

"အဲဒါဆို ရေး ဆိုလိုချင်တာက ..."

"လူတစ်ယောက်ကို ရေးဘက်ကစပြီး သံယောဇဉ်မိနေမိနေတယ် မှုန်မှုန်။ ရေးဘဝမှာ သူ့ကို ပထမဆုံး မြင်လိုက်မိတဲ့နေ့တုန်းက မဖြစ်ဘူးတဲ့ခံစားချက်မျိုးတွေ ဝင်လာတယ်။ ပြီးတော့ ... ပြီးတော့ ..."

ရွှေရေးက စကားဆက်ရန်အတွက် အသင့်တော်ဆုံး စကားလုံးတို့ကို ရွေးပြီးပြောနေရတာ ဖြစ်တာကြောင့် ထိန်းပြောနေရတာဖြစ်ပါသည်။ ကိုယ့်ရင်ထဲက ခံစားချက်တွေကို ဖွင့်ထုတ်လိုက်မှ သက်သာရာရမယ်လို့ ထင်တာကြောင့် ရွှေရေးရဲ့အယုံကြည်ရဆုံး မှုန်မှုန့်ကို ပြောပြပေမယ့် ရွှေရေးက ကိုယ့်စိတ်ကို အဆုံးစွန် တံခါးဖွင့်ပေးထားတဲ့ သူမျိုးတော့ မဟုတ်ပါ။

"ပြီးတော့ ... ဘာဖြစ်လဲဟင် ရေး"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ရေးရဲ့အာရုံတွေထဲမှာ အခုတလော တစ်ခုတည်းသော အကြောင်းအရာကိုပဲ ထင်ဟပ်နေတယ်။ စိတ်စွဲနေတာလားဆိုပြီး ရေး အရင်ကထက် ပိုတရားထိုင်ဖြစ်ပေမယ့် တရားထိုင်လေလေ အဲဒီအာရုံတွေက ပိုပီပြင်လာလေလေ ဖြစ်နေတယ် မှုန်မှုန်"

"ဘာအာရုံလဲဟင် ရေး"

ရွှေမှုန် မေးခွန်းကို ချက်ချင်းကြီး မဖြေနိုင်သေးဘဲ တစ်ခဏတော့ ငွေဝေကာ စဉ်းစားသွားပြီးမှ အပြုံးစွက်သော မျက်နှာပေးနှင့် ရွှေမှုန့်ကိုကြည့်ကာ မေးခွန်းပြန်ထုတ်လိုက်လေသည်။

"အဲဒါထက် ရေးကို ဘာလို့မွေးနေ့ကို ခြံထဲမှာမလုပ်ဘဲ ဟိုကော်ဖီဆိုင်လေးမှာ သွားလုပ်တာလဲလို့ မှုန်မှုန် မေးသင့်တယ်"

ရွှေရေးရဲ့အဆက်စပ်မရှိပါလေသော စကားတွေကို နားမလည်စွာဖြင့် နားထောင်ကာ သူ ဉာဏ်မီသလောက် စဉ်းစားဟန်ပြုကာ ရွှေမှုန်သည် ရွှေရေးကို မျက်လုံးပြူးလေးဖြင့် အကြောင်သား ငေးစိုက်ကြည့်ကာ ...

"ဘာ ... ဘာလို့ အဲ့ဆိုင်မှာ လုပ်တာလဲဟင်"





အဲဒီအံ့အားသင့် နားမလည်မေးခွန်းအတွက် ရွှေရေးဟာ ရွှေမှုန်ရဲ့ခေါင်းလေးကို အသာပွတ်သပ်ပေးရင်းက ခပ်တိုးတိုးနှင့် သွေးအေးစွာ ပြန်ဖြေလိုက်ပါသည်။

"ရေး ... ကိုမိုးညနဲ့ ဒီထက်ပိုပြီး ပတ်သက်ချင်နေလို့ပဲ မှုန်မှုန်"

"ရှင် ... ဘယ်လို"

"ဟုတ်တယ် မှုန်မှုန်။ ရေးရဲ့အာရုံထဲမှာ တရစ်ရစ်ဝဲပြီး ထင်ဟပ်နေတာဟာ ကိုမိုးညပဲ။ သူနဲ့ပတ်သက်ပြီး ရေးရဲ့ စိတ်ထဲမှာ အကြောင်းအရာ တော်တော်များများကို အလိုလို သိထားတယ်။ ပြီးတော့ လုံးဝသေချာနေတဲ့ အသိတစ်ခုကတော့ ကိုမိုးညဟာ ရေးရဲ့ဖူးစာဖက်ဆိုတာပဲ"

"ဟယ် ... ဟုတ်တယ်"

"ဟုတ်တယ် မှုန်မှုန်။ ဒါပေမဲ့ သိပ်ထူးဆန်းတဲ့ကိစ္စတစ်ခု ရှိနေတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုမိုးညရဲ့နှလုံးသားရေးရာကို ကြိုမြင်ကြည့်လိုက်တဲ့အခါကျတော့ ကိုမိုးညမှာ ဘဝလက်တွဲဖော်ဆိုတာ မရှိဘူး။ သူ့ရဲ့နဖူးမှာ နဖူးစာကို ပါမလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေမှုန်က ရွှေရေးကို အဓိပ္ပာယ်တစ်မျိုးပါသော မျက်ဝန်းတို့ဖြင့် ငေးကြည့်ကာ တစ်စုံတစ်ခုပြောဖို့ စဉ်းစားနေပါသည်။ ရွှေမှုန်ရဲ့ရေးဟာ တကယ့်ကို လေးလေးနက်နက် ပြောနေတာဖြစ်သည်။ အဲဒီအတွက် ရွှေမှုန် ဘာများအကူညီပေးနိုင်မှာလဲ ? ။ ပြီးတော့ ရေးပြောတဲ့စကားတွေဟာ အထူးအဆန်းပဲဖြစ်သည်။ ရေးရဲ့ပါရမီအရ သူ့အာရုံထဲမှာ ကိုကြီးမိုးညကင်းဟာ ရေးရဲ့ဖူးစာဖက်တဲ့။ ပြီးတော့ ကိုမိုးညမှာ ဘဝလက်တွဲဖော်ဆိုတာ မရှိဘူးတဲ့၊ ဘာတွေလဲကွာ ... ရွှေမှုန်သည် ရေးရဲ့အထူးအဆန်းစကားတွေကြားပြီး နည်းနည်းတောင် ဂေါက်ချင်သွားပါသည်။ ဒါပေမဲ့လည်း ရေးကို ရွှေမှုန် ကူညီပေးရမည်ဆိုတာ နားလည်ပါသည်။

"ရေး ... ရေးက ကိုကြီးညကို စိတ်ဝင်စားတာလား။ ချစ်တာလားဟင်။ ဟို ... သမီးက မေးကြည့်တာနော်"

"အင်း ... ဘယ်လိုပြောရမလဲ မှုန်လေးရယ်။ သူ့ကိုချစ်တာထက် သံယောဇဉ်ပိုကြီးတယ်။ သူ့ကိုမြင်လိုက်တိုင်း ဟိုးတုန်းကတည်းက တွေ့ဖူးခဲ့တဲ့ ချစ်ခဲ့ဖူးတဲ့သူလို ခံစားရတယ်။ ဒါပေမဲ့ ခက်တာက ကိုမိုးညဟာ ရေးကိုမုန်းနေတယ်"





"မုန်းနေတယ် ... ဟုတ်လား ရေး"

"အင်း ... ဟုတ်တယ် မှုန်မှုန်။ အဆိုးဆုံးကတော့ သူ ငါ့ကို မယုံကြည်တာပဲ မှုန်မှုန်။ ငါ အဲဒါကို အခံပြင်းဆုံးပဲ။ ငါ့ရဲ့မွေးရာပါ ပါရမီဖြစ်တဲ့ အကြားအမြင်ပညာကို သူ သရော်သလိုလို လှောင်သလိုလို လုပ်နေတာကို ငါ သိမ်မုန်းတာပဲ မှုန်မှုန်ရယ်"

"ဪ ... ကိုကြီးညက မယုံဘူးတဲ့လား"

သူမရဲ့အမေးကို ရွှေရေးက ခပ်လေးလေး တစ်ချက်သာ ခေါင်းဆတ်ပြလိုက်လေသည်။ အခုလိုမျိုး ဖွင့်ပြောပြလိုက်တော့လည်း ရင်ထဲမှာ တော်တော်ပေါ့ပါးသွားတာပါပဲ။ အခုမှပဲ ရွှေရေးဟာ သူနှင့်ပတ်သက်သမျှကို ဖွင့်ပြောဖြစ်သွားတာဖြစ်သည်။ ရွှေရေးမှာ ကိုမိုးညနှင့် ပတ်သက်ပြီး ခံစားရတာတွေ အများကြီးပဲဖြစ်သည်။ အဆိုးဆုံးကတော့ ရွှေရေးကို ယုံသလိုလို မယုံသလိုလိုဖြင့် သရော်သလိုပြုံးနေတဲ့ သူ့ရဲ့စိတ်ဓာတ်ကိုပဲဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ကိုကြီးည အဲဒါတော့ လွန်တာပေါ့။ သူ မယုံလည်း အေးအေးဆေးဆေးနေပေါ့။ အဲဒီလို သရော်သလိုလို လှောင်သလိုလိုမျိုးတော့ မလုပ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... အဲဒါပြောတာပေါ့။ သူ့ကို ဘယ်သူမှယုံကြည်ခိုင်းနေတာလဲ မဟုတ်ဘူး။ သူ ငါ့ကိုစိန်ခေါ်သလို တစ်ခွန်းပြောတိုင်း ငါ သူ့ကို တစ်ခါနာကြည်းတယ်။ အဲဒါကြောင့်မို့ ပြီးခဲ့တဲ့ရက်တုန်းက ငါ သူ့ကို အတိကျဆုံးဟောချက်တစ်ခု ထုတ်ပေးလိုက်တယ်"

"ဘာလဲဟင် ... ရေး"

"သူ့မှာ ဘဝလက်တွဲဖော်ဆိုတာ မရှိဘူး။ နဖူးမှာ စာပါမလာဘူးဆိုပြီး ငါအတိအကျ ဟောပေးလိုက်တယ်။ သူကလည်း ငါ့ဟောချက်ကို မလွဲ့လွဲအောင် သူ့ရည်းစားနဲ့ အမြန်ဆုံး လက်ထပ်တော့မှာပဲ"

"ဟယ် ... အဲဒါဆို ရေးရဲ့အချစ်တွေက ..."

ရွှေမှုန်က သိချင်စိတ်တွေ ပြင်းထန်စွာဖြင့် ရွှေရေးကိုမေးနေလျှင် ရွှေရေးမှာ ဖြေစရာစကားလုံး လုံလုံလောက်လောက်ရှိနေပါသည်။

"နေပါစေ။ ငါ့အတွက် အချစ်ဆိုတာ လိုတယ်လည်းမဟုတ်သလို မလိုဘူးလည်း မဟုတ်တဲ့အတွက် သိပ်အရေးမပါတဲ့ အဲဒီကိစ္စကို ငါ အထူးတလည် စာဖွဲ့ပြမနေချင်တော့ဘူး။





ရေးဘဝမှာ ကိုမိုးညကို ချစ်တယ်ဆိုပေမယ့် အဲဒီအချစ်ကို ဒီတိုင်းပဲ ထား,ထားမှာပါ။ နေပါစေလေ"

ရွှေရေးရဲ့အဲဒီစကားကြောင့် မျက်လုံးပြူးကြီးနှင့်ငေးကြည့်နေသော ရွှေမှုန်ကို အသာပြုံးပြကာ ထထွက်လာခဲ့တော့သည်၊ ရင်ဖွင့်ခဲ့ပြီမို့ စိတ်ထဲမှာ ပေါ့ပါးသွားကာ လောကကြီးကနေသာထိုင်သာရှိသွားပေသည်။ တစ်ခုခုဆို ကြိုသိနေတတ်သောရွှေရေးရဲ့ဘဝမှာ ကြိုမသိနိုင်တာဆိုလို့ နဖူးထက်မှာ ရေးထွင်းဖို့ကျန်ရစ်နေခဲ့သည် အမည်နာမစာသားတစ်ခုကိုပဲ ဖြစ်သည်။

♥ ✧ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ကင်း ... ဘယ်သွားမှာမို့လို့ ဒီလောက် ရှိုးထုတ်နေရတာလဲ"

သူက လေလေးတချွန်ချွန်ဖြင့် တစ်ကိုယ်လုံးကို Body spray ဖျန်းနေတုန်း အနောက်ကနေ ဘုဆတ်ဆတ်လေသံဖြင့် လာမေးနေသော အနမ်းကို သူက လှည့်မကြည့်ဘဲ ခပ်ကြွားကြွား ဖြေလိုက်သည်။

"ဒီနေ့ညနေ သဲနဲ့ချိန်းထားတယ်ကွ။ အဲဒါကြောင့် အပြတ်ရှိုင်းနေတာ"

"အာ ... ဒီနေ့က မမမွေးနေ့လေ။ ကျွန်တော်တို့ကိုဖိတ်ထားတဲ့ကိစ္စကို ကင်းမသွားရင် ဘယ်ကောင်းမလဲဗျ"





"ဟော့ကောင် ... အဲဒီအဘွားကြီးမွေးနေ့ကို မင်းသွားမှာမှလား။ ဒီမှာ ကိုယ်သွားစရာရှိတာကိုသာသွား။ ငါလည်း ငါ့ကိစ္စရှိလို့ ဒွ၀ ပြီ"

သူက အလန်းစား တီရှပ်တစ်ထည်ကို ကောက်စွပ်လိုက်ရင်းက လှမ်းပြောလိုက်လေသည်။ သူ့ကို အနမ်းကတော့ တင်းနေမှာပဲဖြစ်သည်။ အဲဒီကောင်ကလည်း တမျောင့်။ သူ့မှာ တစ်နေ့ တစ်နေ့ မမ ... မမ ဖြစ်နေတာနဲ့ပဲ ရူးတော့မည်။ အနမ်းက အဲလိုသည်းပြလေ သူက ဟိုမိန်းမကို အမြင်ကတ်လေပဲ ဖြစ်တော့သည်။ အဲဒါကြောင့်မို့ ခေါင်းထဲကကို ထုတ်ထားလိုက်တာဖြစ်သည်။

"ကင်းကလည်းဗျာ ... လုံးဝမမိုက်ဘူး။ အခု သူမွေး နေ့ လုပ်မယ့်နေရာက ကင်းရဲ့ဆိုင်လေ။ နည်းနည်းပါးပါးတော့ ကင်းက မျက်နှာလေး ဘာလေးတော့ ထွက်ပြသင့်တာပေါ့ဗျ။ အခုတော့ သူ့မွေးနေ့ကိုတောင် မသွားဘူးဆိုတော့ အားနာစရာကြီးဗျာ"

အနမ်းက သူ့ဘေးကနေ တောက်လျှောက် ပေါက်ပေါက်လာဖောက်နေလျှင် သူဟာ နားငြီးမခံနိုင်စွာဖြင့် ခေါင်းကို အသာယမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... အနမ်း၊ မင်း ဘာဖြစ်နေတာလဲ။ မင်းနဲ့ ငါက တူဝရီးလေ။ ရွှေရေးခြယ်ရဲ့ birthday ကို ငါမသွားဘူး၊ အေး ... ဒါပေမဲ့ မင်းသွားတယ်။ အဲဒါဆို ရပြီလေ။ ဘာ တွေစားနေတာလဲကွ။ ငါ့ဆိုင်မှာ သူ့မွေးနေ့လုပ်လည်း ဘာဖြစ်လဲ။ ဆိုင်မှာ မန်နေဂျာတွေ ဝန်ထမ်းတွေက service အပြည့်ရှိတယ်။ မလိုပါဘူးကွာ ...

ကဲ ... ကဲ ... ကောင်လေး၊ ငါလိမ့်တော့မယ်။ ငါ့ကို ဂေါ်ဖီဖွေစားပြီး တော်လ်ကီတွေ လာများမနေနဲ့ တော့။ ငါကတော့ အချစ်ရဲ့နန်းတော်ထဲမှာ သွားမြူးပြီ ဟော့ ... တာ့တာ"

မိုးညသည် ကားသော့ဆွဲကာ အနမ်းကို နောက် ၅တ်၅တ် နှုတ်ဆက်ရင်း သဲဆီသို့ ထွက်လာခဲ့ပါသည်။ သူက သီချင်းသံခပ်မြူးမြူးဖြင့် ကားကိုအရှိန်မြှင့် မောင်းလာတုန်း ဖုန်းက ဝင်လာ၍ ဖုန်းကိုင်ရသေးသည်။

"ဟယ်လို"

"ကိုမိုးညလား ... ကျွန်မပါ"





ဟာ ... ဒါဆို ဒီဖုန်းက ရွှေရေးခြယ်ဆီကပေါ့။ သူ ဟာ နှုတ်ခမ်းကို တစ်ချက်တွန့်ကွေးလိုက်ကာ ခပ်ဆတ်ဆတ် ပြန်ဖြေလိုက်သည်။

"ဘာကိစ္စလဲ ရွှေရေးခြယ်"

"ကိစ္စကတော့ ရှင် ဒီနေ့ ကျွန်မ birthday ကို ရှင့်ကောင် မလေးနဲ့အတူ မပျက်မကွက် တက်ရောက်ပေးဖို့ပဲ"

ဘယ်လို ... သူမက ကြိုသိနေတာလား။ အာ ... သွားစမ်းပါ။

သူ ရွှေရေးခြယ်မွေးနေ့ မသွားဘူးဆိုတာ အနမ်း လှမ်းပြောလို့ သိတာနေမှာပါ။

"ဆောရီးပဲ ရွှေရေးခြယ်။ ကျွန်တော် လာဖြစ်မှာမဟုတ် ဘူး၊ ကျွန်တော် မအားဘူး"

"ရှင့်ကောင်မလေးကိုပါ ဖိတ်ပါတယ်။ လာခဲ့ပါ ကိုမိုးည ရယ်"

သူက အရစ်တိုက်နေသော အဲဒီမိန်းမကို ပြန်ပြီး အရွဲ့တိုက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ဖိတ်ကြားမှုကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကောင်မလေးနဲ့ ကျွန်တော်က ဒီနေ့တွေ့ဖို့ date မလုပ်ထားဘူး။ သူနဲ့ ကျွန်တော် မတွေ့ဖြစ်တဲ့အတွက် ခင်ဗျားမွေးနေ့ကို သူ လာနိုင်မှာ မဟုတ်ပါဘူး"

သူ့စကားကြောင့် တစ်ဖက်က သုံးစက္ကန့်လောက် အသံတိတ်သွားကာ အသက်ရှုသံ ခပ်မျဉ်းမျဉ်းကို ကြားနေရသည်။ ပြီးတော့မှ မာန်တစ်မျိုးပါသည့် လေသံဖြင့် ...

"ဟုတ်လား ... ဒါပေမဲ့ ကျွန်မ သေချာသိနေတယ် ကိုမိုးညှ၊ ရှင်နဲ့ ရှင့်ကောင်မလေး ကျွန်မမွေးနေ့ကို သေချာပေါက် ရောက်ကို ရောက်လာလိမ့်မယ်။ အဲဒါ သေချာတယ်"

"ဟင်း ... လုံးဝမဖြစ်နိုင်တဲ့ကိစ္စပဲ ရွှေရေးခြယ်။ ခင်ဗျား အခုပြောတဲ့စကားဟာ ဟောချက်ထုတ်တာ ဆိုရင်တော့ ပြန်ရုပ်သိမ်းလိုက်ပါ။ ခင်ဗျား လုံးဝမှားသွားလိမ့်မယ်။ ကျုပ် ခင်ဗျားမွေးနေ့ကို လာဖို့ဆန္ဒမရှိဘူး"

သူက ဒေါသထွက်ထွက်ဖြင့် အပြတ်ကို ပြောချလိုက်လျှင် တစ်ဖက်က နှစ်စက္ကန့် သုံးစက္ကန့်လောက် အသံထပ်တိတ်သွားပြန်ပါသည်။ အင်း ... သူထင်တာမမှားဘူးဆိုရင် သူ့ကို





ရွှေရေးခြယ် တော်တော်မုန်းပြီး ချဉ်တူးနေလောက်ပါမည်။ သူ ဒီလောက်ပြောနေတာတောင် သူမက ဘာလို့ဆက်ပတ်သက်နေရတာလဲ။

"အဲဒီလိုလား ကိုမိုးညှ"

သူမက တိုးဖျော့နေသည့်အသံဖြင့် ခပ်ဆတ်ဆတ်မေးလိုက်ကာ သူဘာမှမပြောရသေးခင်မှာ သူမက ဆက်ပြောပြန်ပါသည်။

"ကျွန်မ မွေးနေ့ကို ရှင် လာလာ၊မလာလာ ကျွန်မ စိတ်မဝင်စားပါဘူး ကိုမိုးညှ။ ရှင့်ကို မိတ်ဆွေတစ်ယောက်လို သဘောထားတဲ့အတွက် ကျွန်မ ဖိတ်ခေါ်တာပါ။ ရှင့်စကားတွေ သိပ်တရားလွန်နေပြီ။ ကျွန်မကို မယုံကြည်တဲ့ရှင့်ကို ယုံလာအောင် ကျွန်မဘက်က သက်သေပြချင်ပေမယ့် ရှင်က တိုက်ဆိုင်တာပါလို့ တရားသေ စွဲမှတ်ထားတယ်။ ကျစ် ... ထားလိုက်ပါတော့ ...

ကျွန်မ ဖုန်းဆက်တဲ့အတွက် ရှင် အနှောင့်အယှက်ဖြစ်ရတယ်ဆိုရင် ဆောရီးပါပဲ။ ကျွန်မ ဖုန်းချလိုက်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ... ဟိတ် ... ခဏလေး ရွှေရေးခြယ်"

သူက လွတ်ခနဲပင် အဲဒီစကားထွက်သွားသောအခါ သူ့ဘာသာသူတောင် အံ့သြမိသွားသည်။ ဟိုက် ... သူ ခေါ်သာ ခေါ်လိုက်ရတယ်။ ဘာပြောရမှာပါလိမ့်။ တစ်ဖက်ကလည်း သူ ဘာပြောမလဲ နားထောင်နေသည့်အတွက် သူဟာ စိတ်ထဲရှိရာ လျှောက်ပြောမိသွားပါသည်။

"ဟို ... ဟိုဟာ ... မင်း ... မင်းရဲ့မွေးနေ့ကို ငါသေချာပေါက် ရောက်လာလိမ့်မယ်လို့ မင်း ကြိုသိထားလို့လား"

"ဟင်း ဟင်း ... ထားလိုက်ပါတော့ ကိုမိုးညရယ်။ မွေးနေ့ပွဲစဖို့ အချိန်က ဘယ်လောက်မှ မလိုတော့ပါဘူး။ ရှင်မလာမှာ သေချာနေတဲ့အတွက် ကျွန်မပော်ချက်မှားမှာပါ။ ရှင် တစ်ခါပြောဖူးသလိုပဲ။ ကိုယ့်ကံကြမ္မာကို ကိုယ်ကပဲ ဖန်တီးတယ်ဆိုတဲ့ စကားအတိုင်း ရှင့်အချိန်ကာလတွေကိုလည်း ရှင်ပဲ ပိုင်ဆိုင်ဖန်တီးနိုင်မှာပါ။ ကျွန်မပြောတာ မှားသွားမှာပါ ...

ဒါပါပဲနော်"





ရွှေရေးခြယ်က ဖုန်းချသွားလေလျှင် သူဟာ ဟူးခနဲ လေပူမှုတ်ထုတ်ရင်း ခေါင်းအသာယမ်းလိုက်သည်။ ပြီးလျှင်တော့ ဘေးထိုးရပ်ထားတဲ့ သူ့ရဲ့ကားလေးကို စက်ပြန်နှိုးကာ သဲဆီသို့ မောင်းထွက်လာခဲ့တော့သည်။ ခုနက သူ့စိတ်ကို အနှောင့်အယှက်ဖြစ်စေသော စကားများကို သဲရဲ့ချွဲချွဲပျစ်ပျစ် အီစီကလီစကားတွေဖြင့် ပြန်အပန်းဖြေရမည်။ သူက သူ့အတွေးနှင့်သူ ကားမောင်းလာရင်း သဲဆီသို့ ရောက်လာလျှင် သဲကို မျက်စိတစ်ဖက်အသာမှိတ်ပြကာ ...

"ဟာယ်လို ... သဲ၊ ဒီနေ့ အရမ်းလန်းနေပါလား။ ပြော ... where you go? "

"အဟင်း ဟင်း ... ကိုကတော့ ပြောတတ်တယ်နော်။ ကိုလည်း ဒီနေ့ သိပ်မိုက်တာပဲ။ အင်း ... ဒါကြောင့် ဒီဖလန်း ဖလန်း စုံတွဲနှစ်ယောက် ဘယ်ကို go ရင်ကောင်းမလဲ စဉ်းစားလိုက်တော့ အင်း ... အချိန်ကလည်း ဟာဝိုင်ရီ ကျွန်းသူတွေ ရေခပ်ဆင်းချိန်ဆိုတော့ ... ဟုတ်ပြီ။ ကို့ရဲ့ ကော်ဖီဆိုင်လေးကို သွားကြမယ်လေ။ အေးအေးဆေးဆေး စကားပြောလို့ ရတာပေါ့နော်။ သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟား … မြတ်စွာဘုရား။

သူဟာ ဘာပြောလို့ ပြောရမယ်မှန်းတောင် မပြော တတ်တော့ပါ။ ကျစ် … ကွိုင်ပဲကွာ။ သဲက ဒီကနေ့မှ သူ့ဆိုင် သွားဖို့ ခါတ်ကျတော်မူသတဲ့။ သူ သွားပြန်ရင်လည်း ဟိုမိန်းမ ဟောချက်က မှန်သွားဦးမယ်။ သူ မသွားဘူးဆိုတော့လည်း ကြည်နေတဲ့ သဲနဲ့ သတ်ရဦးမယ်။

ဒုက္ခပဲ … သူ ဘာလုပ်ရမလဲ။

"ကို … ဘာလဲ၊ သွားမယ်လေ"

"အင်း … အဲ … သွားတာပေါ့။ ဒါပေမဲ့ သဲရဲ့ တစ်ခုတော့ ရှိတယ်၊ ဟို … ကိုယ့်ဆိုင်မှာ ဒီနေ့ ပါတီရှိတယ်။ သူတို့ တွေက တစ်ဆိုင်လုံး ငှားထားတာ"

"အာ … သူ့ဘာသာငှားငှားလေ။ သီးသန့်ခန်းမှာထိုင်မှာ ပဲဟာကို။ ဘာမှမဖြစ်ပါဘူး ကိုရယ်။ ကိုက ဆိုင်ရှင်ပဲဟာ ကြိုက်တာလုပ်ပေါ့"

အာ … ကွိုင်ကတော့ အကြီးကြီးမှ အကြီးကြီး ရှော့ခ်လ်တွေ တက်ကုန်ပြီကွာ။ သဲက ဘူးဆိုဘူးပဲ လုပ်နေတာ သူက ဘယ်လိုငြင်းရမလဲ။ မိုးညသည် မျက်နှာကို မချိုမချဉ်လုပ်





ကာ ဘယ်လိုလှည့်ရပတ်ရ ကောင်းမလဲ တွေးတောနေလျှင် သဲက သူ့လက်မောင်းကို တဒုန်းဒုန်းထုကာ …

"အင် … ဘာလဲ ကို၊ မသွားရဘူးလား။ သဲစိတ်တိုလာ ပြီနော်။ သွားမယ် ကို၊ အဲဒီပဲ သွားချင်တယ်။ လိုက်ပို့… လိုက်ပို့"

ပကျိပကျိနှင့် စာကလေးကို ပန်ကာတပ်ထားသော လေသံဖြင့် စုံစိနဖာ ပေါက်ပေါက်ဖောက်နေလျှင် သူဟာနားငြီး လာပေမယ့်လည်း အားတော့မလျှော့သေးဘဲ ဆက် try ကြည့်ပါ သေးသည်။

"ဟို … ဟိုဟာ သဲရာ၊ တခြားဆိုင်သွားမယ်လေ။ အေး ဆေးဖြစ်တဲ့ဆိုင်တွေ အများကြီးပါ။ coffee circles သွား မလား၊ chew သွားမလား၊ cafe 47 သွားမလား။ သဲ ကြိုက်တာပြော"

"အာ … အဲဒီနေရာတွေက ကိုနဲ့ သဲ သွားတာ ချောင်း ပေါက်တော့မယ်။ ခဏခဏရောက်ဖြစ်နေတာကို။ ကို့ဆိုင် ကိုကျတော့ ကိုနဲ့သဲ တစ်ခါမှ သွားဖူးဘူးလေ။ အဲ့ကြောင့် မို့ပါ သွားရအောင်နော်။ ချစ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



သေပြီပေါ့။ သူဟာ ဘာမှကို ဆက်ဆိုရန်စကား မရှိတော့ပါပေ။ ချစ်တယ်ဆို၊ ဆိုတဲ့ စကားတစ်ခွန်းနဲ့ အပီချုပ်လိုက်လေသော သူ့ရဲ့ချစ်လှစွာသော မရွှေသဲဟာ သူ့အတွက်တော့ လောလောဆယ်မှာ လက်ထပ်ဖို့ထိ ရွယ်ရည်စူးထားသည့် အလန်းစား ကေရီလေးဖြစ်ပါသည်။ သူမ ငြိုငြင်ရင် သူ မစိုပြည်တော့မှာမို့ သူဟာ လက်လျှော့လိုက်ဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။

အဲဒီအတွက် ဟိုအမျိုးသမီးတော့ ကျေနပ်သွားမည် ထင်သည်။

"ကဲ ... ကဲ ... သဲ သဘော၊ သောသဘဲနော်။ ကိုယ် ဒီလောက်လိုက်လျှောပေးတာ သဲကို ချစ်လို့ဆိုတာ သိသာနေပြီနော်။ ဘယ်လိုလဲ ... လက်ထပ်ဖို့ စဉ်းစားသင့်နေပြီနော့"

သူက အနီးကပ် ပယ်နယ်တီကပ်သွင်းလိုက်လေလျှင် သဲက သူ့အလိုပြည့်သွားတာကြောင့် ဘာမှသိပ်မပြောတော့ဘဲ မျက်စောင်းနတစ်ချက်ထိုးကာ ...

"ကိုနော် ... ဘာမှန်းလဲ မသိဘူး ဟွန်း။ လာ ... သွားမယ်ကွာ"





သဲက သူ့ဘာသာသူ ရေရွတ်ကာ သူ့ကားခေါင်းခန်းက ဝင်ထိုင်လေသည်။ ကဲ ... သဲကိုယ်တိုင်က ကားပေါ်သွားထိုင်နေပြီဆိုတော့ သူက ဘာဆက်လုပ်ရတော့မှာလဲ။ ကားပေါ်တက်ပြီး ဆိုင်ကိုမောင်းရတော့မှာပေါ့။

မိုးညသည် ကားပေါ်ထိုင်လိုက်ကာ စက်နှိုးလိုက်စဉ်မှာ ဖြူနီးဆို ရွှေရေးခြယ်ရဲ့မျက်နှာက သူ့မျက်လုံးထဲမှာ မြင်ယောင်လာမိသည်။ အင်း ... သူ ဘယ်လိုလုပ်ရင် ကောင်းမလဲ။ သူ့ဆိုင်ထဲကို ဝင်ပြီဆိုတာနဲ့ သူအရင်ဆုံး မြင်တွေ့ရမှာက ရွှေရေးခြယ်ကို။ ပြီးတော့ မသွားပါဘူးလို့ တွင်တွင်ငြင်းထားပြီးမှ သူ ရောက်လာတဲ့အခါမှာ သူ့တူ အနမ်းကို ဘယ်လိုရင်ဆိုင်ရမှာလဲ။ ဟား ... မဖြစ်ဘူး။ လုံးဝမဖြစ်ဘူး။ သူ အဲဒီကိုသွားလို့ လုံးဝဆိုလုံးဝ ဖြစ်ကိုမဖြစ်ပါဘူး။ အင်း ... သဲကို နည်းနည်းညှိကြည့်ရင် ကောင်းမယ်။

"သဲ ... ဟိုလေ ... မနက်ဖြန်မှ ကော်ဖီဆိုင်သွားမယ်လေ။ အင်း ... အခု ညနေတောင်စောင်းပြီဆိုတော့ ဟို ... ထရိတ်ဒါးစ်မှာ ဒင်နာသွားစားကြရအောင်လေကွာ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဘာလဲကွာ။ ကို မရိုးတော့ဘူးနော်။ ဘာဖြစ်တာလဲ။ ပြော ... ကို့ဆိုင်မှာ ဘာ case တွေ ရှိနေလဲ။ ဘာလဲ ကိုက အဲဒီဆိုင်ကို တခြားဆော်တွေနဲ့ သွားဖယားခုတ်ထားလို့လား ... ဟုတ်လား"

"အား ... နိုး ... ဟိုး ... သဲ။ ကဲ ... ဟုတ်ပြီကွာ။ သွားမယ် အိုခေနော်"

"ပြီးရော ... မောင်းတော့"

မိုးညသည် ဘာမှဆက်ပြောချင်စိတ် မရှိတော့စွာဖြင့်ပင် ကားကိုမောင်းထွက်လာခဲ့တော့သည်။ သဲကတော့ သူ့ကားပေါ်မှာ ဖိမ်ဖြင့်ထိုင်ကာ Super Junior ရဲ့သီချင်းကို နားဆင်ကာ ပြုံးပျော်ရွှင်နေတော့သည်။ သူဟာ အဲကွန်းဖွင့်ထားတဲ့ ကားထဲမှာတောင် မအေးချမ်းနိုင်တော့ဘဲ ချွေးပြန်နေတော့သည်၊ ရွှေရေးခြယ်ရဲ့မွေးနေ့။ အင်း ... ဘာပဲဖြစ်ဖြစ် သူ သွားကိုသွားတော့မည်။

ဒီတိုင်းဆို ဟောချက်က မှန်ပြန်ပြီပေါ့။ သူဟာ ရင်မောစွာဖြင့်ပင် ကားကို ဆက်မောင်းလာရင်းကမှ အတွေးတစ်ခု ဝင်လာခဲ့တော့သည်း ရွှေရေးခြယ်ရဲ့ birthday ကို သွား,သွား မသွားသွား ဆိုင်ရောက်ပြီ ဆိုကတည်းက သူ့ဆီသွားတာပဲပေါ့။





မွေးနေ့သွားတယ်ဆိုတာ လက်ဆောင်လေးတော့ ပါမှဖြစ်မှာပေါ့။ မိုးညသည် အနီးဆုံး Mall တစ်ခုကိုဝင်ကာ ကားရပ်လိုက်လျှင် သဲက အံ့အားသင့်ဟန်ဖြင့် သူ့ကိုပြုံးကြည့်ကာ ...

"ကို ဘာလုပ်မလို့လဲ"

"ဩော် ... ကို ခုနကပြောတယ်မှုလား။ ကိုယ်တို့ဆိုင်မှာ ဘတ်ဒေးလုပ်တယ် ဆိုတာလေ။ အဲဒါ ကိုယ့်အသိရဲ့ဘတ်ဒေးကွ။ အဲဒါကြောင့်မို့လို့ ပရဲဆင့်တစ်ခုခု ဝယ်သွားရမယ်လေ"

"ဟုတ်တာပေါ့၊ သဲ လိုက်ရဦးမလား"

"ရတယ် ... သဲ။ သဲ ဒီမှာခဏစောင့်နော်"

သဲက ခေါင်းဆတ်ပြလျှင် သူဟာ အသည်းအသန် ဆိုင်ထဲသို့ ဝင်ရလေသည်။ အင်း ... ဘာဝယ်ပေးရမလဲ။ မိုးညသည် သိပ်ရှည်ရှည်ဝေးဝေး တွေးမနေတော့ဘဲ မျက်စိထဲကို တန်းခနဲ ဝင်လာတဲ့ အင်္ကျီဆိုင်ကိုပဲ ရွေးချယ်လိုက်တော့သည်။ သူဟာ ဆိုင်ထဲကို ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်လိုက်လျှင် သူ့မျက်စိထဲမှာ ဒီဇိုင်းဆန်းမိန်းမဝတ်အင်္ကျီ မိုးပြာရောင်လေးကို သွားတွေ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိုးကြိုးတွေ ယှက်သန်းကာ အလှဆုံးဒီဇိုင်းဖြင့်ရှိနေသော ကောင်းကင်ပြာရောင် အင်္ကျီလေးကို မြင်လိုက်တာနှင့် သူက ရွှေရေးခြယ်နှင့် လိုက်တယ်ဆိုတာ သဘောပေါက်သွားသလိုရှိကာ အဲဒီအင်္ကျီလေးပဲ ဝယ်လိုက်တော့သည်။ သူက ဝယ်ပြီးပြန်လာသောအခါ ကားပေါ်မှာပဲ သိက စူးစမ်းသလို ငေးကြည့်ကာ...

"မိန်းမဝတ်အင်္ကျီ ဝယ်လာတာဆိုတော့ ကိုအသိက မိန်းကလေးလား"

"ဆိုပါတော့ ... ဒါပေမဲ့ အဘွားကြီးပါ။ သဲနဲ့တခြားစီပဲ"

သူက နောက်ရွှတ်ရွှတ်ပြောကာ ကားမောင်းလာခဲ့တော့သည်။ သူတို့ ဆိုင်ရောက်သောအခါမှာတော့ HAPPY BIRTHDAY ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ပျော်ရွှင်နေလေစွာ လှပနေသော Impression Bridal Dress အဖြူလေး ဝတ်ဆင်ထားတဲ့ ရွှေရေးခြယ်ကို တွေ့ရလေသည်။ သူမကိုမြင်ရင် သူ တကယ်ပဲ အံ့အားသင့်သွားလေသည်။

OH ! Surprise ပါလား ရွှေရေးခြယ်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရမယ်ဆိုရင် ရွှေရေးခြယ်ကို သူက အထင်သေးမိပါ





သည်။ သူနဲ့ရွယ်တူနီးပါး သူမဟာ ဘယ်လိုပဲ လန်းနေအောင်နေနေ over 30 က over 30 ပါပဲဆိုတဲ့စိတ်နဲ့ သူမကိုယောင်လို့တောင် ငဲ့မကြည့်ဘူးချေ။ သူ အခုမှပဲ သတိထားမိသွားတာဖြစ်ပေသည်။

ရွှေရေးခြယ်ဟာ လှတဲ့အပြင် ကျက်သရေရှိတာမျိုးဖြစ်သည်။ Evening Gown ကို သူများတွေနဲ့မတူ တမူထူးတဲ့ အနောက်တိုင်းစတိုင်လ် Impression Bridal Derss ကို ဝတ်ဆင်ထားပုံကိုက လန်းနေတာဖြစ်သည်။ သူမကိုကြည့်ရတာ လတ်ဆတ်နေသည့် ဇလပ်ပန်းလေးနှင့် တူပါသည်။

သူက ငေးကြည့်နေတုန်းမှာပဲ သူ့ကို ရွှေရေးခြယ်က မြင်သွားကာ အံ့အားသင့်စွာ ကြောင်ကြည့်နေပြီးမှ သူ့ကိုနွေးထွေးစွာပြုံးပြ၍ သူတို့ဆီ လျှောက်လာကာ ...

"ဟယ် ... ကိုမိုးညှ၊ ကျွန်မမွေးနေ့ကို ကြွရောက်ပေးတာ thank you ပါ။ ညီမ လာလေ၊ ဒီဘက်ကိုကြွပါ"

ပျာပျာသလဲ ပျူငှာလေသော ရွှေရေးခြယ်ကို သူက ဟန်မပျက်ပြီးကာ သူမကို သူ့ရဲ့လက်ဆောင်ကို ကမ်းပေးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"HAPPY BIRTHDAY ရွှေရေးခြယ်။ ကျွန်တော်တို့က သီးသန့်ထိုင်မှာပါ။ ကျွန်တော်တို့ကို ဘာမှဧည့်ခံစရာမလို ဘူး"

"ဩော် ... ဟုတ်ကဲ့ပါ။ ကိုမိုးညနဲ့ ဒီကညီမရဲ့ persent အတွက် thank you"

"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကျွန်တော့်ကောင်မလေး ချစ်မြတ်နိုး တဲ့။ သဲ ... ဒါ ကိုယ့်မိတ်ဆွေ ရွှေရေးခြယ်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့ အစ်မ"

သူမတို့ကို မိတ်ဆက်ပေးပြီးနောက် သူက စကားစ ဖြတ်ကာ ထောင့်ကျကျစားပွဲဝိုင်းဆီသို့ သွားထိုင်လိုက်တော့သည်။ အနမ်းကတော့ သူ့ကိုမြင်ပုံမပေါ်သေးပါ။ အဲဒါလည်း တစ်မျိုး ကောင်းပါတယ်လေ။

"သဲ ... သီးသန့်ခန်းမှာ သွားထိုင်မယ်ဆို"

"အာ ... နေပါ ရတယ်။ ဒီမှာထိုင်တာ အဆင်ပြေတာပဲဟာ ကို"

"ပြီးရော ... ကဲ ... သဲ ... ဘာစားလဲ ကြိုက်တာမှာ"





သဲက စားစရာ သောက်စရာတွေကို မှာနေစဉ်မှာ အနမ်းက Unplugged show တီးခတ်နေသော စတိတ်ချ်စင်ပေါ် တက်ကာ တက်ကြွရွှင်မြူးစွာ မိုက်ခ်ကိုင်၍ presenter လုပ်နေ လေသည်။

"အားလုံးပဲ ခဏလောက် နားဆင်ပေးပါခင်ဗျာ။ ဒီနေ့ မရွှေရေးခြယ်ရဲ့မွေးနေ့မှာ အားလုံးပျော်ရွှင်ကျေနပ်နေကြ မှာပါ။ အိုခေ ... အားလုံး ဒီထက် ထပ်ပျော်သွားရအောင် မွေးနေ့ရှင်က သီချင်းဆိုပြမှာ ဖြစ်ပါတယ်။ ဝူး ... မရွှေရေး come on"

အနမ်းက တက်ကြွလန်းဆန်းစွာ စင်ပေါ်ကနေ အော်ဟစ်နေလျှင် ရွှေရေးခြယ်က တွန့်ဆုတ် တွန့်ဆုတ်ဖြင့် စင် ပေါ်တက်သွားကာ အသည်းအသန် ငြင်းဆန်နေပုံရပါသည်။ သူဟာ စင်ပေါ်ကမြင်ကွင်းကို ကြည့်နေရင်းက အသာပြုံးမိသွား သည်။ ရွှေရေးခြယ်က သီချင်းဟဲဦးမလို့တဲ့။

"ဟယ် ... ကိုကြီးည ရောက်နေတာလား"

သူက အသံကြား၍ ကြည့်လိုက်လျှင်တော့ သူမဟာ ရွှေမှုန်ဖြစ်လေသည်။ သူဟာ ရင်ခုန်စရာအဆင်လေး ရွှေမှုန့်ကို အသာပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဒီမှာလေ သူက လာချင်တာနဲ့"

"ဪ ... အင်း ... အင်း။ သွားတော့မယ်နော် ကိုကြီးညှ၊ ဟိုမှာ ရေးကို သီချင်းဆိုအောင် သွားလော့်ပေးမလို့ ... တာ့တာ"

ရွှေမှုန်က သူ့ကိုနှုတ်ဆက်ကာ စတိတ်ချ်စင်ဘက် ပြေးသွားလေတော့သည်။ ရွှေမှုန် ထွက်သွားသောအခါ သဲက ဖယားစလာတာ ဖြစ်လေသည်။

"အဲဒါ ဘယ်သူလဲ ကို"

"ဪ ... အဲဒါ မွေးနေ့ရှင်ရဲ့ ညီမလေ။ ရွှေမှုန်ဖျန်းတဲ့၊ ကိုယ်နဲ့လည်း ရင်းနှီးပါတယ် သဲရဲ့။ တစ်မျိုးမထင်ပါနဲ့ကွာ"

"ဟွန်းနော် ... ကြည့်လုပ်၊ ဘာမှန်းကို မသိဘူး"

သူက သဲရဲ့ အဲဒီအပြောလေးကို ချစ်မြတ်နိုးစွာဖြင့် သဲရဲ့လက်လေးတွေကို ဖျစ်ညှစ်ဆုပ်ကိုင်ထားချိန်မှာ တိုက်ဆိုင်စွာပင် အားလုံးတိတ်ဆိတ်သွားကာ တီးလုံးသံတစ်ခု ထွက်ပေါ်လာခဲ့ပါသည်။ အဲဒီနောက်မှာ သူဟာ ငြိမ်းအေးတဲ့အသံတစ်ခုရဲ့ စေစားမှုနောက်သို့ တစစမျောလွင့်လို့ သွားခဲ့ပါတော့သည်။





"'တစ်ခါတည်း ချစ်ချင်လို့ပါ'ဆိုတဲ့ သီချင်းဟာ သူ့ရင်ထဲမှာ သူမကြောင့် အရမ်းကို ငြိတွယ်သွားခဲ့ပါသည်။

"ကြင်နာသလို မကြင်နာသူ xxx နေနိုင်ရက်တဲ့ ချစ်သူလေး xxx အနိုင်ယူတတ်တဲ့ သူ့စိတ်တွေကိုကွယ် xxx ကိုယ် မငြိငြင်ခဲ့ဘူး တကယ် xxx ညှာနေတာတွေ ရင်ထဲက xxx ငိုနေမိလည်း ခဏပါပဲ xxx ဟန်ဆောင်ပြုံးရင်း ချစ်တဲ့သူအနားနား xxx ကိုယ် တကယ်ပျော်နေခဲ့တယ် xxx အချစ်တစ်ခုနဲ့ xxx အရာရာအားလုံး သဘောအတိုင်းပဲ xxx ကိုယ်လိုချင်ခဲ့သော အချစ်တို့ဝေးနေလည်း xxx ရင်တွေကွဲပြီး နားလည်မယ် xxx ဘဝမှာ တစ်ခါတည်းချစ်ချင်လို့ပါ xxx နေမဝင်ခဲ့သော xxx တို့ရဲ့အချစ်တွေ xxx ထာဝစဥ်ရှင်သန်ဆဲကွယ်"

professional ဆိုနေသလား ထင်ရအောင် အသံက ကြည်လင်ပြတ်သားကာ အရမ်းနားထောင်လို့ ကောင်းပါသည်။ အမှန်တိုင်း ပြောရမယ်ဆိုရင် ရွှေရေးခြယ်ကို သူ အထင်သေးခဲ့ပေါင်းများပြီ။ ဘယ်တုန်းကမှလဲ အထင်မကြီးခဲ့။ အခုတော့ သူမကို သူ နည်းနည်းတော့ impression ထားချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



“မခွေရေးခြယ်က အသံကတော့ အမိုက်စားပဲနော်။ လူကလည်း အလန်းစားပဲ”

သဲရဲ့မှတ်ချက်ချမှုကို သူက အသာအယာပဲပြုံးကာ ခွေရေးခြယ်ကိုပဲ ကြည့်နေမိပါသည်။ သူမဆိုတဲ့ သီချင်းဟာ mood ဝင်နေလို့လားတော့ မပြောတတ်။ အဲဒီသီချင်းထဲက အဓိပ္ပာယ်တွေဟာ ရည်ရွယ်နေသလိုမျိုး သူကတော့ ခံစားရလေသည်။

“သဲ ... ပြန်ကြမလား”

“နေပါဦး ကိုရဲ့၊ ဒီမှာ ပျော်စရာကြီးဟာကိုး။ အေးအေးပေါ့”

သူက ပြန်ချင်လာတာကြောင့် သဲကိုလှမ်းညှိလျှင် သဲကလည်း ခွတ်ပဲမို့ သူ ငြိမ်နေလိုက်တော့သည်။ သူနှင့်သဲဟာ စကားလေးပြော၊ ပခုံးလေးဖက်နှင့် အိုခေနေတုန်း ခွေရေးခြယ်က သူတို့ဝိုင်းဆီသို့ လျှောက်လာကာ ချိုမြလေသော အပြုံးတစ်ခုဖြင့်...

“အဆင်ပြေရဲ့လား မသိဘူး”

“သြော် ... အားလုံးအဆင်ပြေပါတယ် အစ်မ။ ဒါနဲ့ အစ်မသီချင်းဆိုတာ အရမ်းနားထောင်လို့ ကောင်းတယ်





နော်။ professional တွေ ဆိုတဲ့အတိုင်းပဲ။ မသိရင် ချမ်းချမ်း ဆိုနေသလားပဲ”

စကားပြောဆိုရာမှာ သွက်လက်ချက်ချာသော သဲကတော့ ခွေရေးခြယ်ကို ဝင်ရောနေပြီ။ ကြည့်ရတဲ့ ပုံစံအရတော့ မကြာခင်မှာ အဖွဲ့ကျတော့မယ် ထင်ပါရဲ့။

“ဟား ... ညီမကတော့ အရမ်းပြောတတ်တာပဲ။ ဟဲ ဟဲ ဘာစားမလဲ၊ ကြိုက်တာမှာနော်”

“မခွေရေး”

ခွေရေးခြယ်က အနောက် ကောင်မလေးရဲ့အသံကြောင့် သူတို့ကို စကားစဖြတ်ကာ တစ်ဖက်သို့လှည့်ပြောလေသည်။ အင်း ... အပေါင်းအသင်းကတော့ တော်တော်ဆန့်တဲ့ အမျိုးသမီးပဲ။

“ဟယ် ... သဒ္ဒါ၊ လာတာ နောက်ကျလိုက်တာဟယ်။ အစ်မက မျှော်နေတာ”

“နောက်ကျဆို ကျူရှင်ကနေ တန်းလာတာ အစ်မရဲ့။ စာမေးပွဲက နီးနေပြီဆိုတော့ ရင်မောနေရတာ။ မ ... သမီး အောင်တော့အောင်မှာပါနော်”



www.burmeseclassic.com

www.burmeseclassic.com



"အောင်မှာပါ ညီမရယ်။ ဘာမှစိတ်ပူမနေနဲ့။ ညီမရဲ့ကံက ကောင်းပြီးသား။ ကဲ ... လာ,လာ ဟိုဘက်ဝိုင်းမှာ သွားထိုင်ရအောင်။ ဟိုမှာ ရွှေချိုတို့ ရှိတယ်"

ရွှေရေးခြယ်က ကောင်မလေးကို ခေါ်သွားလေလျှင် သီက ခုနကကြားရသောစကားတို့ကြောင့် သူ့ကို အင်တာဗျူးလေသည်။

"ကို ... အဲဒီ အစ်မက ဘာလဲဟင်"

"ဘာမှမဟုတ်ပါဘူး။ ဘာလို့ မေးတာလဲ"

"မဟုတ်ပါဘူး၊ အဲဒီအစ်မက ထူးခြားနေလို့ပါ"

ထူးခြားနေတယ်တဲ့။ ဟုတ်မှာပေါ့လေ ... ရွှေရေးခြယ်က သူမျှားအတွက် ထူးရင်လည်းထူးခြားနေမှာပေါ့။ သူဟာ ရွှေရေးခြယ်နှင့် ပတ်သက်ပြီး မှတ်ချက်တစ်ခုခုတော့ ပေးချင်လာမိပါသည်။

♥ ◇ ♥





၁၄

ရွှေရေးသည် အထည်တွေကို ပြန်စစ်နေရင်း အလုပ်များနေရာမှ ရွှေရေးရဲ့ဖုန်းက ထမြည်သောလျှင် ရွှေရေးသည် ကိုယ့်ရဲ့စက္ကထရီ ရေမွှေးကို ဖုန်းကိုင်ခိုင်းရလေသည်။ ရေမွှေးက ဖုန်းပြောပြီးနောက် ရွှေရေးကို အသာလှမ်းပြောလေသည်။

"မမ ... မချစ်မြတ်နိုးတဲ့။ မမနဲ့ ပြောချင်လို့တဲ့၊ ကျွန်မ ဘာပြန်ပြောလိုက်ရမလဲ မမ"

ချစ်မြတ်နိုး ...။ ရွှေရေးသည် မသိတဲ့ အဲဒီနာမည် အစိမ်းကြောင့် နည်းနည်းတော့ အူကြောင်ကြောင် နိုင်သွားပါသည်။ ဘယ်သူပါလိမ့်။ ဒီနာမည်ဟာ ... ဒီနာမည်ဟာ။ ရွှေရေးဟာ အစကတော့ ဖုန်းမကိုင်တော့ဘူး လုပ်ပြီးမှ သူ ဘယ်သူဆိုတာ သွားသတိရပြီး ရေမွှေးဆီကဖုန်းကို လှမ်းယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ကျွန်မ ရွှေရေးခြယ်ပါ"

"ဟုတ်ကဲ့ မမ၊ ညီမက ချစ်မြတ်နိုးပါ။ မမ birthday တုန်းက ကိုမိုးညကင်းနဲ့ အတူလိုက်လာတဲ့ တစ်ယောက်ပါ။ မမ မှတ်မိလား မသိဘူး"

"ဟုတ်ကဲ့ ... ပြောပါ ညီမ။ အစ်မ မှတ်မိပါတယ် ဘာကိစ္စရှိလို့လဲ၊ အစ်မ ဘာကူညီပေးရမလဲ"

ချစ်မြတ်နိုးဟာ ရွှေရေးဆီကို ဖုန်းဆက်တယ်ဆိုကတည်းက အကြောင်းတစ်ခုခုတော့ ရှိနေပြီဆိုတာ သဘောပေါက်သောအခါ ရွှေရေးက သူမပြောရမခက်အောင် တမင်တကာစကားကြောင်းပေးလိုက်တာဖြစ်သည်။

"ဟို ... မမနဲ့ တွေ့ချင်လို့ပါ။ မမ အားမယ်ဆိုရင်ပေါ့။ မမ တွေ့ခွင့်ပြုပါနော်"

"ရပါတယ် ညီမရယ် တွေ့လို့ရပါတယ်။ ဒါပေမဲ့ အခုတော့ မ,နည်းနည်းအလုပ်ရှုပ်နေလို့။ မနက်ဖြန်ဆိုရင်တော့ ရပါပြီ"

"ဟုတ်ကဲ့ ... အဲဒါဆို အဆင်ပြေပါတယ် အစ်မ။ အဲဒါဆို ဘယ်မှာလာတွေ့ရမလဲ မသိဘူးရှင်"





"အင်း ... မနက်ဖြန် ညနေပိုင်းလောက်မှာ မ,အလုပ်ကိစ္စတစ်ခုနဲ့ ကန်ရိပ်သာလမ်းက chew မှာ တွေ့ဖို့ချိန်းထားတယ်။ အဲဒီတော့ အင်း ... လေးနာရီလောက်ဆို အဆင်ပြေလား ညီမ"

"ဟုတ်ကဲ့ ... ပြေပါတယ်။ အဲဒါဆို chew ကို လာခဲ့လိုက်မယ်နော်"

"ကောင်းပါပြီ ညီမ၊ ဟုတ်ကဲ့ ဒါပါပဲနော်"

ရွှေရေးသည် ချစ်မြတ်နိုး ဆိုသော ချာတိတ်မလေးနှင့်ချိန်းပြီးသွားသောအခါ ဘာရယ်မဟုတ် အသာပြုံးမိသွားသည်။ ရွှေရေးစိတ်ထဲမှာ ကြိုသိနေသလိုပဲ။

အဲဒါက ဘာလဲဆိုတော့ ချစ်မြတ်နိုး ဘာမေးမှာလဲ ဘာတွေပြောမှာလဲ ဆိုတာကိုပေါ့။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



"မမက မွေးရာပါ will power ကြောင့် အရာရာကိုကြိုသိ
တယ်ဆို၊ အဲဒါ ဟုတ်လားဟင်။ ဟုတ်တယ်မှလား မမ"

ပိန်ပိန်သေးသေးလေးနှင့် ရွှေမှုန်တို့လို ခပ်လန်းလန်း
အရွယ် ဒီချာတိတ်မလေးက ရွှေရေးရဲ့မျက်နှာကို တစိမ့်စိမ့်ငေး
ကာ ယုံကြည်အားကိုးလိုမှုအတွက် အတည်ပြုချက်တောင်းလေ
သော့အခါ ရွှေရေးက သင့်တော်သော အဖြေတစ်ခုပေးဖြစ်ပါသည်။

"ဒီလိုပါပဲ ညီမရယ်။ အစ်မက အရာရာတိုင်းကို ကြိုသိ
တာတော့ မဟုတ်ပါဘူး။ အစ်မစိတ်ထဲမှာ ထင်တာလေး
တစ်ခုကို ပြောလိုက်တဲ့အခါမျိုးမှာ အကြောင်းကြောင်း
ကြောင့် သွားတိုက်ဆိုင်သွားတဲ့ သဘောမျိုးပါပဲ။ အမြဲတမ်း
ချည်းတော့ မှန်နေတာ မဟုတ်ပါဘူး"

"မမကစကားပြောလည်း သိပ်ကောင်းတာပဲနော်။ အဟင်း...
မြတ်နိုးကတော့ မ,ကို အရမ်းခင်သွားပြီ"





ရွှေရေးက အသာအယာပဲပြုံးလိုက်ပါသည်။ အေးချမ်း
တိတ်ဆိတ်ပြီး decoration အပြင်အဆင် မိုက်ပါသော ဒီဆိုင်
လေးထဲမှာ ရွှေရေးရဲ့အာရုံတွေက စူးစိုက်အားပိုကောင်းနေခဲ့ပါသည်။
ပြောရမယ်ဆိုရင်တော့ ချစ်မြတ်နိုး ရွှေရေးနဲ့ တွေ့ချင်နေတဲ့
အဓိကအကြောင်းရင်းကို ရွှေရေးစိတ်ထဲက အလိုလို ကြိုသိနေတာ
ဖြစ်သည်။

"မမကို မြတ်နိုးမှာ ပြောစရာတစ်ခုခုကို ရှိမယ်ထင်တယ်။
ပြောစရာရှိတာ ပြောပါ ညီမ"

ရွှေရေးရဲ့လမ်းကြောင်းပေးမှုအတွက် သူမဟာ အား
တက်သွားကာ ရွှေရေးကို သူမရဲ့အရင်းအခြာလို ပွင့်ပွင့်လင်းလင်း
တိုင်ပင်လေသည်။

"ဟုတ်ကဲ့ မမ၊ ဒီလိုပါ။ ဟို ... မ,သိတဲ့အတိုင်းပဲ ကို...
အဲ ... ကိုမိုးညနဲ့မြတ်နိုးက ချစ်သူတွေဆိုတာလေ။ အဲဒါ ...
အဲဒါ"

သူမက ပြောရခက်နေဟန်ဖြင့် ရွှေရေးကို တစ်ချက်
ငေးကြည့်လျှင် ရွှေရေးသည် သဘောပေါက်စွာဖြင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ညီမ ရပါတယ်၊ အစ်မနဲ့ ကိုမိုးညက သာမန်ရင်းနှီးတာမျိုးပါပဲ။ ညီမ ပြောချင်တာ တိုင်ပင်ချင်တာကို ပြောလို့ရပါတယ်။ အစ်မဘက်က တတ်နိုင်တာ ရှိရင် ကူညီပေးမှာပါ"

"ဟုတ် ...ဟုတ်ကဲ့ မမ။ မမကို တိုင်ပင်ချင်လို့ကို မြတ်နိုး မမနဲ့ အပွိုင့်မန့်ယူတာပါ။ မမကို ဟိုတစ်ရက် မွေးနေ့ကတည်းက ခင်မိနေတာ။ ဒါကြောင့်မို့ မြတ်နိုးရဲ့နှလုံးသားကိစ္စကို မမနဲ့ တိုင်ပင်တာပါ"

"အင်း ... ပြောပါ ညီမ"

"ဟိုလေ ... မ, ကိုမိုးညက မြတ်နိုးကို လက်ထပ်ခွင့်တောင်းထားပါတယ်။ ကိုက ဟို ... ပြောရရင်တော့ မမရယ်၊ သူက မြတ်နိုးတွဲတဲ့ ဘဲတွေထဲမှာ အင်း ... ဟို မိုက်တယ်ပေါ့နော်။ ဒါပေမဲ့ လက်ထပ်ဖို့ကျတော့လည်း မြတ်နိုးက ငယ်သေးတယ်။ ကိုကတော့ လက်ထပ်ဖို့ လောဆောနေပြီ။ မြတ်နိုး ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်။ အဲဒါကြောင့် မမကို လာတိုင်ပင်တာပါ။ မမရဲ့စွမ်းအားနဲ့ ဝေဖန်ပေးပါဦးနော်"





အခြေအနေဟာ ရွှေရေး ထင်သလိုမျိုးပဲဖြစ်သည်။ မြတ်နိုးမေးချင်တာက ရိုးရိုးလေးပဲ ဖြစ်၏။ ကိုမိုးညဟာ မြတ်နိုးအတွက် လက်ထပ်သင့်ရဲ့လားဆိုတဲ့ မေးခွန်းကို ဖြေပေးဖို့ ရွှေရေးမှာ အတော်စဉ်းစားရ ကျပ်ပါသည်။

ဘာဖြစ်လို့လဲဆိုရင် အဖြေကို ရွှေရေးက ကြိုသိထားလို့ပဲဖြစ်သည်။

ဒါပေမဲ့ ရွှေရေး ကြိုသိထားသောအရာကို ပြောပြလို့မဖြစ်ပါ။

ရွှေရေးဘက်က တစ်ခွန်းဟလိုက်တာနဲ့ အဓိကရင်ဆိုင်ဖြေရှင်းရမှာ ကိုမိုးညကိုပဲဖြစ်သည်။

"မမ ... မြတ်နိုးကို တစ်ခုခု ပြန်ပြောပါဦး"

"အင်း ... ညီမရဲ့ဖူးစာရှင်က ဘယ်သူဆိုတာတော့ အစ်မလည်း အတိအကျ မသိပါဘူး။ ဒါပေမဲ့ မြတ်နိုး အိမ်ထောင်ပြုဖို့ အဝေးကြီးလိုသေးတယ်လို့ အစ်မ ထင်နေတယ်။ ညီမ လက်ထပ်ရမယ့်သူဟာ ကိုမိုးညပါလို့တော့ တစ်ထစ်ချ အစ်မ အာမ,မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေး ဆိုလိုချင်တာကို ႁားမဝေးသော မြတ်နိုးက သဘောပေါက်သွားသည်ထင်သည်။

ရုတ်တရက် ဘာပြောရမှန်း မသိစွာဖြင့် ရွှေရေးကို ကြောင်ပြီး ငေးကြည့်နေလေသည်။ ပြီး တော့မှ ခပ်တိုးတိုးလေသံဖြင့် ...

"ကိုမိုးညက မြတ်နိုးရဲ့ဖူးစာရှင် မဟုတ်ဘူးပေါ့နော်"

အဲဒီမေးခွန်းကြောင့် ရွှေရေးဟာ အကျပ်ရိုက်သွားရပြီး သူမ သဘောပေါက်လွယ်အောင် ရှင်းရလေတော့သည်။

"ဟို ... အဲဒီလိုမျိုးပြောတာ မဟုတ်ပါဘူး။ ညီမရဲ့ ... ဖူးစာဆိုတာ အရမ်းဆန်းတယ်။ ဒါ ငါ့ဖူးစာရှင် ဟုတ်တယ် မဟုတ်ဘူးဆိုပြီး ဘာမှ အတိအကျပြောလို့ မရဘူး။ ဘဝအဆက်ဆက်က တောင်းခဲ့ဖူးတဲ့ဆုတွေ၊ ကံကြမ္မာကဖန်ဆင်းပေးတဲ့ ကိုယ့်နဖူးမှာ ပါလာပြီးသားစာတွေ အားလုံးတစ်ထပ်တည်းကျမှ ဖူးစာဆိုတာ ဖြစ်တာ ...

ဒီခေတ်မှာ လက်ထပ်တိုင်း၊ ချစ်တိုင်း ဖူးစာဖက်လို့တော့ ပြောလို့မရဘူး ညီမရဲ့။ တကယ့်ဖူးစာဖက်တွေ ညားတော့မှ ဘယ်တော့မှ မပြိုကွဲမှာလေ။ ကိုယ့်ဖူးစာဖက်





က ဘယ်သူဆိုတာ မသိနိုင်တဲ့အတွက် အချစ်တို့ လက်ထပ်တာတို့ဆိုတာ ကံစမ်းမဲနှိုက်ရသလိုပဲ။ အဲဒါကြောင့်မို့ အစ်မက ကိုမိုးညဟာ ညီမရဲ့ဖူးစာဖက် ဟုတ်တယ်,မဟုတ်ဘူးဆိုတာ တစ်ထစ်ချ အာမ,မခံရဲဘူးလို့ ပြောတာ"

"မမရဲ့ အာရုံထဲမှာကော ဘာပေါ်လဲဟင်။ မြတ်နိုးရဲ့ အိမ်ထောင်ရေးကိုပေါ့"

ရွှေရေးက စိတ်ကိုငြိမ်အောင်ထားကာ အာရုံစူးစိုက်လိုက်လျှင် ပုံရိပ်တချို့က ပေါ်လာပြီဖြစ်သည်။ အဲဒီအတွက် အနည်းအကျဉ်းတော့ သူမကို ရွှေရေးက သိစေလိုတာကြောင့် ပြောပြဖြစ်ခဲ့ပါသည်။

"မြတ်နိုးက အိမ်ထောင်ရေး ကံကောင်းမယ့်ပုံပါ။ ကိုယ့်ကံကြမ္မာအရ ပါလာတဲ့ဇာတာအတိုင်း ကံကောင်းဖို့ဆိုတာ ကိုယ့်ရဲ့ရွေးချယ်တတ်မှုလည်း လိုသေးတယ် ညီမ။ မ,က စေတနာနဲ့ ပြောပြတာပါ။ မ,ဘယ်သူ့ကိုလက်ထပ်ပါ၊ မလက်ထပ်သင့်ဘူးလို့တော့ ပြောမှာမဟုတ်ဘူး။ ဟုတ်ခဲ့ရင်တော့ ညီမအတွက် အဆင်ပြေပေမယ့် မဟုတ်လာခဲ့ရင်တော့ မကောင်းဘူးလေ ...



www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးညကို ညီမက တကယ်ချစ်တယ်ဆိုရင် လက်ထပ်ဖို့သင့်၏ မသင့်၏ ရွေးပေါ့။ အစ်မဘက်က အကြံပေးချင်တာကတော့ မိန်းမတစ်ယောက်အတွက် ကိုမိုးညလိုလူမျိုးဟာ မက်ကွက်တွေရှိပေမယ့် မက်လောက်စရာကောင်းတိုင်းလည်း သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို ဖန်တီးနိုင်မှာ မဟုတ်ဘူး။ အဓိက,ကတော့ ကိုယ့်ဖူးစာဖက် ဟုတ်,မဟုတ် ရွေးတတ်ဖို့ပါပဲ"

ရွှေရေးရဲ့တသီတလျား ရှင်းပြနေသော ရှင်းလင်းချက်အပြီးမှာ မြတ်နိုးဟာ တစ်ခဏတော့ အသံတိတ်သွားကာ တစ်ခုခုကို တစ်စုံတစ်ရာ အလေးအနက် စဉ်းစားနေပြီးတော့မှ ...

"မြတ်နိုး သဘောပေါက်ပါပြီ မမ။ ဒီနေ့ မမ အချိန်ပေးပြီး မြတ်နိုးကို စကားပြောပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ...

ဟုတ်ကဲ့ပါ မမ၊ မြတ်နိုး ဆုံးဖြတ်ချက်တစ်ခုခုကို ယတိပြတ်ချမှာပါ"

"မ,ကို ကျေးဇူးတင်ဖို့ မလိုပါဘူး ညီမရယ်။ မိန်းကလေးဆိုတာ အိမ်ထောင်ဖက်အရွေးမှားသွားရင် ဘဝတစ်သက်





လုံးသွားပြီ။ expired ကုန်သွားတဲ့ ကုန်ပစ္စည်းတစ်ခုလိုမျိုးပေါ့။ ရက်လွန်သွားတဲ့အတွက် ဘယ်သူကမှ ဈေးကောင်းပေးပြီး ဝယ်တော့မှာ မဟုတ်ဘူးလေ ...

ဒါကြောင့် သေသေချာချာ ရွေးချယ်ဖို့ လိုအပ်တယ်လေ"

ရွှေရေး ပြောခဲ့တဲ့စကားတွေထဲမှာ တစ်ခုမှ လီဆယ်လုပ်ကြံပြီး ပြောခဲ့ခြင်းမပါသည့်အတွက် ကိုယ့်လိပ်ပြာ ကိုယ်လုံပါသည်။ ရွှေရေးရဲ့စကားတွေကြောင့် မြတ်နိုးက ကိုမိုးညရဲ့လက်ထပ်ခွင့်ကို ငြင်းဆန်လိုက်လျှင် မြတ်နိုးအတွက်တော့ ကံကောင်းသွားနိုင်ပေမယ့် ကိုမိုးညကတော့ ...။

"အဲဒါဆို မြတ်နိုး သွားတော့မယ် မမ။ မမကော"

"မ, ဒီမှာဆက်ထိုင်လိုက်ဦးမယ် ညီမ။ နောက်မှတွေ့တာပေါ့"

"ဟုတ်ကဲ့ ... ကျေးဇူးအများကြီးတင်ပါတယ် မမ။ နောက်ရက်မှ မမဆီ လာခဲ့ပါဦးမယ်"

မြတ်နိုးက ရွှေရေးကို နှုတ်ဆက်ကာ ထွက်သွားလေလျှင် ရွှေရေးသည် ဟူးခနဲလေပူတစ်ချက် မှုတ်ထုတ်ကာ ငေးငေး



www.burmeseclassic.com

www.burmeseclassic.com



ငိုင်ငိုင် ထိုင်နေလိုက်တော့သည်။ မြတ်နိုးကတော့ ဒီပုံဆို ကိုမိုးညကို ငြင်းတော့မှာ ကြိုသိနေသည်။ အဲဒီလိုငြင်းဖို့တွန်းအားက ရွှေရေး ပါဆိုရင် ကိုမိုးညနဲ့တွေ့ရဦးမှာပေါ့။ အဆိုးဆုံး အခြေအနေကတော့ သူ ရွှေရေးကို စိတ်ယုတ်မာမွေးတယ်လို့ ထင်သွားမှာပဲဖြစ်သည်။ ဒီအကြောင်းအရင်းကြောင့် ရွှေရေးဟာ အမုန်းတရားတစ်ခုကိုတောင် ပိုင်ဆိုင်သွားနိုင်ပါသည်။

ပိုင်ဆိုင်လည်း ရွှေရေးဟာ ပြုံးပြုံးလေးပဲ လက်ခံ သွားရမှာပဲဖြစ်သည်။ အဲဒီအတွက် ဝမ်းနည်းမိတာမှအပ ဘာမှ တော့ မဖြစ်ခဲ့ပါ။

♥ ✧ ♥





## ၁၅

"မင်း ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ သဲ"

မိုးညသည် ဒေါကန်ကန်နှင့် သဲကို ကောလိုက်လျှင် သဲက စူပုပ်ပုပ်မျက်နှာဖြင့် သူ့ကို ဆတ်ခနဲ လှည့်ကြည့်ကာ အေးစက်စက်လေသံဖြင့် ပြန်ပြောလေသည်။

"ရှောင်တယ်လို့ မပြောပါနဲ့ ကိုရယ်။ သဲတို့က တစ်ပတ်မှာ ဘယ်နှရက်များ တိတိပပ ဆုံဖူးကြလို့လဲ။ ဒီရက်တွေမှာ သဲက စာမေးပွဲရှိလို့ မတွေ့ကြတာပဲ ဘာဖြစ်နေတာလဲ"

"ဟား ... မင်းကတော့ ကွိုင်ပဲကွ။ မင်းနဲ့ ကိုယ်က ရည်းစားတွေထက် ပိုချစ်ပါတယ်ဆိုတဲ့ ချစ်သူတွေဆို။ အခု မင်းအထာက ဘာလဲ ? ? လေစိမ်းတွေ လာနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူက ရေလည်ပေါက်သွားပြီး ထပြီးဝုန်းလိုက်လျှင် သဲက သူ့ကို မြွေပောက်လို စူးညို့ညို့မျက်လုံးတွေဖြင့် စိုက်ကြည့်ကာ ...

"အဲဒီလို ထင်တော့လည်း အဲဒီလိုပေါ့။ ကို ဒီကနေ့ ဒီလောက်တောင် ပေါက်နေတယ် ဆိုကတည်းက ဖြတ်ချင်နေတဲ့ ကာလာတွေ ပါနေပြီ။ ဘာလဲ ... တစ်ခန်းရပ်ကြပါစို့လား"

"ဟား ... ဟော့ ... ဟော့ ... ငါဆိုလိုတာ အဲဒီ tone မျိုး မဟုတ်ဘူး။ မင်းက ငါ ဖုန်းဆက်တော့လည်းမကိုင်၊ message ပို့တော့လည်း reply မလာလို့ ငါကတင်းပြီး ပြောတာ။ နေစမ်းပါဦး ... မင်းကကော ကိုယ့်ကိုဖြတ်ချင်နေတာလား"

သူက ဇွတ်တင်ထားပြီးမှ ပြန်လျှောချသွားကာ ညို့ရီရီစိုက်ကြည့်၍ အီစီကလီဆက်ပျိုးလိုက်လျှင် သူမက မထင်မှတ်ထားစွာ သူ့မျက်နှာကို ရေနွေးပူနှင့် လှမ်းပက်သလို ရက်စက်သွားပါသည်။





"ဟုတ်တယ် ... ဖြတ်ချင်နေတာတော့ မဟုတ်ဘူး။ ဖြတ်ကိုဖြတ်မှာ ကို"

"ဘာ ... ဘာပြောတယ်"

သူက ရုတ်တရက်ကြီးမို့ ကြောင်သွားကာ ဆတ်ခနဲ ထအော်မိသွားသည်။ ဟား ... ဘာကြီးလဲ။ ပလိန်းကြီး အစာတွေ လာသွပ်နေတာပါလား။

"ဟုတ်တယ် ... ကို။ သဲ တကယ်ပြောတာ၊ ကိုနဲ့လက်ထပ်ဖို့က မဖြစ်နိုင်တဲ့အတွက် သဲတို့ ဆက်တွဲနေလည်း ဘာထူးလဲ။ အဲဒါကြောင့် ကို ... ဖြတ်လိုက်ကြပါစို့"

ဟား ... ဘာတွေလဲ။ သူဟာ သဲရဲ့မျက်နှာပေးကို ကြည့်လိုက်လျှင် အဲဒါဟာ အတည်ကြီး ပြောနေတယ်ဆိုတာ သူ သိပါသည်။ ဘာလဲ ... ဘာအထာကြီးလဲ။ သူက သူ့ကို ဘာကိစ္စ အစိမ်းဖြတ်ရတာလဲ။ နောက်တစ်ယောက် ပြောင်းချင်လို့လား။ အဲဒါဆိုရင်တော့ သူက အသည်းကွဲလို့ ပွဲကြမ်းမှာမဟုတ်ဘဲ မာနကို ထိပါးခံရလို့ ဗုံးကြဲမှာဖြစ်သည်။

"ဘာလဲ ... ချစ်မြတ်နိုး။ မင်း ဘာစကားပြောတာလဲ။ ဘာကိစ္စ ငါ့ကို ဖြတ်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြီးပြီလေ၊ သဲမှ လက်မထပ်နိုင်တာ"

"ဘာလို့လဲ ... ငါက မင်းရဲ့ကောင်တွေထက် အဆပေါင်းများစွာ သာတယ်ဆိုတာ မင်းသိရဲ့သားနဲ့ ဘာကိစ္စဖြစ်ချင်ရတာလဲ ...

ဘာလဲ ... ငါ့ထက်လျှံတဲ့ စပွန်ဆာ မိသွားလို့လား"

သူကလည်း ပေါက်တဲ့နဖူး မထူးတော့သည်မို့ စွတ်ဖြလိုက်တော့သည်။ သူ့ရဲ့အဲဒီစကားကြောင့် သူမဟာ ငုံ့လျှိုးထားတဲ့ဒေါသတွေ ပြုန်းခနဲ ထောင်ထလာကာ သူ့ကိုပြန်ချပါသည်။

"စကားပြောတာ မမိုက်ရိုင်းပါနဲ့ ကိုမိုးညို။ ကျွန်မက ဘာကို စပွန်ဆာရှာရမှာလဲ။ ရေအကန့်လိုတယ်ဆိုတာ ချစ်မြတ်နိုးရဲ့ရာဇဝင်မှာ ရှိခဲ့ဖူးလို့လား။ ငါ့စကားနွားရ မပြောပါနဲ့။ ရှင့်ကို လက်မထပ်နိုင်ဘူးဆိုတာ ကျွန်မမှာ အကြောင်းရှိတယ်။ ရှင်က ကျွန်မရဲ့ဖူးစာရှင် မဟုတ်လို့ပဲ"

"ဘာ"





သူမရဲ့အဲဒီစကားကြောင့် သူ နည်းနည်းတော့အံ့သြသွားပါသည်။ ဒီကနေ့ သူမပြောတဲ့စကားတွေဟာ လုံးဝအဆန်းတွေပဲဖြစ်သည်။ အရင်တုန်းက သဲဟာ အဲဒီလိုမဟုတ်။ ဖူးစာဆိုတာကို ဦးရာလူစနစ်ဟု သတ်မှတ်တဲ့သူမျိုး။ ခုကျမှ ...။

ဘာဖြစ်တာမှန်း မသိတော့ဘူးကွာ။

မိုးညိုသည် နှုတ်ခမ်းကို အသာတွန့်ကွေးကာ သူမကို မျက်မှောင်ကြုတ်ကြည့်၍ ...

"မင်းစကားက အဆန်းတွေပါလား။ ဘာဖြစ်တယ် ကိုယ်က မင်းရဲ့ဖူးစာရှင် မဟုတ်လို့ လက်မထပ်တာဟုတ်လား။ နေစမ်းပါဦး ... ငါက မင်းဖူးစာရှင် မဟုတ်ပါဘူးလို့ မင်းကို ဘယ်သိကြားမင်းက အတိအကျ ပြောသွားလို့လဲ"

"နတ်သမီး ပြောသွားတာ"

သဲရဲ့အဖြေက သူ့ကို ရုတ်တရက်တော့ အံ့အားသင့်ကာ ကြောင်သွားပေမယ့် တွေးကြည့်လိုက်လျှင် သဲ ဘယ်သူ့ကို ရည်ရွယ်ပြောတယ်ဆိုတာ မှန်းဆမိသွားသည်။ အဲဒါ တကယ်ပဲလား။ မိုးညိုသည် ဟိုမိန်းမရဲ့မျက်နှာကို ပြေးမြင်မိသွားလျှင် ချက်ချင်းပင် ဒေါသသွေးတို့ ဆူပွက်လာကာ သူမ တစ်ခါကပြော



www.burmeseclassic.com

www.burmeseclassic.com



ဖူးခဲ့တဲ့ သူ့နဖူးကစာအကြောင်းကို သွားသတိရကာ သဲကိုစေ့စေ့ကြည့်၍ အေးစက်စွာ မေးလိုက်တော့သည်။

"မင်း ငါ့ကိုဖြတ်တာ၊ လက်မထပ်နိုင်တာဟာ မင်းရဲ့တစ်ဦးတည်း ဆုံးဖြတ်ချက် မဟုတ်ဘူးဆိုတာ ငါ လုံးဝသိနေတယ်။ ပြော ... အဲဒါ ရွှေရေးခြယ်ရဲ့ ပောာချက်မှလား"

သူက လေသံမာမာဖြင့် မေးလိုက်လျှင် သဲက သူ့ကို မျက်လုံးပြူးကြီးတွေနှင့် စိုက်ကြည့်ကာ အတောင့်သားပုံစံဖြင့် ခေါင်းပဲဆတ်ပြလေသည်။

ဟား ... ဒါဆို သေချာသွားပြီပေါ့။ မိုးညသည် အားပါပါဖြင့် တောက်တစ်ချက်ခေါက်ကာ သဲရဲ့ပခုံးတွေကို ဆတ်ခနဲ ဖိကိုင်လှုပ်ယမ်းလိုက်ကာ ...

"ဒီမှာ သဲ၊ မင်း ငါ့ကိုငြင်းတာဟာ မင်းဆန္ဒသီးသန့်ဆိုရင် ငါဘက်က နားလည်ပေးနိုင်တယ်။ အခုဟာက မင်းဆန္ဒမှ မဟုတ်တာ။ ကိုယ် ဘယ်လိုမှ လက်မခံဘူး သဲ"

"လက်မခံလည်း မသိတော့ဘူး ကို။ သဲကတော့ လုံးဝလက်မထပ်နိုင်ဘူး။ မမကို ယုံတဲ့အတွက် သဲ ကို့ကိုဖြတ်ရမှာပဲ"





ပြီးသွားပြီ။ ဇာတ်လမ်းက အဲဒီနေရာမှာတင် ဖြတ်ချသွားပြီဆိုတာ သူ နားလည်သွားပါသည်။ သူမရဲ့ပောာချက်မှန်အောင် သူမကိုယ်တိုင် ဖန်တီးသွားတဲ့ ရွှေရေးခြယ်ကို သူတကယ် လက်ဖျားခါသွားရပါသည်။ သဲက သူ့ကို ငြင်းတာထက် ပိုခံရခက်နေသော ခံစားချက်တို့ကြောင့် သူဟာ သဲရဲ့မျက်ဝန်းတွေကို တစ်ချက် စိုက်ကြည့်ကာ ...

"ကောင်းပြီ သဲ၊ မင်း ငြင်းတဲ့အတွက် ကိုယ် ခံစားရပါတယ်။ မင်းဘက်က ကိုယ့်ကိုပြတ်ချင်နေတဲ့အတွက် ကိုယ် ဆက်ကြိုးစားလည်း အပိုပဲဖြစ်နေမှာလေ။ ဒါကြောင့်မို့ မင်းကို ကိုယ်မချုပ်ထားတော့ပါဘူး၊ Good bye သဲ"

"thz ပါ ကို။ သဲကို နားလည်ပေးတဲ့အတွက်ပါ။ ကိုလည်း ကို့ဖူးစာရှင်နဲ့ အမြန်ဆုံး ဆုံတွေ့နိုင်ပါစေ"

သူက အပြုံးမပျက် ဆက်ထိန်းကာ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်သည်။ အဲဒီနောက် သူမက ကျောခိုင်း၍ ထွက်သွားပါတော့သည်။ သူမ ထွက်သွားခဲ့ပြီး နောက်ပိုင်း၌ မိုးညသည် အချိန်အတန်ကြာအောင် ကန်ရေပြင်ကိုကြည့်ကာ ငေးမောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာရှင်တဲ့။ အဲဒီစကားလုံးဟာ သူ့နားထဲမှာ ဘာလို့ အမြဲတမ်း ကြားနေရတာလဲ။ အချစ်တစ်ခု ဖြစ်ဖို့အတွက် ဖူးစာက အရေးပါနေတာလား။ သူ့နဖူးမှာ စာပါမလာပါဘူးလို့ ပြောခဲ့တဲ့ သူကလည်း ရှိနေသေးသည်။ ဒီစကား မှန်,မမှန်သက်သေပြနိုင်းဖို့ လိုအပ်လာပြီပဲဆိုတာ သူ နားလည်လာပါသည်။

♥ ✧ ♥





"ရွှေရေးခြယ် ... မင်း ငါ့ကိုအချိန်ပေးနိုင်မလား"

ရွှေရေးရဲ့ကားတံခါးကို ကျောမှီကာ ဟန်ပါပါရပ်နေသော သူက ရွှေရေးကိုမြင်လျှင် ခပ်တည်တည် မျက်နှာထားဖြင့် လှမ်းပြောတာဖြစ်သည်။ နက်ပြာရောင် ရှပ်အင်္ကျီကို လက်ခေါက်ဝတ်၍ ကြယ်သီးလေးလုံးလောက် ဖြုတ်ထားသောကြောင့် သူ့ရဲ့ vest ခံဝတ်ထားတဲ့ ဇွပ်ကျယ်အဖြူရောင်ကို မြင်နေရပါသည်။ ဘယ်တော့မဆို gent ဖြစ်တဲ့သူက ဒီလိုဖရိုဖရဲဒီဇိုင်းနဲ့ဆို ချစ်မြတ်နိုးနှင့် ဓာတ်လမ်းပြတ်လောက်ပြီဆိုတာ ရွှေရေးနားလည်လိုက်ပါပြီ။ သူ ဒီကားပေါ်ခ်မှာ စောင့်နေတယ် ဆိုကတည်းက ရွှေရေးကို အပြတ်ချဲတော့မည်ဆိုတာ ရွှေရေး ကြိုသိနေပါသည်။

သူ့ရဲ့ပိုးစိုးပက်စက် ပြောတော့မည့် စကားလုံးတွေအတွက် ခံနိုင်ရည်ရှိအောင် ကြိုတင်ပြင်ဆင်ထားတာကြောင့် အခုချိန်မှာ အပြုံးမပျက် သူ့ကို နှုတ်ဆက်နိုင်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးည ... ဘာကိစ္စရှိလို့လဲ။ ရောက်မှတော့ ရုံးခန်းထဲ ဝင်လာခဲ့တာ မဟုတ်ဘူး"

"မှင်း ငါ့ကို အချိန်ပေးနိုင်မလားလို့ မေးနေတာ"

သူ့ရဲ့မာကြွပ်ကြွပ် စကားသံက ချွေရေးရဲ့နှလုံးသားကို ခပ်ပါးပါး လှုပ်နှိုးလိုက်သလိုပဲဖြစ်သည်။ သူ့ပုံစံကိုကြည့်ရသည်မှာ တော်တော်လေးကို ထိန်းချုပ်နေရတဲ့ပုံနှင့် တူနေပါသည်။ ချွေရေးကြောင့် သူနဲ့ သူ့ရည်းစား ပြတ်ရတယ်ဆိုတဲ့အတွက် သူ ချွေရေးကို သိပ်မုန်းတီးပြီး ခါးနေမယ်ဆိုတာ နားလည်ပေးလို့ရပါသည်။ အဲဒီအတွက်ကြောင့် သူ ဘာပြောပြော ချွေရေးဘက်က မှားတဲ့အတွက် ခေါင်းငုံ့ခံဖို့ပဲ ရှိတာကြောင့် သူ့ကို တစ်ချက်ငေးကြည့်ကာ ...

"ပေးနိုင်ပါတယ် ကိုမိုးည"

"ကောင်းပြီ၊ ကျုပ်မှာတော့ ကားမပါဘူး။ ခင်ဗျားကားနဲ့ သွားတာပေါ့။ တံခါးဖွင့်လေ"

ချွေရေးဟာ သူ့ရဲ့အပြုအမူစိမ်းစိမ်းတွေကို နားလည်လက်ခံပေးစွာဖြင့် ကားလော့ခ်ဖွင့်ပေးကာ သူ့ရဲ့မျက်စိရှေ့သို့ ကားသော့ကို မြှောက်ပြကာ ...





"ရှင် ဘယ်သွားမှာလဲ။ ကိုယ်တိုင်မောင်းချင်စိတ်ရှိတယ်ဆိုရင် မောင်းလို့ရပါတယ် ကိုမိုးည"

သူက ချွေရေးရဲ့ကားသော့ကို ဆတ်ခနဲ ဆွဲယူလိုက်ကာ ခပ်တင်းတင်းမျက်နှာထားဖြင့် ပြန်ပြောပါသည်။

"အိုခေ ... ပေးမောင်းတဲ့အတွက် thank you"

သူက ပြောပြီးတာနှင့် ကားတံခါးကို ဆွဲဖွင့်ကာ ကားထဲဝင်ထိုင်လေသည်။ ချွေရေးက သူနှင့်အတူ ရှေ့ခန်းကပဲ ဝင်ထိုင်လိုက်ပါသည်။ ချွေရေး ကားပေါ်ထိုင်ပြီးတာနှင့် သူက စက်နှိုး ဂီယာကောက်ထိုးကာ မောင်းထွက်လိုက်တော့လေသည်။ သူ ဘယ်နေရာကို ဦးတည်ပြီးမောင်းနေတယ် ဆိုတာတော့ ချွေရေး မသိပါ။ ကားပေါ်မှာ စကားတစ်ခွန်းမှ မဆိုဖြစ်ကြသော သူနှင့် ချွေရေးဟာ ကိုယ်စီဖီလင်တွေတော့ ရှိနေမယ်ဆိုတာ သေချာပါသည်။ ချွေရေးက ငြိမ်ငြိမ်လေး ထိုင်လိုက်လာရင်းကမှ ပျင်းလာတာမို့ သီချင်းကောက်ဖွင့်လိုက်လျှင် ထွက်ပေါ်လာတဲ့ သီချင်းက ချွေရေးရဲ့လက်ရှိခံစားချက်ပဲ ဖြစ်ပါ၏။

"ကြင်နာသလို xxx မကြင်နာသူ xxx နေနိုင်ရက်တဲ့ ချစ်သူလေး xxx အနိုင်ယူတတ်တဲ့ သူ့စိတ်တွေကိုကွယ် xxx ကို မငြိငြင်ခဲ့ဘူး တကယ် xxx "



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် သီချင်းထဲမှာ ခံစားချက်တွေ စီးမျော နားထောင်ရင်း လိုက်လာခဲ့တာ အတန်ငယ်ကြာရင်တော့ ကားက တုံ့ခနဲ ရပ်သွားလေသည်။

"ရောက်ပြီ ... ဆင်းတော့ ရွှေရေးခြယ်"

သူ့ရဲ့အဲဒီအပြောကြောင့် ရွှေရေးသည် ကားမှန်က နေ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင်တော့ ရွှေရေးတို့ရောက် နေသော နေရာဟာ အင်မတန်မှ သာယာစိမ်းညို့ကာ လွမ်းစရာ ရှိရင်လည်း အရမ်းလွမ်းမောဖွယ်ကောင်းသော မြက်ခင်းစိမ်းတို့နှင့် နေကြာပန်းတို့ များစွာခြံရံနေသော ကောင်းကင်ကြီးနှင့် တစ်သား တည်းကျနေသည့် ပန်းချီကားထဲ ရောက်သွားသလိုပင်။ ရွှေရေး သည် ကားပေါ်ကဆင်းလိုက်လျှင်တော့ လတ်ဆတ်တဲ့ လေရနံ့ကို ရှူရှိုက်လိုက်ရသည်။

စိတ်ရဲ့ထွက်ပေါက်ရှိရာ နေရာကို ရောက်သွားသလို ခံစားရလေသည်။

"ဘယ်လိုလဲ ရွှေရေးခြယ်၊ ဒီနေရာက သိပ်သာယာတယ် မှလား"





ရွှေရေးဘေးက သူဟာ ရွှေရေးကို လက်ပိုက်ကြည့် လျက် အေးစက်စက်လေသံဖြင့် ပြောလေလျှင် ရွှေရေးက ခေါင်း အသာဆတ်ပြကာ ...

"ဘာပြောစရာရှိလို့လဲ ကိုမိုးည။ ပြောပါ"

"မင်း ကြိုသိနေတယ်မှလား၊ ငါ ပြောမယ်ဆိုတာကို"

"ဆောရီးပါ ကိုမိုးည။ ကျွန်မ မြတ်နိုးကို မှန်ကန်တဲ့ဟော ချက်ပဲ ပြောခဲ့တာပါ။ စဉ်းစားဆုံးဖြတ်တာက သူ့အပိုင်းပါ။ ဒါပေမဲ့ အဲဒီအတွက် ရှင်ခံစားသွားရတယ်ဆိုတာ ကျွန်မ ကိုယ်ချင်းစာပေးနိုင်ပါတယ်။ ရှင့်ကို ကျွန်မ အဲဒီလိုဖြစ်ဖို့ မရည်ရွယ်ပါဘူး"

"ဟား ဟား ... စကားလုံးတွေက သိပ်ကိုပြောင်မြောက်နေ လွန်းတယ် ရွှေရေးခြယ်။ မင်း ကိုယ်ချင်းစာပေးစရာ မလိုပါဘူး။ ငါ့အတွက် ချစ်မြတ်နိုးကို စွန့်လွှတ်ဖို့ဆိုတာ မခက်ခဲဘူး"

ကိုမိုးညရဲ့ ရင့်သီးတဲ့စကားတွေ မဆက်ခင်မှာ ရွှေရေးက ဝင်ဖြတ်ပြီး ပြောလိုက်မိပါသည်။ အဲဒါဟာ သူ့ရင် ထဲက အမုန်းတရားတွေ လျော့ပါးစေချင်လို့ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို သေအောင်မုန်းနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မ ဘယ်တုန်းကမှ မယုတ်မာခဲ့ဘူး။ ရှင့်အချစ်ရေးကို ဖျက်ဆီးတဲ့သူဆိုပြီးတော့ မစွပ်စွဲလိုက်ပါနဲ့ ကိုမိုးညို။ အဲဒီ စကားလုံးကို ရှင့်စိတ်ထဲမှာပဲ မျိုသိပ်ထားပါ။ ကျွန်တဲ့ စကားတွေနဲ့ ကျွန်မကို ကြိုက်သလို ထိုးနှက်လို့ရပါ တယ် ...

ကျွန်မ ရှင့်အချစ်ရေးကို ဘယ်တုန်းကမှ မဖျက်ဆီး ခဲ့ဘူး"

ခံစားရလွန်းအားကြီးလျှင် စိတ်တွေဟာ ကတုန် ကယင်ဖြစ်လာကာ အသံတွေပါ တုန်ယင်အဖျားခတ်လာတဲ့ သဘာဝအတိုင်း ရွှေရေးလည်း အဲဒီလို ဖြစ်သွားပေမယ့် မျက်ရည် မကျမိအောင်တော့ အလူးအလဲကို ထိန်းချုပ်နေရတာဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားတယ် ဆိုပေမယ့်လည်း တကယ့်တကယ် တမ်းမှာ သူ့ရဲ့ရက်စက်သွေးအေးတဲ့ မျက်ဝန်းတွေကို ရင်ဆိုင်ရ တဲ့အခါမှာ ရွှေရေးဟာ သေချင်လောက်အောင် စိတ်ဆင်းရဲရတာပဲ ဖြစ်သည်။





"မင်းက အရာရာတိုင်းကို မင်းစိတ်တိုင်းကျ ဖန်တီးနေနိုင် တဲ့သူပဲ။ မင်းရဲ့ Supernatural power ကြီးက ငါ့ဘဝကို တစစီရိုက်ချိုးနေတာ မင်းရဲ့ပောချက်တွေအားလုံးက ငါ့ ဘဝရဲ့ဆူးတွေချည်းပဲ ရွှေရေးခြယ်"

ဘုရားရေ ... သူ ရွှေရေးကို အဲဒီလောက်တောင် မုန်းနေတယ်လား။ ရွှေရေး ဘဝရဲ့တန်ဖိုးအကြီးမားဆုံးဖြစ်တဲ့ "စိတ်"ဟာ သူ့ရဲ့အဆိပ်တဲ့လား။ ရွှေရေးသာ သာမန်မိန်းမတစ် ယောက်ဆို သူ မုန်းမှာလား။

"ကျွန်မ ရှင့်ကို တောင်းပန်ပါတယ် ကိုမိုးညို။ ကျွန်မရဲ့ စိတ်က ရှင့်အတွက် အဆိပ်ဆိုရင် ကျွန်မဘက်မှာလည်း ဒဏ်ရာတွေနဲ့ပါ ...

ရှင်နဲ့ ကျွန်မက ခင်မင်မှုအတိုင်းအတာ ဘယ်လောက် မှ မရှိခင်မှာပဲ ရှင့်ဘက်က အမုန်းတရားကစတင်ခဲ့တယ်။ ရှင် အငြိုးထားလည်း ကျွန်မဘက်က ဘာမှမတတ်နိုင်ဘူး ...

ကျွန်မဘဝမှာ ဘယ်တော့မှ မဖြစ်နိုင်တဲ့ကိစ္စဟာ ကျွန်မရဲ့ 'စိတ်'ကို ဖျက်ဆီးပစ်လို့ မရတာပဲ။ အဲဒီအတွက် ရှင် ကျွန်မကို တစ်သက်လုံးမုန်းနေမှာမှလား။ မုန်းပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ နားလည်ပေးပါတယ်။ တစ်ခုပဲ ... ရှင်မြဲမြဲမှတ်ထားဖို့က ကျွန်မ ဘယ်တုန်းကမှ ရှင့်အချစ်ရေးကိုမဖျက်ဆီးခဲ့ဖူးဘူး ဆိုတာပဲ”

ရွှေရေးရဲ့စကားတွေအတွက် နှုတ်ခမ်းကို တင်းတင်းစေ့ကာ စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကို ရွှေရေး အာရုံထဲက ဖျောက်ပါရစေတော့။

ချစ်တယ်ဆိုတာ လူတွေအတွက် အဆိပ်ခါးခါးမှန်း ရွှေရေး သိလိုက်ချိန်မှာ ဒူးထောက်ပြီး အရှုံးပေးလိုက်ဖို့ပဲ ရှိပါသည်။

“ပြန်ကြစို့ ... ရွှေရေးခြယ်”

တိတ်ဆိတ်နေသော ကာလကို ဖောက်ခွင်းလိုက်တဲ့ သူ့ရဲ့အသံကြောင့် ရွှေရေးက နှုတ်ဆိတ်လျက် ကားပေါ်ဝင်ထိုင်နေလိုက်ပါသည်။ သူက ကားပေါ်တက်လာကာ ကားကိုစက်နှိုးလိုက်ပြီးနောက် ရွှေရေးကို တစ်ချက်ငဲ့ကြည့်ကာ အင်မတန်မှ အေးစက်ခြောက်ကပ်သော ဩရှရှအသံဖြင့် မထင်မှတ်သောစကား တစ်ခွန်းကို ပြောလေသည်။

“ကိုယ် မင်းကို ချစ်မိသွားပြီ ရွှေရေးခြယ်”





အဲဒီစကားကြောင့် ရွှေရေးဟာ ရှော့ခ်လ်ရမလိုတောင်ဖြစ်သွားပြီး သူ့မျက်နှာကို အကြောင်သား ငေးကြည့်ကာ နှုတ်တို့ဆွံ့အသွားတော့သည်။ ဘုရား ... ဘာတွေဖြစ်သွားတာလဲ။ ရုတ်တရက်ကြီး အပူမှအအေးကို ပြောင်းလဲသွားသော အခြေအနေဟာ ရွှေရေးအတွက်တော့ သေလို့ရပါသည်။

“ဘာ ... ဘာပြောလိုက်တာလဲ”

အထစ်ထစ် အငေါ့ငေါ့ ရွှေရေးရဲ့မေးသံကြောင့် သူက ရွှေရေးရဲ့မျက်ဝန်းတွေကိုပဲ တည့်တည့်စိုက်ကြည့်ကာ ဘာအဓိပ္ပာယ်မှ ဖတ်လို့မရတဲ့ တုံးဏှိဘာဝေ မျက်နှာထားဖြင့် နောက်တစ်ခါ ထပ်ပြောပြန်ပါသည်။

“ကိုယ် မင်းကိုချစ်တယ် ရွှေရေးခြယ်။ မင်း ကိုယ့်ရင်ထဲကို တကယ်ရောက်လာတာ။ ကိုယ် မင်းကို ချစ်တယ် ... ချစ်တယ်”

ရွှေရေး နေထိုင်ရပ်တည်နေသည့် ကမ္ဘာမြေကြီးဟာ ချာချာလည် ယမ်းခါသွားသလို ခံစားရလေသည်။ အသက်ရှူသံတွေဟာလည်း သိပ်မမှန်ချင်တော့ကာ ညနေတစ်ခုလုံးဟာ လင်းချင်းတောက်ပသွားလို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်တဲ့။

ဘဝမှာ သေလောက်အောင် ကြားချင်နေခဲ့တဲ့ စကားတစ်ခွန်းဟာ သူ မုန်းနေတယ်လို့ ယူဆပြီးသွားကာမှ ကြားခဲ့ရတာဖြစ်သည်။ လူတစ်ယောက်ဟာ တကယ်ပဲ ချက်ချင်းကြီး ပြောင်းလဲသွားနိုင်လို့လား။ ရွှေရေး ဘယ်လိုမှ မယုံကြည်နိုင်ပါပေ။ သူ ဘာလို့ချက်ချင်းကြီး ချစ်သွားရတာလဲ။

ရွှေရေးကို စောင့်ရှောက်ပါသော ကိုယ်စောင့်နတ်ရေ ... ရွှေရေးရဲ့ကံကြမ္မာကို အလှည့်အပြောင်း ကြီးကြီးမားမား မလုပ်လိုက်ပါနဲ့နော်။

ရွှေရေးသည် အ,သွားပြီလားလို့ ထင်ရလောက်အောင် ဘာစကားမှ ပြန်မပြောနိုင်လောက်အောင် မေ့မြောသွားခဲ့ပါသည်။

♥ ✧ ♥





"အဆုံး"

www.burmeseclassic.com

www.burmeseclassic.com







နေသာနေသော ကောင်းကင်ကြီးရဲ့အောက်က အရောင်တွေ စိမ်းစိုနေသော ကွင်းပြင်ကျယ်ကြီးတစ်ခုမှာ ခြေချ ရပ်တည်နေမှုဟာ ဘာအတွက်လဲဆိုတာ တိတိပပမသိပါ။ အာရုံ ထဲမှာ ကံကြမ္မာနှင့် ပတ်သက်သော အကြောင်းအရာတွေ ပေါင်း စည်းရှုပ်ထွေးနေကာ ဘာဆိုဘာမှ ရှင်းရှင်းလင်းလင်း မခွဲခြားနိုင် ချေ။ ဘာတွေလဲ ... အလင်းရောင်တွေကြားထဲမှာ ဘာကိုမှ မသဲ ကွဲတာဟာ ဘာဖြစ်လို့လဲ။

"အသင်မိန်းကလေး ... ဘာကိုမှ မတွေ့ဝေ မတုံ့ဆိုင်းဘဲ ရဲဝံ့စွာဆုံးဖြတ်ပါ။ အသင်မိန်းကလေးရဲ့စစ်မှန်သော ချစ် ခြင်းတရားနဲ့ ကျွန်ုပ်၏ဆုတောင်းထားသော သစ္စာတရား ကြောင့် အသင်တို့သည် သေချာပေါက် ပေါင်းဖက်ရလိမ့် မည်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအသံလာရာကို လိုက်ရှာလျှင်တော့ အလင်းအားတွေ ရှုးရှနေလွန်းတာကြောင့် ဘာဆိုဘာမှ မမြင်ရပါ။ ဒါပေမဲ့လည်း တိုးသလိုလို ကျယ်သလိုလိုနှင့် ကြားနေရတဲ့ အသံတစ်ခု ပျောက်သွားမှာစိုး၍ သူမက အသည်းအသန်ပင် မေးခွန်းပြုလိုက်ရသည်။

"အရှင်က ဘယ်သူပါလဲ"

"အသင်မိန်းကလေး ... ကျွန်ုပ်ကိုမေးတာထက် ကျွန်ုပ်ပြောတာကို နားထောင်ပါ ...

အသင်မိန်းကလေးတို့ရဲ့ တစ်ဘဝမှာ ကျန်နေခဲ့တဲ့ ဖူးစာဟာ ကျွန်ုပ်ကြောင့် ကွေကွင်းခဲ့ရတယ်။ ဒါကြောင့် ကျွန်ုပ်ဟာ အသင်မိန်းကလေးကို မှာကြားပါရစေ။ နဖူးစာ ထိုးထွင်းမှုမှာ ရေးထိုးဖန်တီးဖို့ မေ့ကျန်နေခဲ့တဲ့ စာတစ်ခုကြောင့် အသင်မိန်းကလေးကို သူ မမှတ်မိတာပါ။ ဒီနဖူးစာပါမလာတဲ့သူဟာ ဘယ်တော့မှ ဖူးစာရှင်နဲ့လည်း မတွေ့နိုင်ဘူး။ ထိမ်းမြားပေါင်းဖက်ဖို့ ကံလည်းမပါဘူး။ သူ့ကံကြမ္မာ ဤကဲ့သို့ ဖြစ်ရခြင်းအတွက် အသင်မိန်းကလေးဟာ သူ့ရဲ့ဖူးစာရှင် ဖြစ်နေတော့ ဒီဘဝအဆက်ဆက်ကဖူးစာ သူ့နဖူးမှာ ပေါ်လာဖို့ ကြိုးပမ်းဆောင်ရွက်ပါ"





"ကျွန်မ ... ကျွန်မက ဘာလုပ်ရမှာလဲ"

"အသင်မိန်းကလေးအတွက် လောကကြီးက အကြားအမြင်ပါရမီကို လက်ဆောင်ပေးထားတာပဲ။ အသင်မိန်းကလေးရဲ့ ချစ်ခြင်းမေတ္တာ၊ အထုံပါရမီနဲ့ ကျွန်ုပ် ဖန်ဆင်းပေးတဲ့ ဖူးစာအစွမ်းကြောင့် ထိုယောကျ်ားသား၏ နဖူးထက်တွင် ပေါ်စေသောကာလကို ရောက်အောင်ကြိုးစားလတ္တံ့။

အရေးကြီးသည်မှာ အသင်မိန်းကလေး၏ ချစ်ခြင်းမေတ္တာတရားပဲ ဖြစ်သည်။

အို ... ဒီနဖူးစာ ပြန်လည်အသက်ဝင်စေ"

ဤသို့ပြောပြီးသည့်နောက်မှာ လင်းချင်းတောက်ပမှုတွေအားလုံး အရောင်တွေ ပျော့တော့ကုန်ကာ အားလုံးဟာ နဂိုအခြေအနေသို့ ပြန်ရောက်သွားကုန်၏။ ဘာလဲ ... ဘာတွေလဲ။ ငါ ဘယ်နေရာကို ရောက်နေတာလဲ။ ဉာဏ်မမီနိုင်တော့သော နက်နဲရှုပ်ထွေးမှုတွေအောက်မှာ လူကချာချာလည် ယမ်းကုန်ကာ သိစိတ်တွေ မသိစိတ်တွေ ရှုပ်ထွေးရောယှက်လျက် ဘာဆိုဘာမှ နားမလည်နိုင်တော့ဘဲ အာခေါင်ခြစ် အော်ဟစ်ပစ်လိုက်တော့သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

“အား”

အာခေါင်ခြစ်အော်သံနှင့်အတူ အိပ်ရာကနေ ငေါက်ခနဲ ထထိုင်လိုက်လျှင်တော့ အသိတရားတို့က စိတ်မှာကပ်မိချိန်တွင် လူတစ်ကိုယ်လုံးက ချွေးတွေရွှဲနစ်နေခဲ့ပါသည်။ ဟား ... ဒါ အိပ်မက်,မက်နေတာပဲ။ ဒါပေမဲ့ ရွှေရေး အခုမက်ခဲ့တဲ့အိပ်မက်သည် အရမ်းကို ထူးဆန်းလှပါပေသည်။ ရွှေရေးမရောက်ဖူးတဲ့ အရပ်ဒေသမှာ ရွှေရေး နားမလည်နိုင်တဲ့ စကားတွေကို အိပ်မက်လို ပုံရိပ်တွေဖြင့် ကြားမြင်ခဲ့ရတဲ့အတွက် တော်တော်လေးကို ဆန်းကြယ်လှသည်။

“ရေး ... ဘာဖြစ်လို့လဲ”





အခန်းတံခါးကို ကျီခနဲ ဆွဲဖွင့်ကာ ရွှေရေးဆီကို အပြေးအလွှား ရောက်ချလာသော ရွှေမှုန်ကိုမြင်လျှင် စိတ်အာရုံတို့သည် ပြန်လည်စုမိသွားပြီး ရွှေမှုန်ရဲ့လက်တွေကို မြဲမြဲဆုပ်ကိုင်ကာ ...

“ရေး ... အိပ်မက်တွေ မက်နေတာ”

“ဩော် ... တော်ပါသေးရဲ့။ ရော့ ... ရော့ ရေသောက်လိုက်ဦး။ မှုန်က ရေးများဘာဖြစ်လဲဆိုပြီး အသံကြားလို့ ချက်ချင်းလာကြည့်တာ။ ကြည့်စမ်းပါဦး ... ချွေးတွေလည်း ရွှဲနစ်နေတာပဲ။ ဘာအိပ်မက်တွေမို့လို့လဲ ရေးရယ်။ အင်္ကျီလဲဦး။ တော်ကြာ ချွေးနဲ့ပြန်အအေးပတ်နေဦးမယ်”

ရွှေရေး ငုံ့ထည့်ပေးသော ဖန်ခွက်ထဲကရေကို တစ်ကျိုက်တည်း မော့ချပစ်လိုက်ပြီးမှ တလှပ်လှပ်ဖြင့် ခုန်နေသော နှလုံးသားဟာ ငြိမ်းအေးသွားတော့သည်။ ဘဝမှာ မက်ခဲ့ဖူးသမျှ ထူးထူးဆန်းဆန်း အိပ်မက်တွေထဲမှာ ဒီတစ်ခါအိပ်မက်ကတော့ အထူးဆန်းဆုံးပဲဖြစ်သည်။ အဲဒီလိုမျိုးမက်တာဟာ ဒီနေ့ကြားခဲ့ရတဲ့ သေလို့ရသော ထူးဆန်းတဲ့စကားကို စိတ်စွဲပြီး မက်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



များလား။ ဟင့်အင်း ... အဲဒီလိုမျိုးတော့ မဖြစ်နိုင်ပါ။ ရွှေရေးရဲ့ ဘဝမှာ ရှေ့ပြေးနိမိတ်ပုံတွေ၊ အိပ်မက်တွေ စသဖြင့် ထူးဆန်းတဲ့ စိတ်ပါရမီကို ပိုင်ဆိုင်ထားပြီးသား။ ဒီနေ့မက်တဲ့ အိပ်မက်ကတော့ အရမ်းဆန်းနေတာဖြစ်သည်။

ပြီးတော့ ဒီထက်ပိုဆန်းတာက ကိုမိုးညရဲ့ရုတ်ခြည်း ပြောင်းလဲသွားတဲ့ စိတ်အာရုံပဲဖြစ်၏။

"ရေး ... ဘာတွေတွေးနေတာလဲဟင်။ ရေးမှာ ဘာတွေများ စဉ်းစားစရာတွေ ရှိနေလို့လဲ"

ရွှေရေးရဲ့မျက်နှာကို စာအုပ်တစ်အုပ်လို အမြဲဖတ်တတ်နေတဲ့ ရွှေမှုန်က သတိထားမိစွာဖြင့် မှတ်မှတ်ထင်ထင်မေးလျှင် ရွှေရေးသည် မာကျူရီမီးမှိန်မှိန်ရဲ့အလင်းအားဖြင့် ရွှေမှုန်မျက်နှာကို တစ်ချက်ငေးကြည့်လိုက်သည်။ အင်း ... ဒီကိစ္စကို ရွှေရေး ရင်ဖွင့်သင့်ရဲ့လား။ ဘာပဲပြောပြော ရွှေမှုန်ဟာ ရွှေရေး အတွက်တော့ အကောင်းဆုံး တိုင်ပင်ဖက်ပဲဖြစ်သည်။ အဲဒီအတွက် ရင်ထဲကခံစားချက်တွေကို ဖွင့်ပြောပြခဲ့ပါသည်။

"ရွှေမှုန် ... အိပ်ချင်နေပြီလား"





"မအိပ်ချင်ပါဘူး ရေးရယ်၊ သမီးက ရေးလန့်အော်သံ ကြားကတည်းက ဘာများဖြစ်လဲဆိုပြီး မျက်လုံးကျယ်သွား တာ။ ရေး ဘာပြောချင်လို့လဲဟင်"

ရွှေမှုန်က စကားကြောင်းပေးလျှင် ရွှေရေးသည် သိပ်တုံ့ဆိုင်းမနေတော့ဘဲ ပြောပြလိုက်တော့၏။

"ဒီနေ့ ကိုမိုးညက ရေးကို propose လုပ်တယ် မှုန်မှုန်"

"ရှန် ... ကိုကြီးမိုးညက။ ဟင် ... ချက်ချင်းကြီးပါလား"

"ဟုတ်တယ်။ သူ့ပုံကြည့်ရတာတော့ အစက ရေးကို ဟို မိန်းကလေးကိစ္စနဲ့ ပက်သက်ပြီး အပြတ်ချဲမယ့်ပုံနဲ့လာတာ။ ဒါပေမဲ့ ရေးတို့ စကားတွေအခြေအတင် ပြောကြရင်းနဲ့ပဲ ပြန်ခါနီးကျတော့ ဘယ်လိုမှ ထင်မထားဘဲ ပြောလိုက်တာ"

"ဟယ် ... အဲဒီတော့ ရေးက ဘာပြန်ပြောလိုက်လဲဟင်"

ရွှေရေးသည် အဲဒီအမေးစကားအတွက် ခေါင်းကို အသာယမ်းပြကာ ...

"ဟင့်အင်း ... သူ အဲဒီစကားပြောပြီးနောက်ပိုင်း ရေးတို့ အိမ်ကိုသာ ပြန်ရောက်လာကြတယ်။ ဘာစကားမှ မပြော ဖြစ်ကြတော့ဘူး။ ရေးကလည်း ရုတ်တရက် ရှော့ခ်လ်ရသွား တော့ ဘာမှမပြောဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက ရေးကို အဖြေလည်း မတောင်းဘူးလား"

"ဟင့်အင်း ... သူ အဲဒီစကားပြောပြီးကတည်းက ဘာမှ ဆက်မပြောတော့တာ"

ရွှေမှုန်သည် ရေးရဲ့စကားတွေကို နားထောင်ရင်း တစ်စုံတစ်ခုကို လေးလေးနက်နက်တွေးကာ စဉ်းစားမိသွားသည်။ ပြီးတော့ ရေးအတွက် အရမ်းစိတ်ပူသွားကာ ရေးရဲ့လက်ဖဝါးတွေကို ခပ်တင်းတင်း ဆုပ်ကိုင်ကာ ...

"ရေး ... လူတစ်ယောက်ကို အရမ်းကြီးမယုံကြည်ပါနဲ့နော်။ ရွှေမှုန် ထင်တာကို ပြောကြည့်မယ်။ ကိုကြီးညလုံးဝမရိုးသားဘူး။ အမှန်တကယ်ဆိုရင် သူက ရေးကို အသေတင်းနေတဲ့လူနော်။ သူ့ကိစ္စ ပျက်သွားရတာကို ထည့်မတွက်ဘဲနဲ့ ...

ရေး ... ဘယ်သူမဆို ဘယ်အခြေအနေမဆို ဖြုန်းစားကြီးတော့ အဆိုးကနေအကောင်း ပြောင်းမသွားဘူးနော်"

"မှုန်မှုန် ပြောတာ မှန်ပါတယ်။ ရေးလည်း သူပြောတုန်းက အဲဒီလိုမျိုး တွေးမိသွားတယ်။ ဒါပေမဲ့ မဖြစ်နိုင်ဘူး မှုန်မှုန် ...





သူက ရေးရဲ့ဖူးစာရှင်ဆိုတာကို ရေး အာရုံထဲမှာ အတိအကျ သိနေတာ။ ပြီးတော့ သူနဲ့ ဒုတိယမြောက်ဆုံတဲ့နေ့တုန်းက ရေးရဲ့ကားပျက်လို့ သူနဲ့အတူပြန်မလာခင် သူ ရေးဆီကို ရောက်မလာခင်မှာ ရေးရဲ့နားထဲမှာ 'အခုမင်းရဲ့ဖူးစာရှင် လာပြီ' ဆိုတဲ့ အသံကို သေချာကြားနေရတာ။ သူဟာ ရေးရဲ့ဖူးစာရှင်ပဲ"

ရွှေရေး စကားကြောင့် ရွှေမှုန်က ဘာမှမပြောဘဲ ငြိမ်နေလျှင် ရွှေရေးသည် စကားပြန်ဆက်ရလေသည်။

"ဒါပေမဲ့ ရေးရဲ့ဟောချက်အရ သူဟာနဖူးစာမပါတဲ့အတွက် ဘယ်မိန်းကလေးနဲ့မှ ပေါင်းဖက်ခွင့်မရှိဘူး။ သူ့ကံကြမ္မာကိုက ဒီလိုမျိုး သတ်မှတ်ထားတဲ့အတွက် ဘာကိုမှ ကံသေကံမ မပြောနိုင်ဘူး ရွှေမှုန် ...

သူ ရေးကို တကယ်ချစ်တာလည်း ဖြစ်နိုင်သလို၊ မချစ်လို့ ချိုးတာလည်း ဖြစ်နိုင်တယ်။ သူ့ဘက်က ဘာပဲဖြစ်ဖြစ်လေ ရေးရင်ထဲကဆန္ဒအမှန်ကို ပြောမယ်နော်။ ရေးက အကြားအမြင်ပါရမီ၊ စိတ်စွမ်းအား ဘာမှမပိုင်ဆိုင်တဲ့ သာမန်မိန်းမတစ်ယောက်ရဲ့ နှလုံးသားနဲ့စဉ်းစားမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း ရေး သူ့ကို ချစ်တယ် မှုန်မှုန်။ ရေး သူ့ကို ချစ်တာဟာ သူဟာ ရေးရဲ့ဖူးစာရှင် ဖြစ်တယ်ဆိုတာသိလို့ ချစ်တာမျိုးလည်း မဟုတ်ဘူး။ သူ့နဖူးစာမပါလို့ ရေးတို့ မပေါင်းရဘူးဆိုတာသိလို့ ချစ်တာမျိုးလည်း မဟုတ်ဘူး ...

ကိုမိုးညကို ရေးက သာမန်မိန်းမတစ်ယောက်ရဲ့ နှလုံးသားထဲကလာတဲ့ အချစ်မျိုးနဲ့ ရိုးရိုးလေးပဲချစ်တာ။ ရေး အချစ်တွက် ယတြာဆိုတာလည်း မရှိဘူး။ ဒီအတိုင်း ခံစားပြီး ချစ်လို့ကို ချစ်သွားတာ မှုန်မှုန်”

ရွှေရေးရဲ့စိတ်ရှည်လက်ရှည် ရှင်းပြမှုအပြီးမှာ ရွှေမှုန်ဟာ ရွှေရေးကို နားလည်သွားသလို မှိန်ပျပျအလင်းအောက်က နေ ငေးကြည့်ကာ စာနာပေးပါသည်။

“အဲဒီလောက်တောင် ချစ်နိုင်တယ်လား ရေးရယ်”

“ဟုတ်တယ် မှုန်မှုန်။ အဲဒါကြောင့် သူ အဖြေတောင်းတောင်း၊ မတောင်းတောင်း၊ ရေးကို ချိုးချင်လို့ ဒီလိုမျိုး ပြောတာ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ရေး ဘာမှစိတ်မဝင်စားဘူး။ ရေး ခံယူထားတာကတော့ ရေး





ဘဝမှာ သူနဲ့ချစ်သူဖြစ်ပြီး ပေါင်းဖက်ရဖို့ထက် သူ့ကိုချစ်နေရဖို့က ပိုအရေးပါတယ်။ အဲဒီအတွက် ဖူးစာပါတယ် မပါဘူးဆိုတာချည်းကို ခေါင်းထဲထည့်ကိုမထားတော့ဘူး”

ရွှေမှုန်သည် အချစ်အတွက် မိုက်ရူးရဲမဆန်ပေမယ့် အချစ်ကို ရူးမိုက်စွာခံစားသော ရေးအတွက် တစ်ခုခုလုပ်ပေးဖို့ လိုအပ်လာပါသည်။

♥ ✧ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

သင်တို့မှာလည်း အချစ်ဆိုတဲ့ ခံစားမှုဆိုတာ ရှိကြမှာပါ။ လူရယ်လို့ ဖြစ်လာပြီဆို ချစ်တတ်လာတာ သဘာဝပဲမဟုတ်လား။ အဲဒီအတွက် သူကလည်း လူထဲကလူပီသစွာ အချစ်ကိုရှာနေတဲ့သူတစ်ယောက်ပဲ ဖြစ်၏။ သူ့အတွက် ငြိမ်းချမ်းတယ်လို့ထင်လောက်တဲ့ အချစ်ကို တွေ့လုတွေ့စဉ်မှာ သူဟာ ပုတ်ချခံလိုက်ရသည့်အတွက် ခံစားရသော ဒေါသတို့သည် ရာဇဝင်မှာ စာတင်သွားနိုင်လောက်သည်အထိ ကြီးမားပါသည်။

အဲဒီဒေါသကို ဖြေသိမ့်နိုင်ဖို့အတွက် သူဟာ ရွှေရေးခြယ်ရဲ့မာနကိုချိုးဖို့ စကားတစ်ခွန်း အလိုလို ပြောထွက်မိသွားခဲ့သည်။ အစက အဲဒီလိုမျိုး မရည်ရွယ်ခဲ့ပေမယ့် သူဟာ သူမရဲ့





မျက်နှာကိုမြင်လျှင် အလိုလိုကို ပြောလို့ထွက်သွားတာဖြစ်သည်။ အဲဒီရဲ့အကျိုးဆက်အတွက် သူဟာ တစ်ချက်ခုတ် နှစ်ချက်ပြတ်ကောင်းကျိုးကမှတော့ ရွှေရေးခြယ်ရဲ့မာနကို ချိုးနိုင်ပြီဖြစ်သလို၊ သဲရဲ့စိတ်ထဲမှာလည်း ရွှေရေးခြယ်ကို အယုံအကြည်မရှိတော့သည့်အတွက် အားလုံးက သူလိုချင်သလို ဖြစ်လာနိုင်ပေသည်။ အဲဒီလိုဖြစ်လာဖို့ အဓိက,ကတော့ သူမအချစ်ကို ရဖို့လိုအပ်ပါသည်။

"အစ်ကိုကြီး ... ဆိုင်ရဲ့ customer တစ်ယောက်က အစ်ကိုကြီးနဲ့ တွေ့ချင်လို့တဲ့"

သူ့ရဲ့ဝန်ထမ်းကောင်မလေးက လာပြောလျှင် သူဟာ စဉ်းစားခန်းဖွင့်နေရင်း အတွေးစတို့ကို ဖြတ်တောက်၍ ကောင်မလေးကို မေးတစ်ချက်ဆတ်ပြလိုက်ကာ ...

"ဘာကိစ္စတဲ့လဲ"

"မသိဘူး အစ်ကိုကြီး၊ အဲဒီအစ်မက ဆိုင်ရှင်နဲ့တွေ့မယ် ချည်းပဲ ပြောနေတယ်"

"ဟဲ့ ... နင်တို့တွေ customer နဲ့ ပြဿနာဖြစ်လို့လား"

"မဖြစ်ပါဘူး၊ ဘာကျိုင်မှ မတက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စတွေ့ချင်ရတာလဲဟာ။ ကဲ ... ကဲ ... လာ၊ သွား တွေ့မယ်"

သူက ဖုန်းကိုအိတ်ကပ်ထဲ ကောက်ထည့်ကာ ကောင်မလေးနှင့်အတူ ထွက်လာခဲ့တော့သည်။ သူက သူ့အခန်းထဲကနေ ထွက်လာလိုက်လျှင်တော့ သူ့ကို ကျောပေးကာ ထိုင်နေသည့် အမျိုးသမီးကို တွေ့ရပါသည်။

"အစ်ကိုကြီး ... အဲဒီအစ်မပဲ"

"အင်း ... အင်း ... ဟုတ်ပြီ၊ ကဲ ... ကဲ လုပ်စရာရှိတာ သွားလုပ်တော့၊ ငါသွားတွေ့လိုက်မယ်။ ဩော် ... ဒါနဲ့ သူက ဆိုင်ရဲ့အမြဲတမ်းဖောက်သည်လား"

"တစ်ခါတလေတော့ လာတယ် အစ်ကိုကြီး။ အခုတော့ Hair designer ကိုဆန်းစဆီမှာ ပုံလာပြောင်းတာပါ"

"ဟုတ်ပြီ ... သွားတော့"

မိုးညသည် ဘာများရစ်တော်မူချင်လို့ ဆိုင်ရှင်နှင့် တွေ့ချင်ပါသည်ဟု complain တက်သော အမျိုးသမီးဆီသို့ လျှောက်သွားကာ ...





"ကျွန်တော် ဒီဆိုင်ပိုင်ရှင်ပါ ခင်ဗျ။ ဘာများလိုအပ်ပါသလဲ"

သူဟာ ပြောလည်းပြော အမျိုးသမီးရဲ့မျက်နှာကို ငုံ့အကြည့်မှာ ဟာခနဲဖြစ်သွားကာ တော်တော်လေး အံ့ဩသွားရသည်။

ဟင် ... ရွှေရေးခြယ်။ သူတို့ဆိုင်ရဲ့ Hair designer ဆန်းစလက်ရာကြောင့် hair style ပြောင်းသွားကာ အရမ်းမိုက်သွားသော သူမကို ရုတ်တရက်ကြီး တွေ့လိုက်ရ၍ ဘာပြောရမှန်းမသိအောင် ဆွံ့အသွားလေတော့သည်။

သူ့ကိုကြည့်ကာ တစ်ချက်ပြုံး၍ မတ်တတ်ထရပ်လိုက်ကာ ...

"သိပ်မအံ့ဩပါနဲ့ ကိုမိုးညရဲ့။ ကျွန်မက ဒီမှာဆံပင်ပုံစံလာပြောင်းရင်းနဲ့ ဒါ ရှင့်ဆိုင်ဆိုတာ သတိရသွားပြီး တွေ့ချင်လို့ ခေါ်နိုင်းလိုက်တာပါ"

သွက်သွက်လက်လက်ဖြင့် သူ့ကိုပီယဝါစာစကားကို ဆိုလေလျှင် သူဟာ ဘာမှပြန်မပြောဖြစ်သေးဘဲ ကျားသစ်ကွက်ဆင် ဆွဲသားဖစ်တင် ဘလောက်စ်တစ်ထည်နှင့် မိန်းမဝတ်စတိုင်လ်



www.burmeseclassic.com

www.burmeseclassic.com



ပန်အနက်ကို လိုက်ဖက်စွာ ဝတ်ဆင်ထားသော သူမဟာ body structure က အမိုက်စားပါပဲလားဆိုတာ သူ အခုမှ သတိထားမိသွားသည်။ ခန္ဓာကိုယ်က ပါးပါးလျားလျား ငါးရံ့ကိုယ်လုံးလေး မဟုတ်သလို ရေဆေးငါးကြီးလည်း မဟုတ်ဘဲ မှန်တန်း body လေးမှာ အရပ်က မြင့်မြင့်မားမားမို့ ထင်းခနဲတော့ ရှိပါသည်။

"ဟော့ ... ယူ၊ ဘာလဲ ဘဝင်မြင့်သွားတာလား"

သူ့ကို မျက်ခုံးတစ်ချက်ပင့်ကာ လှမ်းမေးတာကြောင့် သူက ဟဲခနဲ ရှက်ရယ်,ရယ်ကာ ...

"ဩော် ... မဟုတ်ပါဘူး။ မင်း လာလိမ့်မယ်လို့ လုံးဝ ထင်မထားမိလို့ပါ ...

အင်း ... ရောက်တုန်းရောက်ခိုက် တစ်နေရာရာသွားပြီး တစ်ခုခု သွားစားကြရင် မကောင်းဘူးလား"

သူက စကားခေါ်လိုက်လျှင် သူမကလည်း အပြုံးမပျက်ပင် လက်ခံပါသည်။

"သွားမယ်လေ၊ အင်း ... ကိုမိုးညတော့ ဘာစားချင်သလဲ မပြောတတ်ဘူး။ ကျွန်မကတော့ အင်းလျားမှာ အကြော်သွားစားချင်နေတယ်၊ ဘယ်လိုလဲ။ လိုက်နိုင်ရဲ့လား"





"အိုး ... ဘာလို့မလိုက်နိုင်ရမှာလဲ။ ခဏလေးစောင့်၊ ကိုယ့်အိတ် သွားယူလိုက်ဦးမယ်။ ဩော် ... ဒါနဲ့ ကိုယ့်ကား ထားခဲ့မယ်နော်"

သူက ဖာတ်လမ်းခင်းရန်အတွက် အပြုံးတစ်ခုဖြင့် လှမ်းပြောလိုက်လျှင် သူမက ခေါင်းအသာညိတ်ပြသည်။ အခြေအနေက အရမ်းကောင်းနေတာတော့ အမှန်ပင်။

သူ ရွှေရေးခြယ်ရဲ့အချစ်ကို ပိုင်ဆိုင်ဖို့အတွက် ရာနှုန်းတော်တော် နီးကပ်နေပြီ ဆိုတာ သူ ရိပ်မိသိရှိလာပါသည်။

မိုးညသည် အခန်းထဲပြန်ဝင်ကာ သူ့ရဲ့အိတ်ကိုဝင်ယူကာ မှန်ထဲမှာ တစ်ချက်ပြန်ရှိုးလိုက်သေးသည်။ မဆိုးပါဘူး။ ကြွေရောင်ကဲ့သို့ ပြောင်လက်ဖွေးသန့်နေသော အဖြူဆွတ်ဆွတ်ရှပ်အင်္ကျီကို အသားပျော့ခဲရောင်ဂျင်းဖြင့် လှတပတ ဝတ်ဆင်ထားသည့် အတွက် ပေါ့ပေါ့ပါးပါးဖြင့်ပင် သူမနှင့်အတူ လိမ့်လို့ရပြီပေါ့။

"ရပြီ ... သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက တက်ကြွရွှင်မြူးစွာဖြင့်ပြောကာ -သူမကို ရှေ့မှသွားစေပြီးမှ မှာစရာရှိတာမှာဖို့ သူ့မန်နေဂျာကို လှမ်းခေါ်ကာ ...

"နေမျိုး ... ငါ အပြင်ခဏသွားလိုက်ဦးမယ်။ ရော့ ... ဒီမှာ ကားသော့။ ငါ့ကားကို မောင်လင်းနဲ့ အိမ်ကိုပြန်ပို့ခိုင်းလိုက်။ ဆိုင်မှာ စိတ်ချမယ်နော်။ အေး ... ပြီးတော့ (......)Mall က ဆိုင်ကိုလည်း ဖုန်းဆက်မေးပြီး ဘာလိုလဲ ဖြည့်ပေး၊ ဟုတ်ပြီနော်"

"စိတ်ချပါ အာစရိရယ်။ ဒါတွေက ကျွန်တော်လုပ်နေကြပါ။ အဟဲ ... ဟဲ၊ ဒါထက် အာစီ အစ်မက အမိုက်စားနော်။ အာစီနဲ့ ရှေ့သွားနောက်လိုက် အရမ်းညီတယ်"

မိုးညသည် အဲဒီဝေဖန်မှုအတွက် အပြုံးတစ်ချပြုံးကာ နေမျိုးရဲ့ပခုံးကို တစ်ချက် နှစ်ချက် ပုတ်၍ ...

"ဟုတ်ပါပြီ ... အဲဒါဆို ငါလစ်ပြီ၊ စိတ်ချမယ်နော်"

"Yes ... Sir "

သူဟာ ဆိုင်ထဲကနေ သူမနှင့် မတိမ်းမယိမ်း ယှဉ်တွဲလျှောက်လာရသည့် ဖီလင်ကို သဘောကျသွားမိသည်။ အင်း ...





ဒီလောက်ဆို မဆိုးပါဘူး။ စစ်ဆင်ရေးအတွက် သွင်းထားရမည့် စိတ်တစ်ခုဟာ ဒီလောက်ထိ mood ဝင်နေတယ်ဆိုရင် သူဟာ အောင်မြင်မှုနယ်နိမိတ်ပေါ် ခြေတစ်ဖက် စရောက်နေပြီ ဖြစ်ပါသည်။

♥ ✧ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) မွေစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ကိုမိုးညှ၊ ကျွန်မကားကို servicing ဝင်ချင်တယ်။ အဲဒီတော့ ရေဆေးဆီထိုး အရင်သွားပြီးမှ ကန်ပေါင် ဆက်သွားမယ်လေ"

သူမက အဲဒီလိုပြောလျှင် သူဟာ ကားရေဆေးတာ ထိုင်စောင့်ရင်း ကုန်ဆုံးသွားမည့်အချိန်တွေကို နှမြောတာရယ်၊ ပြီးတော့ Servicing ဆို ဒိုင်းခနဲ သူ့မျက်လုံးထဲ ပြေးမြင်သွားတာက ကန်ပေါင်နှင့် မျက်နှာချင်းဆိုင်က Young Auto ဆိုတဲ့ဆိုင်ကို ဖြစ်သည်။ Servicing ဝင်တိုင်း သူက Young Auto ကိုပဲ သွားနေကြမို့ အဲဒီကချာတိတ်တွေနှင့်တောင် ရင်းနှီးနေတာမို့ ကားထားခဲ့ပြီး သူတို့က ကန်ပေါင်ကို လမ်းလျှောက်သွားရင် ... ဟား ... အမိုက်စားပဲ။ သူဟာ သူ့အတွေးတွေကို စကားလုံးအဖြစ် ပုံသဏ္ဌာန်ပြောင်းလိုက်ကာ သူမကို လှမ်းပြောလိုက်သည်။





"ဟို ... အဲဒါဆို ကန်ပေါင်နဲ့ မျက်နှာချင်းဆိုင်မှာ Servicing တစ်ခု ရှိတယ်လေ။ အဲဒီက အရမ်းကောင်းတာ။ အဲဒီမှာ ကားအပ်ထားခဲ့ပြီး လိုတာလုပ်ခိုင်းထားလိုက်မယ်လေ။ ကိုယ်တို့က ကန်ပေါင်ကို လမ်းလျှောက်သွားလိုက်မယ်။ ဘယ်လိုလဲ ... မကောင်းဘူးလား"

"အင်း ... အဆင်ပြေသားပဲ။ အဲဒါဆိုလည်း သွားလေ"

မိုးညှသည် သူမဆီက ပါမစ်ရသွားတာနှင့် ကားကို Young Auto ဆီသို့ မောင်းချလာခဲ့သည်။ ကားကို Servicing အပ်ပြီးနောက်မှာတော့ သူနှင့် ရွှေရေးခြယ်ဟာ ခြံဝင်းထဲကနေ ခပ်မှန်မှန် ခြေလှမ်းများဖြင့် ကန်ပေါင်ဆီသို့ ထွက်လာခဲ့တော့သည်။ ဟိုဘက်ကားလမ်း၊ ဒီဘက်ကားလမ်း ခြားနေကာ ညနေပိုင်းဆိုတော့ ကားက ပိုများတာကြောင့် သူတို့ဟာ လမ်းကူးဖို့ကို တော်တော်ကို စောင့်နေရတာဖြစ်သည်။ ဒီလို လမ်းမကျယ်ကြီးမှာ ကားရှင်းအောင် မနည်းစောင့်ပြီး နည်းနည်းကျဲပြီဆိုတာနှင့် သူဟာ တစ်ဖက်ကားလမ်းကို ကူးတော့သည်။

အဲဒီမှာ သူဟာ လုံးဝကို သတိမထားမိပါ။ ဘာကို သတိမထားမိတာလဲဆိုရင်တော့ သူလမ်းဖြတ်ကူးတော့မယ့်ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းအပြင်မှာ သူ့ရဲ့လက်တစ်ဖက်ကလည်း သူတောင်မသိလိုက်ဘဲ ရွှေရေးခြယ်ရဲ့လက်ဖဝါးထဲသို့ ရောက်သွားတော့သည်။ သူမရဲ့လက်တွေကို ခပ်တင်းတင်းဆုပ်ကိုင်ကာ သူလမ်းဖြတ်ကူးလာခဲ့ပါသည်။ ကားတွေကြားထဲကနေ ကန်ပေါင်ရှိရာသို့ သူမလက်ကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ထားပြီး လမ်းကူးလာခဲ့တာကို သူက အမှုမဲ့အမှတ်မဲ့ပင်။

ဘုရားစူးရပါစေရဲ့ဗျာ။ သူ ရွှေရေးခြယ်ကို လက်ပြန်လွှတ်ပေးခဲ့ဖို့တောင် သတိမရခဲ့ပါဘူး။ သူက သတိမထားမိဘဲ သူမရဲ့လက်ဖဝါးတစ်ဖက်ကို တင်းနေအောင် ဆုပ်ကိုင်ထားပြီး ကန်ပေါင်ရဲ့လှေကားထစ်တွေကို တက်ပြီးလို့ နောက်ဆုံးလှေကားထစ်အရောက်မှာ သူမဆီက စကားသံတစ်ခု ထွက်လာခဲ့လေသည်။

"ကိုမိုးည ... ဒီနေ့အဖို့ ကျွန်မလက်ကို လွှတ်ပေးမှာပါနော်"

မိုးညသည် အဲဒီအပြောကြောင့် ရုတ်တရက် နားမလည်စွာ သူမကိုပြူးကြည့်လိုက်လျှင် သူမက သူ့ကို မျက်လုံးလှန်ကြည့်ကာ ချက်ချင်းပင် သူဆုပ်ကိုင်ထားတဲ့ သူမရဲ့လက်ရှိ





ရာကို မျက်စအသာပစ်ပြ၍ သူက ကြည့်လိုက်လျှင် သူဟာ သူဆုပ်ကိုင်ထားတဲ့ လက်တစ်ဖက်အတွက် အရမ်းအံ့ဩသွားမိသည်။ ပြီးတော့ ဆတ်ခနဲ လွှတ်ပေးလိုက်ကာ ရှက်ရွံ့ရွံ့မျက်နှာဖြင့် တောင်းပန်ရလေတော့သည်။

"ဆော ... ဆောရီးနော်"

သူ့တောင်းပန်မှုကို ရွှေရေးခြယ်က ခေါင်းတစ်ချက်သာ ညိတ်ပြပြီး ရှေ့ကနေ ကော့ကော့, ကော့ကော့နှင့် လက်ပိုက်ပြီး ထွက်သွားလေတော့သည်။ ဟိုက် ... သေဖို့ပဲ ကောင်းတော့တယ် မိုးညကင်းရေ။

သူဟာ အဲဒီတော့ ရှက်ရှက်နှင့်ပဲ သူမဆီသို့ အမီပြေးလိုက်သွားကာ ဟဲခနဲ အသာရယ်ပြ၍ အဖြေတောင်းဖို့ စရတော့သည်။

"ရွှေရေးခြယ် ... ကိုယ့်ကို အဖြေမပေးသေးဘူးလား"

သူ့ရဲ့အဲဒီစကားကြောင့် သူမက ဖျတ်ခနဲ ငြိမ်သွားပြီး သူ့ကို တစ်ချက်ငဲ့ကြည့်သည်။ ပြီးလျှင်တော့ ကန်ပေါင်ရဲ့ ရှားရှားပါးပါး လွတ်နေသော ခုံတန်းလျားတစ်ခုဆီသို့သွားကာ ဝင်ထိုင်လိုက်ရင်းက သူမဟာ ကန်ရေပြင်ကို သွားငေးနေပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဲဒီတော့လည်း သူက သူမဘေးထိုင်ရုံကအပ ဘာလုပ်ရမှာတုံး။ ရွှေရေးခြယ်ရဲ့အချစ်ကိုရမှ သူ လက်စားချေနိုင်ပြီဖြစ်တာမို့ သူမရဲ့အဖြေစကားဟာ အရမ်းတောင့်တနေရသော စကားမျိုးပဲဖြစ်ပါသည်။

"ရှင် ... ရှင့်နှလုံးသားကို သေချာကော ဘာသာပြန်ကြည့်ပြီးသွားပြီလား ကိုမိုးည ...

ကျွန်မကို ချစ်တယ်ဆိုတာ တကယ်ကော သေချာရဲ့လား"

သူမအမေးဟာ သူ့အတွက်တော့ ရင်ထိတ်စေသည့် ရှော့ခ်လ် question မျိုးပဲ ဖြစ်ပါသည်။ ဒါပေမဲ့ မိုးညသည် လွယ်လင့်တကူပင် ပြန်လည်ဖြေပေးနိုင်ခဲ့ပါသည်။

"အချစ်ဆိုတာ ထူးဆန်းတယ်။ တစ်ခါတလေ ကိုယ်မုန်းတယ်လို့ ထင်ရပေမယ့် မမုန်းခင်ကတည်းက စွဲလမ်းပြီးချစ်နေတာကို မသိခဲ့တဲ့ အဖြစ်မျိုးတွေ ရှိပါတယ်။ ကိုယ်တွေ့ပေါ့ ...

အဲဒီအတွက် မင်းကို ချစ်သလားဆိုတာ နစ်ခါပြန်မေးစရာမလိုတဲ့ မေးခွန်းပါ"





ဟား ဟ ... တော်လ်ကီတွေကတော့ ရေသောက်ပြီးပြောရသလိုပဲ ရှောခနဲ ရှောခနဲနှင့် သေစေနိုင်တဲ့ အလုံးကြီးတွေချည်းပဲ။ မင်းနဲ့ကိုယ် ဒီနေ့ ချစ်သူဖြစ်ကို ဖြစ်ရလိမ့်မယ် ရွှေရေးခြယ်။

"အဲဒါဆို ရှင် ကျွန်မကို မုန်းခဲ့ဖူးတယ်ပေါ့"

"ဆိုပါတော့ ... မုန်းတယ်တော့ မဟုတ်ဘူးပေါ့။ အမ်း ... ဘယ်လိုပြောမလဲ။ နည်းနည်းမျက်စိထဲ cross ပေါ့လေ"

"ဩော် ... ဩော်"

"ကဲပါ ... အဲဒါတွေက ထားပါတော့။ အဓိက,က အခုချစ်နေဖို့ပဲလေ။ ရွှေရေးခြယ် ... ကိုယ် မင်းကို ချစ်တယ်"

မိုးညသည် အဲဒီစကားကို mood သွင်း၍ သူမမျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်တာဖြစ်သည်။ အဲဒီအချိန်မှာ သူမဆီက ဖုန်းလာတာကြောင့် သူတို့စကားစဏပြတ်သွားပြီး သူမက သူမရဲ့ဆလင်းဘက်အိတ်ထဲကဖုန်းကို အပြင်ထုတ်၍ ဖုန်းပြောလိုက်သည်။

"ဟယ်လို ... ဩော် ... မနှင်း ပြော"

"........."



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... စိတ်ချပါ။ ရွှေရေး အဆင်ပြေအောင် လုပ်ပေးပါ့မယ်"

"........."

"ဟုတ်ကဲ့ ... အဲဒါဆို မနက် ရုံးခန်းကိုပဲ လာခဲ့လေ။ ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... အဲဒါဆို ဒါပဲနော်။ bye"

သူမရဲ့အလုပ်ကိစ္စ ဖုန်းပြောပြီးသည့်နောက်တွင်တော့ သူမက ဖုန်းကိုအိတ်ထဲပြန်ထည့်စဉ်မှာ အိတ်ထဲက ကြည့်မှန်လေးက လျှောခနဲ ထွက်ကျကာ မြေပြင်ပေါ်သို့ ဘုတ်ခနဲပြုတ်ကျ၏။ သူက ဆတ်ခနဲ မှန်လေးကို ထိုင်ရက်အနေအထားဖြင့်ကုန်းအကောက်မှာ သူမကလည်း မှန်ကိုအကောက် သွားဆုံနေသဖြင့် နဖူးချင်း ဒိန်းခနဲ မိတ်ဆက်သွားမိကြချေသည်။

ရွှေရေးခြယ်နှင့် မတော်တဆ နဖူးချင်းတိုက်မိသွားတဲ့ အခိုက်အတန့်မှာ သူဟာ ဘယ်လိုဖြစ်သွားမှန်း မသိပါ။ နက်နက်ရှိုင်းရှိုင်း ခံစားမှုတစ်ခုက ဒိုင်းခနဲ ရင်ထဲဝင်လာသလိုမျိုးကြီးနှင့် အီလည်လည်ကြီး ဖြစ်သွားသည်။ အဲဒီ feel မျိုး သူမကော ဖြစ်သလားတော့ မပြောတတ်ပါ။ သူဟာ နဖူးချင်းတိုက်မိသွား၍ ဘာမှမပြောဖြစ်သေးဘဲ ဒီတိုင်းထိုင်နေချိန်မှာ သူမက





သူမရဲ့မှန်လေးကိုကောက်ကာ အိတ်ထဲပြန်ထည့်လိုက်ပြီးနောက်မတ်တတ်ထဖို့ ဟန်ပြင်လိုက်ကာ သူ့ဘက်သို့ မျက်နှာလှည့်၍...

"ဗိုက်ဆာတယ်၊ အကြော်သွားစားကြရအောင်လေ ... ထ"

သူမက ပြောလည်းပြော ထလည်းထချိန်မှာ သူက ထိုင်ရာမှမထသေးဘဲ အဖြေတောင်းလိုက်သည်။

"ဟော့ ... မင်း ကိုယ့်ကို အဖြေမပေးသေးဘူးလား။ ကိုယ့်နဖူးတွေ ယားနေတယ်၊ ကိုယ် ရည်းစားရတော့မယ်ဟုတ်လား"

မိုးညက နောက်ရွှတ်ရွှတ်လေး ပြောလိုက်လျှင် သူမကလည်း ခေသူ မဟုတ်ဘဲ သူ့ကို ပြန်လည်ချေပလေ၏။

"ဟုတ်လား ... နဖူးတော့ မကွဲစေနဲ့နော်၊ နဖူးစာလွဲသွားမှာစိုးလို့။ အင်း ... ဒါ့ထက် ရှင်က ရည်းစားရတော့မယ်လို့ အပိုင်ပြောနေပြီးမှ တကယ်ဖြစ်မလာရင် ရှက်စရာကြီးနော်"

"အဲဒါကတော့ မင်းအပေါ်ပဲ မူတည်တယ်လေ"

သူ့စကားအဆုံးမှာ သူမက ပြုံးစိစိမျက်နှာထားဖြင့် ပေါ့ပေါ့ပါးပါး ပြန်လည်ဖြေသွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ ... အဲဒီတော့ ရှင့်ရဲ့အရက်သိက္ခာအတွက် ကျွန်မပဲ တာဝန်ယူလိုက်ပါ့မယ်"

အစက အဖြေပေးတယ်ဆိုတာ သူ သဘောမပေါက်ချေ။ သူကြားခဲ့ဖူးသမျှ အဖြေစကားများထဲတွင် ဒီတစ်ခါကတော့ အထူးဆန်းဆုံးပဲဖြစ်သည်။ ရွှေရေးခြယ် စာတတ်တယ်ဆိုတာ သူ တော်တော်ပေါက်လာပြီဖြစ်သည်။ ကဲပါ ... ဒါတွေထားပါတော့။ အခုလက်ရှိ သူမက သူ့ရဲ့ချစ်သူ ဖြစ်သွားပြီဆိုတော့ သူဟာ ရင်ဘတ်ထဲကနေ အလိပ်လိုက် တက်လာသည့် လှိုက်ခနဲ ပျော်ရွှင်မှုနှင့်အတူ မတ်တတ်ထရပ်လိုက်ကာ သူမကို လက်တစ်ဖက်ကမ်းလိုက်လျှင် သူမက ဘာလဲဆိုသော သဘောဖြင့် မေးဆတ်ပြသည်။

"ချစ်သူတွေဆိုတာ ဒီလိုနေရာမှာ လက်တွဲပြီး လမ်းလျှောက်မှ ချစ်သူပီသတာ။ အင်းလျားရဲ့ love story တွေထဲက ကိုယ်တို့ကလည်း အင်းလျားရဲ့စည်းကမ်းချက်ကို လိုက်နာလိုက်ကြစို့"

သူမက နှာခေါင်းမှလေထွက်ရုံ ဟက်ခနဲ တစ်ချက်ရယ်ကာ သူ့ရဲ့လက်ထဲသို့ သူမ လက်ဖဝါးတစ်ဖက် ထည့်ပေးလိုက်သည်။ မိုးညသည် နူးညံ့နေတဲ့ တိမ်ထုတစ်ခုကို လက်ထဲမှာ ကျစ်နေအောင် ဆုပ်ကိုင်ထားရင်း အကြော်ဆိုင်ဘက်ကို ယှဉ်တွဲလျှောက်လာခဲ့သည်။

"ရေး ... အခုကစပြီး မင်းကို ရေးလို့ပဲ ခေါ်တော့မယ်နော်"

ခေါင်းတစ်ချက် ညိတ်အပြမှာပဲ တိုက်ဆိုင်စွာ ကောင်းကင်ကြီးမှာလည်း ခုနစ်စဉ်သော သက်တံ့တို့က ခေါင်းပြူထွက်လာခဲ့သည်။ သက်တံရောင်ဖြာနေသော နေရီရီညနေခင်းသည် သူမရဲ့လက်ကို ဆုပ်ကိုင်ထားသည့်အတွက် နေ့တာရှည်မှုကို လက်ဆောင်ပေးလေသည်။

♥ ◇ ♥







www.burmeseclassic.com

www.burmeseclassic.com



## ၁၈

သူနှင့်ရေး ချစ်သူဖြစ်သွားသောအခါ သူ့ဆီကို ချဲလင်းလာခေါ်သွားသူကတော့ နှစ်ယောက်တောင် ဖြစ်လေသည်။ သူတို့တွေက အခြားတော့မဟုတ်။ အနမ်းနှင့် ရွှေမှုန်ပဲ ဖြစ်သည်။ သူ့ရဲ့တူတော်မောင် မောင်နေနမ်းဟာ ရှုံ့မဲ့မဲ့မျက်နှာဖြင့် အိမ်ပြန်လာတာကို သူက ရိပ်မိ၍ တီးခေါက်ကြည့်လျှင် အနမ်းဟာ ရွှေရေးခြယ်ကို propose သွားလုပ်တော့ ဟိုက "သူ့မှာချစ်သူရှိတယ် ကိုမိုးည"ပဲဆိုတဲ့ အဖြေအတွက် အနမ်းက ရင်ခံစွာဖြင့် သူ့ကိုဖုနေတာဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ဒီတစ်ခါတော့ ကင်းကို ကျွန်တော် တင်းတယ်။ အစကတော့ မမက ဘာဖြစ်တယ် ညာဖြစ်





တယ်နဲ့ ကျွန်တော် မမကို ကြိုက်နေတာသိရက်နဲ့ဗျာ။ ကင်း ကြိုက်တယ်ဆိုရင်လည်း ကျွန်တော့်ကိုပြောပေါ့။ အခုတော့ ကျွန်တော်က မမကို သွား propose လုပ်မိသွားပြီ၊ ရှက်စရာကြီးဗျာ။ ကင်း လုံးဝမမိုက်ဘူး"

"အေးပါ အနမ်းရာ။ စိတ်မဆိုးပါနဲ့။ ငါတောင်းပန်တယ်။ တကယ်တော့ လူဆိုတာ သူ့အိုးနဲ့ သူ့ဆန် တန်ရုံပဲကောင်းတယ်။ မင်းလည်း မမကိုမေ့ပြီး လန်းလန်းလေးတွေနဲ့ ဖလန်းဖလန်း ထလိုက်စမ်းပါကွာ"

သူက ပြေရာပြေကြောင်းပြောပြီး အနမ်းကို နားလည်အောင် ရှင်းပြလိုက်လျှင် အိုခေသွားတော့သည်။ ဒါတောင် ကိုယ်တော်က သူ့ကို နှာကစ်ကစ်နှင့် ကျိန်းသွားသေးသည်။

"ဟင်း ... ထားပါတော့။ ဒါပေမဲ့နော် ... ပြောထားမယ်။ ဘဲကြီး မမကို အပျော်တွဲတာဆိုရင်တော့ ဘဲကြီးကို လုံးဝခွင့်မလွှတ်ဘူးနော်။ မမကြည့်ရတာ ဘဲကြီးကို သစ္စာရှိရှိနဲ့ ချစ်နေတဲ့ပုံပဲ။ မျက်လုံးတွေကနေတောင် စာလုံးဖတ်လို့ရတယ်။ မမရဲ့အချစ်တွေကို ကင်း တန်ဖိုးထားပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ ... ငါကလည်း သူ့ကိုချစ်ပါတယ်"

ဟူသော စကားဖြင့် အတိုဖြတ်လိုက်လျှင် အေးချမ်းသွားချိန်မှာတော့ နောက်တစ်ကွိုင်က သူ့တစ်ချိန်က ချိန် square လုပ်ထားဖူးသော ရွှေမှုန်က လာသောင်းကျန်းတော့တာပဲဖြစ်သည်။ သူ့အကြံအစည်ကို အတပ်သိစွာ ခန့်မှန်းနိုင်ကာ သူ့ကိုလာကောနေတာဖြစ်၍ သူတောင် နည်းနည်းဖျားသွားရသည်။ အဲဒီနေ့က ဆို ရုပ်တည်နှင့် မုန့်တီလာစားပြီးမှ သူ့ကို စူပုပ်ပုပ် ဘောဘီမိုင်လိုဒီဇိုင်းဖြင့် ဖွဲတော့တာဖြစ်သည်။

"ရှင် ရေးကို တကယ်ချစ်တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဘာလဲ ... ကိုမိုးညို။ ရှင်က ရှင့်ရဲ့ချစ်မြတ်နိုးက ရှင့်ကို ခေါက်သွားတာဟာ ရေးကြောင့်ဆိုပြီး ရေးကို ပြန်ချိုးမလို့မှလား"

အားလားလား ... မှန်လိုက်တာမှ ဒက်ထိ။ ဒါပေမဲ့ သူက မျက်နှာငယ်လေးဖြင့် ဖိန့်ဖိန့်တွေကို ယုံအောင်ပုံပြောရတော့သည်။

"မဟုတ်ရပါဘူး ရွှေမှုန်ရယ်။ ညီမလေး အစ်မကို ကိုကြီးက တကယ်ချစ်တာပါ။ မြတ်နိုးနဲ့ ပြတ်တာက ရေးကြောင့်





လို့ ကိုကြီး တစ်ခါမှမတွေးဖူးပါဘူးကွာ။ ကိုကြီးက ရေးကိုချစ်နေတာ ကြာပါပြီ။ ဒါပေမဲ့ အဲဒီတုန်းက ကိုကြီးမှာမြတ်နိုးနဲ့တွဲနေတာဆိုတာ ကိုယ့်အချစ်ကို ကျိတ်ပြီးမျိုသိပ်ခဲ့ရတာပါ။ ယုံပါ ... ရွှေမှုန်းရယ်။ ကိုယ် မင်းအစ်မကို တကယ် ရိုးရိုးသားသား နှလုံးသားနဲ့ကို ချစ်တာပါ"

ဒါတောင် သူမက သိပ်ယုံကြည်ဟန်မပြဘဲ သံသယမျက်လုံးတွေကို မျက်ကပ်မှန် တပ်ကြည့်ကာ ...

"ရှင် ဘယ်လိုပဲပြောပြော ကျွန်မကတော့ မယုံဘူး။ အေး ... အခု ရေးနဲ့ရှင် ကြိုက်နေကြပြီဆိုတော့ ကျွန်မ ဘာမှမတတ်နိုင်တော့ဘူး။ စောင့်ကြည့်ရုံပဲရှိတယ်။ ရေးကို ခံစားရအောင် ရှင်လုပ်လို့ကတော့ ရွှေမှုန်ဖျန်းအကြောင်း သိစေရမယ် ...

ရှင့်အချစ်ကို လုံးဝမယုံဘူး။ ကျွန်မ စောင့်ကြည့်နေမယ်"

အဲဒီလိုနှင့် သူဟာ ဘေးကအဖွယ်အပွားလေးတွေကို ယုံကြည်အောင် ဖိန့်ရ၍ အခြေအနေတွေ အေးနေချိန်မှာ ရွှေရေးခြယ်နှင့် တွေ့ဖြစ်ပါသည်။ အဲဒီနေ့က သူနှင့်ရေးဟာ WASABI



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆူရှိဝင်စားရင်း ဘာညာသာရကာ နေကြာကွာစေ့ ပြောနေရင်း ကမှ သူမက သူ့ကို တစ်ချက်စိုက်ကြည့်ကာ ...

"ကို ... အလုပ်နဲ့ ပတ်သက်ပြီး စိတ်အနှောင့်အယှက် တစ်ခု ပေါ်လိမ့်မယ်နော်"

ရေးက မဆီမဆိုင် သူ့ကို အဲလိုပြောလေလျှင် သူဟာ ရေး အကြားအမြင်ပညာက အသက်ဝင်လာပြီဆိုတာ သဘောပေါက်ရသည်။ သူဆိုသည့်ကောင်ကလည်း အဲဒီအကြားအမြင်တို့၊ ဗေဒင်တို့ဆို လုံးဝအယုံကြည်ရှိတာ မဟုတ်။ ဒါပေမဲ့ သူ့ရဲ့လက်ရှိဆော်ဟာ Supernatural power လို စိတ်စွမ်းအားကို ပိုင်ဆိုင်ထားသူ ဖြစ်ပေသည်။ သူဟာ ဘာကိုမှ အယုံအကြည်မရှိသည့်အတွက် ရေးရဲ့အဲဒီစကားကို ဘာမှမဆက်ဘဲ ဖြတ်ချလိုက်တော့သည်။

"ဟုတ်လား ... ဩော် ရေးကို ပြောဖို့မေ့နေလို့၊ ကိုယ်ဆိုင်တစ်ဆိုင် တွေ့ထားတယ် သိလား။ ရန်ကင်း ရွှေအုန်းပင်အိမ်ရာမှာလေ Cafe Saarbruken ဆိုတဲ့ ဆိုင်လေး။ အရမ်းမိုက်တယ်၊ အစားအသောက်လည်း ကောင်းတယ်။ နောက်ရက် သွားမယ်လေ။ ပြီးတော့ ကိုယ် ရေးကြိုက်တဲ့





Sphaghetti (စပါကက်တီ)ကို ကိုယ်ကိုယ်တိုင် ချက်တတ်အောင် အခု စသင်နေတယ် သိလား"

သူက တမင်တကာကြီး စကားလွှဲလိုက်လျှင် ရေးကလည်း သဘောပေါက်စွာဖြင့် သူ့ကို စကားအလွှဲမခံဘဲ ပြန်ဆက်၏။

"ကို ... ကျွန်မ တကယ်ပြောနေတာ။ အလုပ်ကိစ္စနဲ့ပတ်သက်ပြီးတော့ အနှောင့်အယှက်တစ်ခု ပေါ်လာလိမ့်မယ်။ အဲဒီအနှောင့်က အစပိုင်းတော့ သေးပေမယ့် နောက်ပိုင်းမှာ ပြဿနာအကြီးကြီး ဖြစ်သွားတဲ့အထိ ရှုပ်လာနိုင်တယ်။ ဒါကြောင့် ဒီရက်ပိုင်းမှာ ကို အလုပ်ကိစ္စဖြေရှင်းရင် ခေါင်းအေးအေးထားပါ"

"အေးပါ ... ရေးရာ။ ဘာမှမစိုးရိမ်နဲ့၊ ဘာပြဿနာမှမရှိဘူး။ ကိုယ့်အလုပ်က Beauty Saloon ဖွင့်ထားတာ။ ဘာမှ ကြီးကြီးမားမား ပြဿနာဆိုတာ မရှိခဲ့ဖူးဘူး။ ကိုယ်တို့ဆိုင်က Designer တွေဆို နိုင်ငံခြားက hair နဲ့ ပတ်သက်ပြီး Diploma ရထားတဲ့သူတွေချည်းပဲ။ ဘာမှ မစိုးရိမ်နဲ့။ ကိုယ့်အလုပ်က အားလုံး အိုခေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက စကားစဖြတ်ကာ coke တစ်ငုံမော့လိုက်စဉ်မှာ ရေးကတော့ အလိုမကျစွာ စိုးရိမ်ပူပန်နေတဲ့ မျက်ဝန်းတွေဖြင့် သူ့ကိုကြည့်ကာ ...

"မဟုတ်သေးဘူး ကို၊ ရေး သိနေတယ်။ ဒီရက်တွေထဲမှာ အလုပ်နဲ့ပတ်သက်ပြီး ပြဿနာတက်ကိုတက်မှာ။ ကို့အတွက် ထိခိုက်စရာတွေ ရှိနိုင်လို့။ ရေးပြောတာ မယုံဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ ရေးက ဟောချက်ချတယ်လို့ စိတ်ထဲမှာ မတွေးဘဲနဲ့ ချစ်သူက စိုးရိမ်လို့ သတိပေးတယ်လို့ မြင်ပေးပါ ကိုရယ် ...

ကျွန်မ တောင်းပန်ပါတယ်။ ကို့ကို ဘာတစ်ခုမှ အထိခိုက်မခံချင်လို့ပါ"

သူမက ပြောလို့မရတဲ့အဆုံး သူ့ကို တစ်မျိုးပြောင်းသုံး၍ ပြောလေလျှင် သူဟာ ရေးပြောတာတွေကို မယုံကြည်ပေမယ့် သူမ မျက်ဝန်းထဲက သူ့အတွက် စိုးရိမ်ပူပန်စိတ်တွေကို မြင်နေရပါသည်။ သူကတော့ ဘာမှ feel သိပ်မထားပေမယ့် ရေးဟာ သူ့ကိုဆို တော်တော်လေး ချစ်တယ်ဆိုတာကိုတော့ သူဟာ တွဲလာတဲ့အချိန်ကာလ နည်းနည်းကြာတော့ သိလာရပြီဖြစ်





သည်။ အဲဒါကြောင့်မို့လည်း သူဟာ မြတ်နိုးနဲ့ဆုံမယ့်ကိစ္စကို နည်းနည်းနောက်ရွှေ့ထားတာဖြစ်သည်။

"ရေး ... မင်း ဘာလို့ ကို့ကို စိုးရိမ်နေရတာလဲ"

သူက ဒီလိုပဲ ဘာရယ်မဟုတ် မေးလိုက်လို့ရှိလျှင် ရေးရဲ့အဖြေစကားက သူ့ကို နည်းနည်းတော့ အဖျားခတ်သွားစေပါသည်။

"ဘယ်မိန်းကလေးပဲဖြစ်ဖြစ် သူ့ချစ်သူအပေါ် ကောင်းစေချင်တဲ့ဆန္ဒရှိကြတာပဲလေ။ ရေးကလည်း ကို့ကို အရာခပ်သိမ်း အဆင်ပြေနေတာပဲ မြင်ချင်တယ်။ အဲဒါကြောင့် အရာရာတိုင်းကို ရေး တတ်နိုင်သလောက် ဖြည့်ဆည်းပေးချင်တာပါ။ အဲဒီဆန္ဒလေးကြောင့် ကို့ကို အဆင်မပြေဖြစ်မှာ စိုးရိမ်တာပါ"

ဟူး ... အဲဒီလို ချစ်တတ်တဲ့ မိန်းကလေးမျိုးဖြစ်သည်။ အဲ ... တစ်ဆက်တည်းနဲ့ ရေးဟာ သူ့ကို ဘယ်လိုအချစ်မျိုးနဲ့ ချစ်တာလဲဆိုတာ သူ ပြောပြရဦးမည်။ တစ်ရက်တုန်းက သူက ရေးနှင့်အပြင်အတူသွားရင်း လမ်းမှာ သူနှင့်အရင်တုန်းက အိစီကလီမဒီလေးတစ်ယောက်နှင့် သွားဆုံသည်။ အဲဒီ မဒီကို



www.burmeseclassic.com

www.burmeseclassic.com



မြင်သောအခါ မိုးညသည် ရွှေရေးခြယ်ရဲ့စိတ်ကို စမ်းကြည့်ချင်တာနှင့် ထိုမဒီလေးကို လှမ်းခေါ်ကာ သူမရှေ့မှာပဲ "come on baby"တွေ ဘာတွေ လုပ်ပြပြီး စကားတွေမပြီးနိုင် မစီးနိုင်အောင် ဖောင်ဖွဲ့၍ပြောကာ တမင်တကာကို သူမ ဒေါသတွေထွက်လာအောင် ကလိပေးသော်လည်း သူမက ဘာမှမဖြစ်ဘဲ သူ့ကိုတောင် ကောင်မလေးက ချောတယ်နော် ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုပြီး ချီးမွမ်းခန်း ဖွင့်နေလျှင် သူက မနေနိုင်တော့ဘဲ ပေါ်တင်ပင် မေးလိုက်ရတော့သည်။

"ရေး ... မင်း သဝန်မတိုဘူးလား။ သူက ကိုယ့်အရင် ရည်းစားနော်။ သူနဲ့ကိုယ်က သိပ်ချစ်ခဲ့ကြတာ။ အခုပြန်တွေ့တော့ သံယောဇဉ်မပြတ်ဘူးဆိုတာ မင်း မြင်တယ်နော်။ အဲဒါ ဘာလို့ သံသယမဝင်တာလဲ"

သူ့အမေးကို ရေးက တကယ်မှ တကယ့်ကို ပညာရှိဆန်တဲ့ အပြုံးပါးပါးတစ်ခုကိုပြုံး၍ သူ့လက်တစ်ဖက်ကို ဆွဲယူ၍ ခပ်ဖွဖွကိုင်ထားလိုက်ပြီးမှ ...

"သုတေသီတွေက ပြောတယ် ကိုရဲ့။ မိမိရဲ့ချစ်သူကို သံသယရှိနေခြင်းဟာ နှလုံးရောဂါဖြစ်ပွားမယ့် ဘေးဥပါဒ်





ကို နှစ်ဆတိုးစေပါတယ်တဲ့။ အဲဒီတော့ ကို့ကို သဝန်တွေ တိုရင် ကျွန်မပဲ နှလုံးရောဂါဖြစ်ပြီး ကိုနဲ့မြန်မြန်ခွဲသွားရမှာပေါ့ ...

ကိုက ရည်းစားများတယ်ဆိုတာ နဂိုတည်းက သိထားပြီးသားပဲဟာကို။ ရေး ကို့လက်ကို ဆုပ်ကိုင်ထားခွင့်ရတယ် ဆိုကတည်းက အခုချိန်မှာ ရေးက ကို့ရဲ့တရားဝင်ချစ်သူပဲ။ အဲဒီစိတ်နဲ့တင် ကျေနပ်လို့ရသွားပါပြီ ကိုရယ်။ ရေးက လောဘမကြီးတတ်ပါဘူး"

အဲဒီစကားကြောင့် သူဟာ ဘာပြောရမှန်းတောင် မသိတော့ချေ။ လူက သူမရဲ့ချစ်ခြင်းတရားတွေထဲမှာ စုန်းစုန်းမြုပ်ကာ သူ့ကိုယ်သူတောင် သူဟာ ရေးကို ချဉ်းကပ်ခဲ့တာဟာ ဘာကြောင့်ဆိုတာ မေ့မေ့သွားသလို ရှိလာသည်။ အား ... ဘယ်လိုနည်းနဲ့မှ ရွှေရေးခြယ်ကို သူ ချစ်ဖို့ရာ မဖြစ်နိုင်ပါ။

သူ့ခေါင်းထဲမှာ အမြဲရိုက်ထည့်ထားရမှာက ရေးကို ချစ်တာ သူ့မာနကို တစစီရိုက်ချိုးပစ်ဖို့ဆိုတာပဲ ဖြစ်သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မိုးညသည် ကိုယ့်ရှေ့မှာထိုင်နေသော လူနှစ်ယောက်ကိုကြည့်ကာ တော်တော်ကို စိတ်ညစ်နေမိသည်။ ရေးပြောတဲ့အလုပ်ကိစ္စအတွက် အနှောင့်အယှက်ဆိုတာ ဒါပဲဖြစ်မည်။ ဒီအလုပ်ဟာ ပြောရရင် သူ့ရဲ့အစီကစီးပွားရေးလည်း မဟုတ်ပေ။ သူ့ဘော်ဒါတစ်ယောက်က ချိတ်ပေးတာကြောင့် သူဟာ ဒီအလုပ်ကိုလုပ်ဖြစ်သွားတာဖြစ်သည်။ အခု သူ့ရှေ့မှာထိုင်နေသည့် နှစ်ယောက်ဟာ သူတို့အိမ်ကို သူ့ဆီမှာ အပေါင်ထားပြီး ပိုက်ဆံချေးထားသူတွေပဲဖြစ်သည်။

သူတို့ဆီက အတိုးလည်းမလာ၊ အရင်းလည်းမလာဖြင့် လတွေက သည်းခံခဲ့တာထက် တော်တော်မှ တော်တော့်ကို ကျော်လွန်သွားတာကြောင့် ကိစ္စလာဖြတ်ပေးရတာဖြစ်သည်။





"ကဲ … ဘယ်လိုလဲ ကိုထိုက်၊ ခင်ဗျား ဘယ်လိုလုပ်ပေးမှာလဲ။ အတိုးတွေကလည်း အတိုးပေါ် အတိုးဆင့်နဲ့ အရင်းထက်တောင် ကျော်တော့မယ်။ ခင်ဗျားတို့ သိပ်လွန်တယ်ဗျာ။ အရင်းမဆပ်နိုင်သေးလည်း အတိုးတော့ မှန်အောင်လုပ်ပေးမှပေါ့ဗျာ။ အခုဟာက …

ခင်ဗျားတို့က အခုဟာက တစ်လလည်းမဟုတ်၊ နှစ်လလည်းမဟုတ်နဲ့ ခင်ဗျားတို့အတိုးလည်းမပေး အရင်းလည်းမဆပ်နိုင်နဲ့။ ရှစ်လရှိပြီဗျာ့။ ကျွန်တော့်ဘက်ကိုလည်း နည်းနည်းတော့ ကြည့်ပေးဦးဗျ …

တခြားကြွေးရှင်ဆို ခင်ဗျားတို့အိမ်သိမ်းပြီ။ ကဲ … ပြော အခု ဘယ်လိုလုပ်မလဲ။ ကျွန်တော် သူများပစ္စည်းကို မတရားမယူချင်ဘူး။ ခင်ဗျားတို့အတွက် သင့်တင့်တဲ့ငွေ ကျွန်တော် ပြန်အမ်းပေးလိုက်မယ်။ ဖြစ်လား … အဲဒီလိုဆို"

"ဟာ … အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ဒီအိမ်လေးက ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ရဲ့ မိဘအိမ်ဗျ။ အဲလိုတော့ မလုပ်နဲ့ဗျာ။ အဆင်ပြေအောင် ညှိပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးညသည် ဟူးခနဲ လေပူမှုတ်ထုတ်လိုက်ကာ သူတို့တွေကို စိတ်ပျက်စွာ ကြည့်လိုက်ပြီး ...

"ကဲ ... ဘယ်လိုညှိမှာလဲ။ အားလုံးက ခင်ဗျားတို့ဖောင်းလ်ချည်းပဲ။ ကျွန်တော် ထုံးစံအရဆို သိမ်းလိုက်လို့ရပြီ။ နောက် စာချုပ်ကလည်း အပီချုပ်ထားပြီးသား။ ကျုပ်သာ တကယ်လုပ်ရင် ခင်ဗျားတို့ လှုပ်လို့တောင်ရမှာ မဟုတ်ဘူး ...

ကျွန်တော်ကတော့ နောက်ဆုံး စကားကုန်ပြောလိုက်မယ်၊ ခင်ဗျားတို့ကို အချိန်ဘယ်လိုမှ မပေးနိုင်တော့ဘူး ကိုထိုက်။ ခင်ဗျားတို့ကို ထိုက်သင့်သလောက် ငွေပြန်အမ်းပေးလိုက်မယ်။ ခင်ဗျားတို့ ဆင်းတော့"

"ဟား ... အဲလိုလုပ်လို့ ရမလားကွ။ မင်းတို့က ပိုက်ဆံရှိတယ်ဆိုပြီး ထင်တိုင်းကြဲလို့ ရမလား။ ဒါ ငါတို့အိမ်ကွ။ လုံးဝမဆင်းပေးနိုင်ဘူး။ မင်းပိုက်ဆံကို မပေးဘူးပြောနေတာမှ မဟုတ်ဘဲ"

စကားတွေက ပြေရာပြေကြောင်း မလာဘဲ တင်းလာသောအခါ သူဟာ စိတ်တွေတိုလာကာ ဘာမှအပိုစကားမပြောတော့ဘဲ သူ့ရဲ့ family ရှေ့နေကိုပဲ တာဝန်လွှဲပေးလိုက်တော့သည်။





"ကဲ ... ဦးဇော်၊ လုပ်စရာရှိတာ လုပ်တော့။ ကျွန်တော်တို့က လမ်းကြောင်းအတိုင်းပဲ သွားနေတာ။ သူတို့ကိုကြည့်ပြီးတော့ ပြန်အမ်းပေးလိုက်ပါ။ သူတို့ပြောင်းသွားမှ ကျွန်တော့်ကို ဆက်သွယ်လိုက်တော့ ...

ကျွန်တော် သွားတော့မယ်"

သူက အပြတ်ပြောပြီး လှည့်ထွက်လာလျှင် အနောက်ကနေ သူ့နာမည်ကို လှမ်းခေါ်လိုက်၍ ခြေလှမ်းတို့ရပ်ပေးလိုက်ကာ သူတို့ ဘာပြောမလဲ နားထောင်ကြည့်လိုက်သည်၊

"ဟေ့ကောင် မိုးညကင်း၊ မင်း ထမင်းဝအောင်စားထား။ ငါတို့ဘဝပျက်အောင် ဖျက်တဲ့မင်းကို မင်းဘဝပျက်အောင် ငါ ပြန်ဖျက်ပြမယ်။ မင်း စောင့်နေ"

မိုးညသည် သွေးရူးသွေးတန်း ပြောနေတဲ့ စကားတွေအတွက် မထီတရီအပြုံး ပြုံးကာ ပခုံးတစ်ချက်တွန့်ပြပြီး ထွက်လာခဲ့တော့သည်။ ဘယ်အလုပ်ကိုမဆို ပြတ်သားရမည်ဆိုတာ သူ သဘောပေါက်ပါသည်။ အလုပ်လုပ်တိုင်း ပြတ်သားတဲ့သူဟာ ရွှေရေးခြယ်ကိုချိုးဖို့ကျတော့ အခုထိ မပြတ်သားနိုင်သေးပါ။

♥ ✧ ♥

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ရေး ကိုယ်ပါ။ အခု ဘယ်မှာလဲ"

သူက ဆိုင်ကနေ ရေးဆီကို ဖုန်းလှမ်းခေါ်ကာ ဒီညနေမှာချိန်းဖို့ လှမ်း confirm လုပ်တာဖြစ်သည်။ သူ ဒီနေ့ညနေမှာ ချစ်မြတ်နိုးကို My Garden မှာဆုံဖို့ ချိန်းထားပြီးသွားပြီ။ ချစ်မြတ်နိုးကတော့ သူချိန်းထားတာဟာ မှားတာရှိရင် တောင်းပန်ပါတယ် လုပ်ပြီး ဇာတ်လမ်းပြန်ဆက်မယ်လို့ ထင်နေသလား မသိပါ။ အမှန်တကယ်တော့ သူက ရေးနှင့်ဆုံစေဖို့ချိန်းလိုက်တာပဲဖြစ်သည်။ သူ့ကို ဘလိုင်းဖြတ်ပြီး ကစ်သွားတာကို ဒီနေ့မှာ သူက ပြန်ဖွဲ့မှာဖြစ်သလို သူ့အချစ်ရေးကို အနှောင့်အယှက်ပေးခဲ့သည့် ရေးကိုလည်း ချိုးနိုင်ပြီဖြစ်သည်။ ဒါကြောင့် သူမကို ညနေချိန်းရတာဖြစ်သည်။ သူမဆီက "ကုမ္ပဏီမှာလေ၊ ဘာကိစ္စရှိလို့လဲ"ဆိုတဲ့ အမေးကြောင့် သူဟာ ပြောဖို့ ခွင်တွေ့သွားတော့သည်။





"သြော် ... ဒီနေ့ညနေ အားလား လှမ်းမေးတာပါ"

"ဟယ် ... တူလိုက်တာ။ ကျွန်မလည်း ကို့ကို ခဏနေရင် ဖုန်းဆက်တော့မလို့။ ဒီညနေ အားလားဆိုပြီး မေးမလို့လေ။ အခုတော့ အတော်ပဲ။ ကိုက ဘယ်သွားချင်လို့လဲ"

"အင်း ... ဒီညနေ My Garden မှာ dinner စားရင်း တွေ့မလားလို့။ အဲဒါ ရေး အားလား"

"သြော် ... အားတာပေါ့။ ရေးကလည်း ဒီနေ့ညနေ ဘုရားသွားချင်နေတာဆိုတော့ အတော်ပဲ။ အင်း ... ဒီလိုလုပ်လေ။ ကိုနဲ့ ရေးနဲ့ ညနေ ရွှေတိဂုံသွားမယ်။ အဲဒီကနေ ဆက်သွားတာပေါ့"

အင်း ... ဘုရားသွားချင်တယ်တဲ့။ ဒီနေ့ညနေမှာပဲ သူတို့နှစ်ယောက်က ဇာတ်လမ်းပြတ်တော့မယ်ဆိုတာကို ရေးသာ သိရင် ဘယ်လိုနေလိမ့်မလဲ။ သူမရဲ့ power ဟာ အခုချိန်မှာကော တန်ခိုးပြသလား။ သူဟာ ရောက်တတ်ရာရာ အတွေးစကိုဖျောက်ကာ ရေးဆန္ဒကို လိုက်လျောပေးဖြစ်ပါသည်။

"အိုခေလေ ... အဲဒါဆို သုံးနာရီလောက် ကိုယ် ရေးဆီ လာခဲ့မယ်။ ဘုရားမှာ အေးဆေးဘုရားဖူးလို့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ... ကို။ ဟုတ်ပြီ ... အဲဒါဆို ငေ"

ရေးက နှုတ်ဆက်ကာ ဖုန်းချလို့သွားလေလျှင် သူ့ရင်ထဲမှာ တစ်မျိုးကြီးတော့ ဖြစ်သွားရပါသည်။ ဘာဖြစ်လို့မှန်းလည်းမသိ။ သူ့စိတ်ထဲမှာ တွေဝေစိတ်တစ်ခုက ကြီးစိုးထားတာဖြစ်သည်။

အဲဒီလိုစိတ်တွေ လေးနေရင်းကနေ ညနေပိုင်းကို ရောက်လာတဲ့အခါမှာ သူဟာ ရေးကိုသွားကြိုကာ နှစ်ယောက်အတူ ဘုရားတက်ဖြစ်ပါသည်။ ဘုရားဝတ်ပြုပြီးနောက်မှာတော့ အေးဆေးလှတဲ့ ဘုရားမြေမှာထိုင်ရင်း စကားစမြည်ပြောဖြစ်ခဲ့သည်။

"ဒီနေ့မှပဲ ကိုနဲ့ ဘုရားတက်ရတော့တယ်။ ရေးတို့ ချစ်သူဘဝမှာ ဒီတစ်ခါပဲ ဘုရားတက်ဖူးသေးတယ်။ အရမ်းအေးချမ်းတာပဲ"

မိုးညသည် အဲဒီလိုပြောလေသော သူမကို ငေးခနဲ တစ်ချက်ကြည့်လျှင် သူမက သူ့ကိုပြုံးပြကာ ...

"ကို ... ဒီနေ့ စကားနည်းသလိုပဲနော်။ ဘာလို့လဲ ... နေမကောင်းဘူးလား"





"မဟုတ်ပါဘူး။ ကောင်းပါတယ်"

"အင်း ... အဲဒါဆိုရင် ကို့ကို ကျွန်မ ပြောစရာရှိတယ်။ သေချာနားထောင်ပေးနော်"

သူဟာ ခေါင်းအသာညိတ်ပြလိုက်လျှင် ရေးကဆက်ပြောပါသည်။

"ကိုက ကျွန်မရဲ့စိတ်စွမ်းအားကို လုံးဝမယုံကြည်တဲ့သူနော်။ ကျွန်မကလည်း ကျွန်မရဲ့ power ကို အရမ်းယုံတယ်။ ကျွန်မ ကြိုသိချင်တဲ့ အဖြစ်အပျက်တစ်ခုရဲ့ရှေ့ဆက်အနာဂတ်ကို ကျွန်မ ကြိုမြင်နိုင်တယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ခဲ့တယ်။ ဒါပေမဲ့ အဲဒီယုံကြည်ချက်ဟာ အမြဲတမ်း မမှန်ဘူးဆိုတာ ကျွန်မ နားလည်လာပြီ"

ကြားရတဲ့စကားဟာ စိတ်ဝင်စားစရာပဲဖြစ်သည်။ ရေးဟာ ဘာအတွက် ဘာကိုရည်ရွယ်ပြီး ပြောချင်တာလဲဆိုတာ သူ မသိတဲ့အတွက် သူမ ဘာပြောမလဲဆိုတာကို ဆက်လက်နားစွင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကို့ကို ဟိုးတုန်းက ဟောခဲ့ဖူးတယ်လေ။ ကို့မှာ နဖူးစာ ပါမလာဘူးလို့။ အဲဒါ တကယ်ပဲ ကို။ ရေးအာရုံထဲမှာ ဖတ်ကြည့်တာ ကို့နဖူးမှာ ဘာစာမှ ပါမလာဘူး။ အခု ရေး စိုးရိမ်နေတာက ရေးတို့က တကယ်ဖူးစာဆုံမှာလား မဆုံမှာလား ဆိုတာကိုပဲ ...

ကိုကကျတော့ ရေးရဲ့ဖူးစာရှင်တဲ့။ လုံးဝအတိအကျပဲ။ ဒါပေမဲ့ ကို့အတွက် ဘယ်သူက ဖူးစာရှင်ဆိုတာမရှိဘူး။ အဲဒီအတွက် ရေးနဲ့ကို ဖူးစာပါလား မပါဘူးလား ဆိုတာကို ရေး အကြိမ်ကြိမ်အခါခါ အာရုံထဲမှာ ပေါ်လာအောင် ကြိုးစားကြည့်တာပဲ။ ဒါပေမဲ့ ... ဒါပေမဲ့ အဖြေ လုံးဝထွက်မလာဘူး။ ရေးတို့အနာဂတ်ကို ရေးလည်း ကြို မသိထားဘူး။ အဲဒီအတွက် တစ်ခုခု ချွတ်ချော်မှာကို သိပ် စိုးရိမ်တယ် ...

ဒါကြောင့်မို့လို့ ကိုနဲ့ ဖူးစာမလွဲအောင် ဘုရားသွား ကျောင်းတက် ကုသိုလ်အတူပြုနေတာ။ ကျွန်မကို နားလည် တယ်မှလားဟင်"





မိုးညသည် ရင်ဘတ်တစ်ခုလုံး ဆို့နင့်သွားတော့သည်။ ဖူးစာဆုံဖို့အတွက် သူမက ဒီလိုတွေ လုပ်နေတဲ့အချိန်မှာ သူက ရေးရဲ့မာနတွေကို ချိုးဖွဲ့ပစ်ဖို့ ကြိုးပမ်းနေခဲ့တဲ့သူ ဖြစ်လို့ နေသည်။ ပြီးတော့ ကြိုသိနေတတ်တဲ့ ရေးက ဒီတစ်ခါမှာ သူနဲ့ ရေး ဖူးစာပါ,မပါကို ဘယ်လိုမှ အာရုံခံကြည့်လို့ မရဘူးတဲ့။ ကံတရားက သိပ်ဆန်းပါသည်။ သူ့နဖူးမှာကျတော့ ဘာစာမှထည့် မပေးလိုက်ဘူးလား။ ရေးရဲ့နဖူးထက်မှာကျတော့ သူဖြစ်နေပြီး သူကျတော့ ဖူးစာတစ်ခြမ်းနှင့် ပေါင်းဖက်ဖို့ဆိုတာ ဖြစ်နိုင်ရဲ့လား။ အား ... ဟုတ်သားပဲ။ အရေးကြီးဆုံးတစ်ချက်ကို သူ မေ့နေခဲ့တာ။ သူ ရေးကို ချစ်ခဲ့ဖူးလား။ ဟင့်အင်း ... သူ့ဘာသာသူ တောင် သေချာရေရာစွာမသိ။ ချစ်လားဆိုတဲ့ မေးခွန်းဟာ သူ့ ရင်ဘတ်အတွက် တစ်ခါမှ မမေးခဲ့ဖူးပါပေ။

မိုးညသည် ဘာမှဆက်ပြောမနေတော့ဘဲ ရေးရဲ့လက် ဖျားလေးတွေကို ထွေးဆုပ်ကိုင်ကာ ...

"နားလည်ပါတယ် ရေးရယ်။ ကို နားလည်သွားပါပြီ"

သူ့ကိုချစ်တဲ့ သူမကို သူကချစ်လားဆိုတာ မသေချာ ခင်မှာ မာနကိုရိုက်ချိုးတော့မှာဖြစ်သည်။ သူ ရေးကို မြတ်နိုးနဲ့ ဆုံပေးသင့်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားကြရအောင်လေ ကို။ ဆာနေရောပေါ့"

ရေးက သွားဖို့လောဆောလေလျှင် သူဟာ ထုံပေပေ နှလုံးသားဖြင့်ပင် ဘာကိုဝေခွဲရမှန်းမသိစွာဖြင့် သူမကို မြတ်နိုးနဲ့ ဆုံပေးဖို့ My Garden အထိကို ခေါ်လာခဲ့မိတော့သည်။ ကားရပ်ပြီးသွားသောအခါ သူမက ကားပေါ်ကဆင်းတော့မည် အပြုမှာ သူက လှမ်းတားမိသွားသည်။

"ရေး ... ခဏလေး"

"ဘာလဲဟင် ကို၊ ဘာဖြစ်လို့လဲ"

ရေးက သူ့ကို မေးဆတ်၍ အမေးစကား၊ သူက အမှန်ကို တိတ်တဆိတ် ဝန်ခံမိသွားသည်။

"ရေး ... အကယ်၍ ဒီဆိုင်ထဲမှာ မြတ်နိုးရှိနေခဲ့မယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

ရေးရဲ့မျက်နှာမှာ အမိပ္ပာယ်ပေါင်းများစွာ ဖြတ်ပြေးသွားတာကို သူ မြင်ဖြစ်အောင် မြင်သွားသေးသည်။ ရေးက သူ့မေးခွန်းအတွက် တည်ကြည်လေးနက်သော အဖြေစကားတစ်ခွန်းကို ဖြေပေးလေသည်။





"ချစ်မြတ်နိုးကို ဟောပေးခဲ့တုန်းက ရေး သူ့ကိုစကားတစ်ခွန်း ပြောခဲ့ဖူးတယ်။ မိန်းမတစ်ယောက်အတွက် ကိုမိုးညလိုလူမျိုးဟာ မက်ကွက်တွေရှိပေမယ့် မက်လောက်စရာကောင်းတိုင်းလည်း သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို ဖန်တီးနိုင်မှာ မဟုတ်ဘူးဆိုပြီး ရေး သူ့ကိုပြောခဲ့တာ။ အဲဒါ အမှန်ပဲ၊ သူနဲ့ ကိုက ဖူးစာဖက်တွေမှမဟုတ်တာ။ လက်ထပ်ပြီးသွားမှ ဖူးစာမပါလို့ ကွဲသွားမယ်ဆိုရင် မိန်းကလေးဘက်ကပဲ နစ်နာမှာလေ။ ရေး သူ့ကိုပြောခဲ့တာတွေက အားလုံးစေတနာတွေပါ ...

သူ ဒီမှာရှိခဲ့မယ်ဆိုရင် ရေးနဲ့ ကို တွဲနေတာကို သူ မြင်သွားရင် ရေးကို အရမ်းရွံမှာ မုန်းသွားမှာ။ ဒါပေမဲ့လည်း ရင်ဆိုင်ရမှာပဲလေ ...

ကို့ကို ချစ်နေတာ တကယ်ပဲဟာကိုး။ အဲဒီတော့ မြတ်နိုးကို ရင်ဆိုင်ရမှာပဲ။ ပြီးတော့ ကိုကလည်း အဲဒီလို ဖြစ်စေချင်တာမှုလား"

ဟမ် ... သူ အရမ်းကို အံ့သြသွားရပါသည်။ ရေးကသိနေတယ်။ သူ ဒီအစီအစဉ်ကိုဆွဲပြီး သူမအနားကို ချဉ်းကပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တယ်ဆိုတာပါ သိနေတယ်ပေါ့။ မိုးညသည် အံ့အားသင့်လွန်းအားကြီးတော့ ဘာပြောရမှန်းမသိဘဲ တွေတွေကြီး ငိုင်နေတာကို နားလည်ပေးသော ရေးက ပြုံးတယ်ဆိုရုံလေး ပြုံးလိုက်ကာ ...

"ရေး နားလည်ပါတယ်။ ကို့နေရာမှာ ရေးဆိုလည်း ဒီလိုပဲ လုပ်မိမှာပဲလေ။ အဲဒီလိုဆိုရင်လည်း သိပ်ကောင်းမယ်။ ရေးဖြစ်ချင်တာက ဘာအနာဂတ်ကိုမှ ကြိုမသိတဲ့ သာမန်မိန်းမတစ်ယောက်ဘဝအဖြစ်နဲ့ ကို့ကို ရိုးရိုးလေးပဲ ချစ်ချင်တာ။ အခုတော့ ရေး သိပ်ကို proud ဖြစ်ခဲ့ရတဲ့ ဒီ power ဟာ ရေးရဲ့အချစ်အတွက် ကံခေစေတဲ့စွမ်းအားမျိုးဆိုတာ ရေး အခုမှ သဘောပေါက်သွားတာ။ ဘာပဲဖြစ်ဖြစ်လေ၊ ရေး ကျေနပ်ပါတယ်။ သွားစို့ ... ကို။ မြတ်နိုး စောင့်နေလောက်ပြီ"

ရေးက ကားတံခါးကိုဖွင့်ဖို့ လက်အလှမ်းမှာ သူဟာ သူ့ဘဝရဲ့အလင်းရောင်တစ်ခုကို သွားတွေ့လိုက်ပြီး ရေးရဲ့လက်ကို သူ ဆွဲယူပြီးနောက် သူမရဲ့ပခုံးလေးကိုကိုင်ကာ သူ့ဘက်သို့ ဆွဲလှည့်လိုက်ပြီး ရေးရဲ့မျက်ဝန်းတွေကို သေသေချာချာ စိုက်ကြည့်ကာ ...





"ရေး ... မင်းကို ကိုယ် တကယ်ပြောတာပါ။ ပြီးခဲ့တဲ့ အချိန်ကာလတွေကအထိ ချစ်တယ်ဆိုတာ မသေချာဘူး။ ဒါပေမဲ့ အခုကစပြီး လုံးဝသေချာသွားပြီ။ ကိုယ် မင်းကို သိပ်ချစ်တယ် ရေး။ ကိုယ့်နဖူးမှာ ရေးဖို့မေ့ခဲ့တဲ့စာဟာ မင်းပဲ ရွှေရေးခြယ်။ ကိုယ် မင်းကို ချစ်တယ်"

သူ့ရင်ထဲက လှိုက်လှိုက်လှဲလှဲ လာသောစကားတွေကို သက်သေပြဖို့ သူဟာ ရေးရဲ့နဖူးပြင်မှာ အနမ်းတစ်ခုခြွေချလိုက်သည်။ ရေးရဲ့ချစ်ခြင်းတရားတွေဟာ သူ့အတွက်တော့ တစ်ကမ္ဘာစာ တမ်းတရာဖြစ်သည်။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၂၀

ရွှေရေးသည် ဒီကနေ့ မနက်မိုးလင်းကတည်းက စိတ်တွေဟာ လေးလံထိုင်းမှိုင်းနေခဲ့တာဖြစ်သည်။ စိတ်တွေဟာ ယောက်ယက်ခတ်လှိုက် ပူလောင်နေလိုက်ဖြင့် အမျိုးမျိုး ဂနာမငြိမ်ဖြစ်နေတာကြောင့် ဘာများဖြစ်တော့မလဲဆိုပြီး ရင်ပူနေမိသည်။ အဲဒါဟာ အန္တရာယ်တစ်ခုရဲ့ ရှေ့ပြေးနိမိတ်ဆိုတာ ရွှေရေး သိနေသည်။

ဘာလဲ ... ဘာတွေလဲ။ အဲဒီလို နိမိတ်တွေမပြပါနဲ့။ အခုဆို ရွှေရေးဘဝရဲ့ အတောင့်တရဆုံးသော ချစ်သူရဲ့အချစ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပြီးပြီ။ အားလုံးဟာ အဆင်တပြေပြေ ချောမွေ့နေတာကို ဘာတွေက နိမိတ်ပြနေရတာလဲ။ ရွှေရေးသည် ပူလောင်ယောက်ယက်ခတ်နေပြီး လူက နေလို့မရတော့လောက်





အောင် စိတ်ကလေးနေတာမို့ ချက်ချင်းပင် ဘုရားစင်ရှေ့သွားကာ ဘုရားဝတ်ပြုလိုက်သည်။ အရင်တုန်းကဆို တရားထိုင်ရင် စိတ်ငြိမ်လှသော ရွှေရေးဟာ ဘယ်လိုမှ တရားထိုင်လို့လည်း မရဘူးဆို ငိုချင်လောက်သည်အထိ ထိတ်လန့်လာကာ ဘုရားဝတ်ပြုပြီးနောက် ဤသို့ တောင်းဆုပြုလိုက်၏။

"အရှင်ဘုရား ... ဘုရားတပည့်တော်မသည် ငယ်စဉ်ကလေးဘဝအရွယ်ကတည်းက ဘုရားဝတ်ပြုခြင်းကို တစ်ရက်မှ မပျက်ကွက်ခဲ့ပါ အရှင်ဘုရား။ တပည့်တော်မ၏စိတ်အစဉ်ပါရမီအရင်းခံကြောင့် တပည့်တော်မ၏ဝန်းကျင်မှ လူအများကိုလည်း အကျိုးပြုစေခဲ့ပါ၏ ဘုရား။ ဤမှန်သောသစ္စာတရားကို တိုင်တည်ခြင်းကြောင့် တပည့်တော်မ၏စိတ်ကို လေးလံစေသော နိမိတ်ပုံရိပ်အား အာရုံတွင် မြင်ယောင်လာပါရစေသား"

ရွှေရေးသည် လေးလေးနက်နက် အဓိဋ္ဌာန်ပြုဆုတောင်းသစ္စာပြုပြီးသည့်နောက်တွင်တော့ မျက်လုံးတွေကို တင်းတင်းစေ့ပိတ်ကာ စိတ်အာရုံတစ်ခုပေါ်ကိုနှစ်ကာ ဝင်လေထွက်လေမှတ်နေလိုက်သည်။ စက္ကန့်ပိုင်းအတွင်း၌ပင် ရွှေရေးရဲ့မြင်လွှာတွင်



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ် ထင်ဟပ်ပုံပေါ်လာသည်က တစ်ကွက်ချင်းစီဖြစ်သည်။ ပထမဆုံး လူအုပ်စုတစ်စုက အာရုံထဲတွင် ထင်ဟပ်လာသည်။ သူတို့တွေရဲ့အလယ်မှာ ရှိနေသူကတော့ ကိုမိုးညပဲ ဖြစ်လေ၏။ လူအုပ်စုက ရန်လိုနေဟန်ဖြင့် သူ့ကို ရန်မူနေသည်။ အန္တရာယ် နိမိတ်သည် တိတိပပ ရွှေရေးရဲ့အာရုံမှာ ထင်ဟပ်လာသည့် အတွက် ရွှေရေးသည် မျက်စိကိုပြန်ဖွင့်လိုက်ကာ ဘုရားကို ဦးချလိုက်ပြီးနောက် ချက်ချင်းပင် ဖုန်းခေါ်လိုက်တော့သည်။ ရွှေရေးရဲ့ရင်ထဲမှာ အရမ်းကိုပူလောင်နေရသည်။ ကျန်ရစ်နေတဲ့ပုံရိပ်တွေတောင် ဆက်မကြည့်နိုင်တော့ဘဲ သူ့ကို ပူပန်စိတ်ကြောင့် ဖုန်းခေါ်နေသည်မှာ ဖုန်းက စက်ပိတ်ထားသည်တဲ့။ ဟား ... ရွှေရေး နောက်ကျသွားပြီလား။ ရွှေရေးသည် ချက်ချင်းပင် သူ့အိမ်ဖုန်းကို လှမ်းခေါ်ပြန်တော့လည်း ဖုန်းက engage ပဲ ဖြစ်နေသည်။

ရွှေရေးသည် တွေးကြည့်တာထက် ပြေးကြည့်တာက ပိုမှန်မည်ဟု သတ်မှတ်ကာ အသည်းအသန်ပင် ဟိုဘက်ခြံသို့ ပြေးရလေသည်။ လူခေါ်ဘဲလ်ကို တီးသောအခါ ခြံစောင့်ဦးကြီးက တံခါးလာဖွင့်ပေးလျှင် ရွှေရေးသည် အူယားဖားယားပင် အိမ်





ထဲပြေးဝင်ကာ ဧည့်ခန်းထဲမှာ ပန်းအလှပြင်နေသော သူ့မေမေက မြင်လျှင် ...

“ဟယ် ... ရွှေရေး သမီး၊ ဘာဖြစ်လာတာလဲ”

“အန်တီ ... အန်တီ ... ကိုမိုးညကောဟင်”

“ရှိတယ်လေ သမီးရဲ့။ ဘာဖြစ်လို့လဲ”

ဟူး ... တော်ပါသေးရဲ့။ အခုမှပဲ ရွှေရေး ရဲရဲ အသက်ရှူနိုင်တော့တာဖြစ်သည်။ သူ ဘယ်မှမသွားသေးဘူးဆိုတော့ သူ့ကို ဒီနေ့ ဘယ်မှမသွားဖို့ တားရမည်။

“ဪ ... ဟဲ့ ... အနမ်း၊ သွားစမ်း ... မိုးညကို သွားခေါ်လိုက်”

အဲဒီအချိန်မှာ အနမ်းက ကျောပိုးအိတ်လွယ်ကာ ကျောင်းသွားဖို့ အောက်ဆင်းလာလျှင် အန်တီက လှမ်းမေးတော့ အနမ်းက အူတိအူကြောင် မျက်နှာပေးဖြင့် သူတို့ဆီသို့လျှောက်လာကာ ...

“ဟာ ... ဘွားဘွားကလည်း မနက်ခြောက်နာရီခွဲလောက်ကတည်းက အပြင်ထွက်သွားတာလေ။ ဒေါ်ကြီးမောကြီးနဲ့ကို ထွက်သွားတာ၊ သား မေးတာတောင် မဖြေဘူး”



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား။ အားလုံး နှောက်ကျကုန်ပြီလား။

ရွှေရေးသည် ခုံပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ကျသွားလျှင် အန်တီက ရွှေရေးကို ခပ်ဖွဖွလှုပ်နှိုးကာ ...

"သမီး ... သမီး ဘာဖြစ်လို့လဲဟင်။ အန်တီ ရင်တွေမောလိုက်တာ"

"အန်တီ ... သမီး အာရုံထဲမှာ မနက်မိုးလင်းကတည်းက လေးနေတာ။ အဲဒါ ... အဲဒါ ကိုမိုးည အန္တရာယ်တစ်ခုခု ရှိနေပြီ အန်တီ။ အနမ်း ... သူ ဘယ်သွားမယ်ပြောသွားလဲ။ အစ်မ သူ့ဖုန်းကိုဆက်တာ စက်ပိတ်ထားတယ်"

"ဘုရား ... ဘုရား၊ ဒုက္ခတွေတော့ များကုန်ပါပြီ၊ မြေးလေး ... အနမ်း ... မိုးည ဘယ်သွားမယ် ပြောသွားလဲ"

"ဟာ ... သား မသိဘူး။ မနက်က သား အိပ်ရာကနိုးတော့ ကင်း ဖုန်းပြောနေတာ ဒေါ်ကြီးမောကြီးနဲ့။ ပြီးတော့ ဖုန်းပြောပြီးတာနဲ့ သားကို ငါ အပြင်သွားဦးမယ်ဆိုပြီး ထွက်သွားတာပဲ။ သား မေးတာလည်း လုံးဝမပြောဘူး"

"ဟယ် ... ဒီတိုင်းဆိုတော့ သေချာနေပြီပေါ့။ ဘုရားရေ ရွှေရေး ... သမီးရယ် လုပ်ပါဦး"





ရွှေရေးသည် မျက်ရည်တွေ ရစ်ဝဲလာတာကို မျက်တောင်ဖြင့် ပုတ်ထုတ်လိုက်ပြီး စိတ်ကိုငြိမ်အောင် အရင်ဆုံးထားလိုက်ပြီးမှ မျက်ဝန်းတွေကို မှေးမှိတ်လိုက်သည်။ စိတ်တွေရှုပ်လွန်း၍ ဘာမှ ထင်ထင်ရှားရှား ပြတ်သားမှုမရှိခင်မှာ အနမ်းက ဆတ်ခနဲ ထအော်ပြောလိုက်သည်။

"ဟား ... ကျွန်တော် သိပြီထင်တယ်။ ခဏလေး ... ကျွန်တော် သွားရှာလိုက်ဦးမယ်"

အနမ်းက သွက်လက်လျှင်မြန်စွာ အပေါ်ထပ်ကို တက်သွား၍ ငါးမိနစ်လောက် အကြာမှာတော့ အောက်ပြန်ဆင်းလာကာ စာရွက်ပိုင်းလေးတစ်ခု ယူလာ၍ ...

"ဒီမှာ ... ကင်းရေးခဲ့တဲ့ လိပ်စာ,စာရွက်အောက်မှာ အရာထင်ကျန်နေတယ်၊ ကျွန်တော် ခဲနဲ့ပြန်ရေးကြည့်တာ ရပြီ"

ရွှေရေးသည် လိပ်စာရတာနှင့် ချက်ချင်းပင်သွားဖို့ စီစဉ်ရတော့သည်။ အနမ်းနှင့် ရွှေရေးက ကားတစ်စီးသွားမှာဖြစ်ပြီး ရွှေမှုန်တို့နှင့် အန်တီတို့ကို အနောက်မှလိုက်လာခဲ့ဖို့မှာကာ အဲဒီလိပ်စာအတိုင်း လိုက်လာခဲ့တော့သည်။ နာရီဝက်ကျော်လောက်



www.burmeseclassic.com

www.burmeseclassic.com



မောင်းခဲ့အပြီးမှာ ရွှေရေးတို့ဟာ အဲဒီလိပ်စာအတိုင်း ရောက်လေသည်။

ထို့အတူ စိတ်တွေကလည်း လေးသထက်ကို လေးလာခဲ့ပေသည်။

"မမ ... မမ ကားပေါ်မှာ နေခဲ့လိုက်ပါလား။ ဒီနေရာက မြစ်ဆိပ် ပြီးတော့ လူကလည်း လုံးဝရှင်းနေတာ အန္တရာယ်များတယ်။ ကျွန်တော် အရင်သွားကြည့်လိုက်မယ်"

"ဟင့်အင်း ... အနမ်း၊ တို့လည်း လိုက်မယ်။ အားလုံး အတူတူပေါ့"

ရွှေရေးတို့သည် ကားပေါ်ကဆင်းကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လျှင် လူသူကင်းမဲ့နေတဲ့ မြစ်ဆိပ်တစ်ခုဖြစ်ပြီး ဘယ်နေရာဆိုတာတောင် အတိအကျ မသိပါ။ မှန်းဆပြီး လျှောက်လာတဲ့ ခြေလှမ်းများဟာ ကြာလေလေလေဆိုတာ အာရုံမှာသိနေသော်လည်း အားတင်းထားပြီး သူ့ကိုအရရှာရမည်။ အရမ်းအန္တရာယ်များနေတဲ့ အချိန်မှာ ရွှေရေး သူ့အနားမှာရှိပေးမှ ဖူးစာဖက်ကောင်း ပီသမှာပေါ့။





ကို ... ရှင် ဘယ်မှာလဲ။

ရွှေရေးရဲ့ကိုယ်စောင့်နတ်ရေ ... ရွှေရေးချစ်တဲ့သူ့ကို ဘေးအန္တရာယ်ဆိုးတွေက ကာကွယ်ပေးပါ။ သူ့ကို ဘယ်လိုနည်းနဲ့မှ အထိခိုက်မခံနိုင်လို့ပါ။

ရွှေရေးသည် စိတ်ထဲက တတွတ်တွတ် ဆုတောင်းရင်း ခြေလှမ်းတွေက ဦးတည်ရာမဲ့စွာလျှောက်ကာ သူ့ကိုရှာဖွေနေမိသည်။

ကို ... ဘယ်မှာလဲ ? ... ဘယ်မှာလဲ ? ။

♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com



မိုးညသည် ကိုယ့်ပတ်ပတ်လည်မှာ ဝန်းရံထားတဲ့ ကောင်တွေကို ဒေါသူပုန်တွေ ထစ္စာဖြင့် စိန်ခေါ်ပစ်လိုက်သည်။

"ဘာဖြစ်လဲ ... ဟေ့ကောင်။ မင်းအဖေ ငါရောက်လာပြီ။ ကဲ ... ပြော။ မင်းက ဘာဖြစ်ချင်တာလဲ ငထိုက်"

"အေး ... ကြိုက်တယ်။ အဲဒီလိုပြောချင်လို့ မင်းကို ဒီ ချိန်းထားတာ။ ဒီမှာ ဟေ့ကောင် မိုးညကင်း၊ မင်းလုပ်လိုက်လို့ ငါတို့ညီအစ်ကိုနှစ်ယောက် လမ်းဘေးရောက်ခဲ့တာ မင်း မှတ်မိတယ်မှလား ...

ငါတို့ဘဝကို ဖျက်ဆီးတယ်၊ မင်းကို ဒီနေ့ အပြတ်ရှင်းချင်လို့ကို ခေါ်လိုက်တာ"

သူဟာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ သူတို့ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ...





"မင်းတို့ ရပ်တည်လို့ရလောက်တဲ့ ငွေကြေးကို ငါအမ်းထားပြီးသား။ မင်းသိထားဖို့က ငါဆိုတဲ့ကောင်က အခု မင်းချိန်းတဲ့နေရာကို တစ်ကိုယ်တော် လာရဲတယ်ဆိုကတည်းက ငါ့ဇကို မင်းသဘောပေါက်ထား ငထိုက်"

"ဩော် ... ဟုတ်လား။ အေး ... မင်းဇကို ငါက ဟောဒီလို ရိုက်တယ်ကွာ"

ငထိုက်ရဲ့လက်သီးက သူ့မျက်နှာသို့ ဝင်ချလာလျှင် သူဟာ ညာဘက်သို့ အသာယိမ်းကာ သူ့ဗိုက်နားကို ခြေထောက်နှင့် ဆောင့်ကန်လိုက်သောအခါ ငထိုက်က နောက်သို့လန်သွားလျှင် နောက်တစ်ယောက်က တက်လာပြန်၏။ ငါးယောက်တစ်ယောက် ဖြစ်နေသော သူဟာ အဲဒီကောင်တွေကို အသေအကြေ ဖိုက်ပေမယ့်လည်း ကြာလာတော့ အားကလျော့လာ၏။ အဲဒီအချိန်မှာ သူ့အတွက် ခွန်အားတစ်ခုကို ရလာစေတာကတော့ အသံတစ်ခုကြောင့်ပဲဖြစ်သည်။

"ကိုရေ ... ကို"

"အား ... ခွေးမသားတွေ သေပေတော့"



www.burmeseclassic.com

www.burmeseclassic.com



အနမ်းက အင်တိုက် အားတိုက် ပြေးဝင်လာကာ သူပါ အဲဒီကောင်တွေကို ဝင်ဖိုက်တာမို့ မိုးညအတွက် တအား ဖြစ်စေသည်။ ဒါပေမဲ့ သူ့ရင်ထဲမှာ ပူပန်နေတာ ဟိုကောင်အကြံ သမား ထိုက်က ရေးကို တစ်ခုခုလုပ်လိုက်မှာ စိုးတာပဲဖြစ်သည်။ ဒါကြောင့် သူဟာ ထိုက်ကို အလွတ်မပေးဘဲ အလဲထိုးပစ်လိုက် သည်။ သူက ဒေါသထွက်ထွက်ဖြင့် လဲကျသွားတဲ့ ထိုက်အလှည့် ပြီးလျှင် နောက်တစ်ကောင်ကို သူက ဆက်ဖိုက်နေစဉ် သူ့နောက် ပါးမှာ အသံတစ်ခုနှင့် အသံထက်မြန်တဲ့ အထိအတွေ့ကိုခံစား ရလိုက်တာကတော့ သူ့နောက်ကျောပြင်ကို ဖြုန်းခနဲ သိုင်းဖက် ခြင်းပဲဖြစ်သည်။

"ကို ... အနောက်မှာ ... အား"

သူ့ရဲ့နောက်ကျောကို ဖြုန်းခနဲအဖက်မှာ အား ... ဆိုသော အသံနှင့်အတူ ချက်ချင်း ခွေခနဲ ဖြစ်သွားပြီဆိုကတည်းက သူဟာ သွားပြီဆိုတာကို သိလိုက်ကာ ချက်ချင်းပင် သူ့ကိုဖက် ထားတဲ့လက်တွေကိုခွာကာ အဲဒီဘက်ကို မျက်နှာမူ၍ သူ့အစား ဓားထိုးခံသည့် ရွှေရေးကို ဆီးပွေ့ထားကာ သူပါ ဒူးထောက်ကျ သွားသည်။





"ကင်း ... အနောက်မှာ"

အဲဒီအသံကို ကြားလိုက်သော်လည်း သူဟာ ရေးကို ပူပန်နေတဲ့စိတ်နှင့် ဆို့တက်လာတဲ့ ဝမ်းနည်းမှုကြောင့် ရှောင်တိမ်း ချိန်မရလိုက်ဘဲ ခေါင်းက ပူခနဲဖြစ်သွားသည်။ သူ့နားထင်တစ် ဝိုက်ကနေ စီးကျလာတဲ့သွေးတို့ကို ဂရုမစိုက်နိုင်ဘဲ ရေးကိုသာ အဆောတလျင် ခေါ်နေမိသည်။ အဲဒီအချိန်မှာ အုပ်စုလိုက်ချီတက် လာတဲ့အသံတွေ ကြားရလျှင် သူတို့ကို ကယ်ဆယ်မည့်သူတွေ ရောက်လာပြီဆိုတာ သိလိုက်ပေမယ့် ဘာကိုမှ ဂရုမစိုက်နိုင်ဘဲ သူ့လက်ထဲက ရေးကိုပဲ တတွင်တွင် အော်ခေါ်နေမိသည်။

"ရေး ... ရေး ... ရေး အားတင်းထားနော်။ ဘာမှမဖြစ် ဘူး"

"အာ ... ရေးက ဘာမှမဖြစ်ဘူး။ ကိုသာ ခေါင်းမှာသွေး တွေနဲ့။ သွေးထွက်လွန်သွား ... အား ... လိမ့်မယ်"

"ရေး ... ရေး ... ကိုယ် မင်းကို သိပ်ချစ်တယ်နော်။ ရေး နဲ့ ဘယ်တော့မှ မခွဲဘူး။ ကိုယ့်နဖူးစာက ရေးပဲနော်"

ရေးက သူ့ရဲ့လက်တွေကို တင်းတင်းဆုပ်ကိုင်ထား ကာ မေးစင်းချင်လာသည့် မျက်လုံးတွေဖြင့် သူ့ကိုငေးကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



လူက ဖျော့တော့လာ၏။ ရေးကို တင်းတင်းဖက်ထားတဲ့ သူ့လက်တွေဟာလည်း တဖြည်းဖြည်း အားလျော့လာတော့သည်။ ဒဏ်ရာတွေကိုယ်စီနှင့် သူတို့ရင်ထဲမှာ သေသွားခဲ့ရင်လည်း သေပျော်ပြီဖြစ်သည်။

ရေး ကြိုမသိခဲ့တဲ့ ရေးအနာဂတ်ဟာ ကိုနှင့်ဖူးစာပါလား မပါဘူးလားဆိုတဲ့ မေးခွန်းအတွက် ပေါင်းဖက်နိုင်မလား မပေါင်းဖက်နိုင်ဘူးလားဆိုတာ အရေးပါနေခဲ့ပါသည်။ သေချာတာကတော့ သူကော ရေးကော အခုနေများ ့သေသွားခဲ့ရင် သူ့ဝိညာဉ်ကလည်း ရေးအနားမှာ၊ ရေးဝိညာဉ်ကလည်း သူ့အနားမှာ မခွဲတော့ဘဲ ရှိနေမှာဖြစ်သည်။ အဲဒါဆိုရင် နဖူးစာဆိုတဲ့ ကန့်သတ်ချက်ဆိုတာလည်း မလိုအပ်တော့၊ သူနှင့်ရေး ဘယ်လိုမှ မဝေးတော့ဘူးဖြစ်သည်။

♥ ✧ ♥







ပုံပြင်ထဲက ရေးနဲ့ မိုးညကတော့
သူတို့ တစ်နေ့ပေါင်းဖက်ရပါစေလို့
ဆုတောင်းသစ္စာပြုပြီး
ဝေးသွားကြတယ်။

ရာစုနှစ်တွေ ပြောင်းလဲပြီးနောက်မှာ ...

စိတ်သွားမြေကြီးပေါ်မှာ နေထိုင်တဲ့
ရေးနဲ့ မိုးညကတော့ ဘယ်တော့မှ မဝေးဘူးလို့
သစ္စာပြုပြီး
။ ? ... ... ? ။


♥ ✧ ♥



www.burmeseclassic.com

www.burmeseclassic.com








## ၂၁

ရေးဟာ သူ့အတွက် မရှိမဖြစ်ဆိုတာ သူအရမ်းအရမ်းကို နားလည်သွားသောအခါ အားလုံးဟာ အဆင်ပြေချောမွေ့စရာတွေချည်းပဲ ဖြစ်သွားတော့သည်။ ပြီးတော့ သူ့အပေါ်ကို အသက်ပေးပြီးတော့တောင် ချစ်ရဲတဲ့ရေးဟာ ဒဏ်ရာကြောင့် ဆေးရုံတက်နေတဲ့ အချိန်ကာလတစ်လျှောက်လုံးမှာ ရေးအနားက တစ်ဖဝါးမှမခွာဘဲ ရှိနေခဲ့သည်။ လူကြီးတွေကလည်း သူတို့နှစ်ယောက်ကို သဘောပေါက်သွားသောအခါ မေမေက ဤသို့မှတ်ချက်ပြုပေးပါသည်။

"မိုးည ... သား၊ မင်းအပေါ်မှာ သိပ်ချစ်တဲ့ ရေးလိုမိန်းကလေးမျိုး နောက်တစ်ယောက် ထပ်မရနိုင်ဘူးနော်။ ရွှေရေးကော မင်းကော မငယ်ကြတော့ဘူး။ ရွှေရေး နေကောင်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီဆိုတာနဲ့ မင်းတို့ကိစ္စကို မေမေတို့ လူကြီးတွေ အားလုံး စီစဉ်ပေးမယ်"

အဲဒီအတွက် သူဟာ ငြင်းဆန်ခြင်း မရှိတော့ဘဲ ဒဏ်ရာကြောင့် မှိန်းနေသည့် ရေးကို ပြုံးကြည့်ရင်း အသာငေးနေမိတော့သည်။ ဟုတ်တယ် ... ရေး။ ကိုယ့်အပေါ်မှာ မင်းလိုချစ်နိုင်မယ့် မိန်းကလေးမျိုး မရှိနိုင်ဘူး။ တကယ်ဆို သူ့ဘဝမှာ ရည်းစားတွေ အများကြီးထားခဲ့ဖူးတာဖြစ်သည်။ ရေးကိုကျတော့ ချိုးဖို့တွဲရင်းကမှ တကယ်တွယ်ငြိသွားတာဟာလည်း ရေးရဲ့အချစ်ကြောင့် ဖြစ်ပါသည်။ သူ့ကိုယ်စား ဓားထိုးခံလိုက်တဲ့ ရေးဟာ ကံကောင်းထောက်မစွာဖြင့် အသက်အန္တရာယ် မထိခိုက်ခဲ့တာ ဖြစ်သည်။ မတော်တဆများ ရေးသာ တစ်ခုခုဖြစ်သွားရင် သူ ရင်ကျိုးရမှာ။

အခုတော့ ဒုက္ခတွေအားလုံး ကင်းစင်သွားပြီး အကောင်းတွေချည်း စုပုံလာမည့် အချိန်ကာလသို့ ရောက်ရှိလာပေပြီ။ ရေး လုံးဝနေကောင်းပျောက်သွားသောအခါ သူဟာ ရေးရဲ့ခြံထဲသို့သွားကာ လက်ထပ်ခွင့်တောင်းတော့ ရေးက သူ့ကိုမျက်စောင်းတစ်ချက်ချီ၍ ...





"ဟင်း ... ချက်ချင်းကြီးပါလား။ ဘယ်လိုဖြစ်တာလဲ"

"အင်း ... ဘယ်လိုဖြစ်သွားရတာလဲဆိုတော့ ရေးကို မခွဲနိုင်အောင် ချစ်မိသွားလို့။ လူကြီးတွေကလည်း သဘောတူပြီးသားပဲဆိုတော့ ကိုယ်တို့ အမြန်ဆုံးလက်ထပ်ကြရအောင်နော်"

မိုးညက သူ့ခံစားချက်တို့ကို ဖွင့်ဟပြောလိုက်လျှင် ရေးက ပြုံးတုံ့တုံ့ မျက်နှာထားဖြင့် သူ့ကိုပြောသည်မှာ ...

"ခဏလေးစောင့်ပါဦး ကို။ ရေးတို့ ဖူးစာပါ၊မပါ ဘာမှ သေချာပြောလို့ မရသေးဘူး"

"ဟာ ... ဘာလို့မပါရမှာလဲ။ ရေးပြောပြောနေကျ ကိုယ့်နဖူးမှာ စာမပါဘူး ဆိုတာလေ။ အခု ပါသွားပြီ၊ မယုံရင် ရေး အာရုံခံကြည့်လိုက်ပါလား၊ ကိုယ့်နဖူးစာက ရေးတဲ့"

"အမယ် ... တယ် ဟုတ်နေပါလား။ ရေးကို ယုံသွားပြီ ပေါ့လေ"

"လုံးဝယုံသွားပြီ ရေး၊ ရေးရဲ့ Supernatural power ကိုကော ကိုယ့်နဖူးစာကိုကော အားလုံးယုံသွားပြီ။ အရင်တုန်းက ရေးကို မယုံသလိုလို လုပ်ခဲ့တာတွေအတွက် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အရမ်းနောင်တရတယ်။ အဲဒါကြောင့် ကိုယ့်ကိုလက်ထပ်ပါတော့နော်"

"ဟင်း ... ဖြစ်ရပြန်တယ် ချက်ချင်းကြီး။ အမ်း ... ဒီလိုလုပ်။ ရေး အခု စမ်းသပ်စရာလေးတစ်ခုရှိတယ်။ အဲဒီစမ်းသပ်မှုလေး Ok သွားတယ်ဆိုရင် ကိုနဲ့ လက်ထပ်မယ်...

ဒီစမ်းသပ်မှုလေးက ရေး အာရုံမှာ မြင်နေတဲ့ စမ်းသပ်မှုပါ။ အဲဒီအတိုင်း တကယ်ဖြစ်လာမယ် ဆိုရင်တော့ ကို ပြောသလိုပဲ ကို့ နဖူးမှာ တကယ့်စာပေါ်လာပြီဆိုတာ လက်ခံလိုက်လို့ရပြီ"

ရေးရဲ့အထူးအဆန်းစကားကြောင့် သူက အံ့သြသွားကာ သူ့နဖူးသူ ယောင်ယမ်းစမ်းမိသွားပြီးနောက် မေးဆက်ပြကာ ...

"ဘယ်လို စမ်းသပ်မှာလဲ"

"လာ ... ဘုရားခန်းထဲသွားမယ်"

ရေးက သူ့လက်ကိုဆွဲကာ သူ့မအိမ်ရဲ့ဘုရားခန်းထဲသို့ သူ့ကိုခေါ်သွားလေသည်။ ပြီးသွားလျှင် ပုဆစ်ဒူးတုပ်ထိုင်ချကာ သူ့ကို တစ်ချက်ငဲ့ကြည့်၍ ...



BURMESE CLASSIC .com



"မျက်စိမှိတ်ထားပြီး ဘုရားကို သေချာအာရုံပြုထားနော်။ ပြီးတော့ ဖြစ်ချင်တဲ့ဆန္ဒကို ဆုတောင်းလိုက် ရေးလည်း ဆုတောင်းလိုက်မယ်"

သူက ခေါင်းတစ်ချက် ညိတ်ပြကာ ရွှေရေးပြောတဲ့အတိုင်း သေချာအာရုံပြုကာ ရွှေရေးနဲ့ အမြန်ဆုံး လက်ထပ်ပေါင်းသင်းရပါလို၏ဟု ဆုတောင်းလိုက်စဉ်မှာ ရွှေရေးကတော့ သစ္စာအဓိဋ္ဌာန်ပြု၍ စမ်းသပ်မှုကို စတင်လေသည်။

"အရှင်ဘုရား ... ဘုရားတပည့်တော်မသည် ကိုမိုးညကို ချစ်ခြင်းတရားအပြည့်ဖြင့် တန်ဖိုးထားခဲ့ပါသည်။ ကိုမိုးညရဲ့နဖူးထက်တွင် မေ့နေခဲ့သော နဖူးစာပြန်လည်ထင်ဟပ်အသက်ဝင်လာစေချင်သော ဆန္ဒကြောင့် တပည့်တော်မသည် သူ့အတွက် အသက်တောင် ပေးဝံ့ကာ ချစ်နိုင်ခဲ့ပါသည်။

ဤမှန်သော သစ္စာတရားကြောင့် တပည့်တော်မနှင့် ကိုမိုးည ဒီဘဝ၌ ဖူးစာဆုံ လက်ထပ်ခွင့်ရပါရစေ အရှင်ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေရေးသည် ဘုရားကို သစ္စာပြု ဦးချပြီးနောက် ရွှေရေးကို စောင့်ရှောက်ပါသည့် ကိုယ်စောင့်နတ်ကို တိုင်တည်လေသည်။

"ကိုမိုးညသည် ကျွန်မ၏ဖူးစာရှင်ဖြစ်ပါသည်ဟု ကျွန်မ၏ အာရုံတွင် အတိအကျ သိခဲ့ပါသော်လည်း ကျွန်မသည် ကိုမိုးညဖူးစာရှင် ဖြစ်သည်ဟု အာရုံတွင် မထင်ဟပ်ခဲ့ပါ။ ကျွန်မကို စောင့်ရှောက်ပါသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များရှင် ... ကျေးဇူးပြုပြီး ကျွန်မဟာ သူ့ရဲ့ဖူးစာရှင်ဖြစ်ခဲ့လျှင် ထူးခြားတဲ့နိမိတ်ကောင်းတစ်ခု ပြပေးပါ။ နိမိတ်ကောင်းတစ်ခုပြပေးပါ"

ရွှေရေးသည် ဆုတောင်းပြီးသွားသည့်နောက် မျက်လုံးတွေကို ပြန်ဖွင့်လိုက်လျှင် ရွှေရေးကို ထိုင်စောင့်နေသည့်သူ့ကို တွေ့လိုက်ရသည်။ ရွှေရေးက အသာပြုံးပြလိုက်ပြီး ...

"ကဲ ... ရပြီ အောက်ပြန်ဆင်းစို့။ မေမေတို့နဲ့ စကားသွားပြောရအောင်"

သူက ဆတ်ခနဲ ကုန်းအထမှာ သူ့အင်္ကျီအိတ်ကပ်ထဲကဖုန်းက ဘုတ်ခနဲ ကြမ်းပြင်ပေါ်ကို ပြုတ်ကျလေသည်။ အဲဒီ





မှာပင် ရွှေရေးကလည်း ပြုတ်ကျသွားသော သူ့ဖုန်းကို ငုံ့အကောက် သူကလည်း သူ့ဖုန်းကို ပြန်ကောက်တာနှင့်ဆုံကာ ဖုန်းကိုမကောက်မိဘဲ ရွှေရေးတို့ နဖူးချင်း ခွပ်ခနဲ တိုက်မိသွားကြလေသည်။ အဲဒီတခဏမှာ ရွှေရေးနားထဲ၌ အသံတိုးတိုးလေးတစ်ခု ကြားလိုက်ရပါသည်။

"အဲဒါ အသင်တို့အတွက် ကျွန်ုပ်၏ဖူးစာဖန်တီးမှုပဲဖြစ်သည်။ အသင်တို့ ဖူးစာဆုံသွားကြပြီ"

ရွှေရေးသည် အိပ်မက်ဆန်သော အဲဒီအသံကို ကြားရပြီးသွားသောအခါ အရမ်းကို ကျေနပ်ပျော်ရွှင်သွားမိသည်။ ကိုယ့်ကိုစောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကောင်းရဲ့ဖန်တီးပေးလိုက်သည့် ဖူးစာသည် ရွှေရေးအတွက်တော့ ကျေနပ်စရာပင်ဖြစ်သည်။

သူကတော့ ဘာမှမသိရှာဘဲ သူ့နဖူးသူ အသာပွတ်ကာ ပြုံးစိစိမျက်နှာဖြင့် ...

"ရေးနဲ့ ကိုယ် နဖူးချင်း တိုက်မိတာ နှစ်ခါရှိပြီနော်"

ပထမတစ်ခါက တိုက်မိသွားတာတုန်းက ရွှေရေးသူ့ကို အဖြေပေးတဲ့နေ့ကဖြစ်သည်။ ဒါကို မှတ်မှတ်ရရရှိနေသည့် သူက သူ့အတွေးနှင့်သူ နိမိတ်ကောင်းသည်ဟု ယူဆကာ ရွှေရေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပြောလျှင် ရွှေရေးသည် ချက်ချင်းပင် ခေါင်းတစ်ချက်ဆတ်ပြကာ ...

"ဟုတ်ပါ့ ... အရင်တစ်ခါက အဖြေပေးတယ်၊ ဒီတစ်ခါက လက်ထပ်ခွင့်ပေးမယ်"

"ဟင် ... တကယ်"

ရွှေရေးက ခေါင်းတစ်ချက် ဆတ်ပြကာ သူ့ကို မထင်မှတ်ဘဲ အဖြေပေးလိုက်လျှင် သူဟာ အံ့သြနပန်းဖြင့် တော်တော်ဝမ်းသာသွားပုံရပါသည်။ ရွှေရေး ယုံကြည်လေသော အချစ်သည် သူ့နဖူးမှာ စာပေါ်စေဖို့ပဲဖြစ်သည်။ အခုဝေ အားလုံး အဆင်ပြေချောမွေ့သွားကာ သူ့ရဲ့ မေ့နေခဲ့တဲ့ နဖူးဟာ လည်း ပြန်ပေါ်လာခဲ့ပြီ။ အဲဒါဟာ ရွှေရေးခြယ်ဆိုတာ သနား လည်သွားအောင် နောက်မှပဲ ပြောပြပါတော့မည်။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ

2nd Sep - 2011.
9:30 Am

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉၊ (မြေညီ) ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com